မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (၈မွမ္ပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၁၀ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၀၁၀)

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း

ဒီနေ့ အခုနောက်ဆုံး ကိုဗစ်အခြေအနေကို ပြည်သူလူထုကို တင်ပြဖို့ ဖြစ်ပါတယ်။ နောက်ဆုံးအခြေအနေဟာ အားလုံးသိတဲ့အတိုင်းပါပဲ။ ကိုဗစ် ရောဂါရှိတဲ့သူတွေ တွေ့ရှိနှုန်းက ချက်ချင်းတော့ မကျသေးပါဘူး။ အဲဒါဟာ လည်း မြန်မြန်ဆန်ဆန် စမ်းသပ်နိုင်တဲ့ Test Kit တွေရှိလို့လည်း ဖြစ်ပါတယ်။ အခုဆိုတော့ ကျယ်ကျယ်ပြန့်ပြန့်ကြီးကို စမ်းသပ်နေနိုင်ပါတယ်။ အဲဒီလို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်လိုက်တဲ့အခါ ဘာတွေ့ရလဲဆိုတော့ လုံးဝရောဂါ လက္ခဏာ မရှိတဲ့သူတွေမှာ ရောဂါရှိတယ်ဆိုတာ တွေ့ရတယ်။ ဒါကတော့ ကျွန်မတို့ အစကတည်းက သတိပေးနေတာပါ။ နှစ်လ၊ သုံးလလောက် ကတည်းက ဂုဝ ရာခိုင်နှုန်း နီးပါးလောက် ရောဂါရှိတဲ့လူတွေဟာ ရောဂါ လက္ခဏာ မပြပါဘူးဆိုပြီးတော့ ပြောခဲ့ပါတယ်။ အဲဒါလည်း တစ်ခါမက ပေါ့နော်၊ တစ်ကြိမ်မက သတိပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း အများက သိပ်ပြီး သတိမပြုမိဘူးလား မသိဘူး။ အခုကျမှ ပကတိကျန်းမာတဲ့ ပုံစံနဲ့ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ရောဂါရှိတယ်ဆိုတာ တွေ့ရလို့ အံ့အားသင့်ကြပါတယ်။ ဒါပေမယ့် ဒီလိုရောဂါလက္ခဏာမပြတဲ့ ပုဂ္ဂိုလ်တွေဆီကနေ ကူးစက်မှုကတော့ ပိုများလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းက စိတ်ချလက်ချနဲ့ သူတို့နဲ့ ထိတွေ့မှုရှိရင်တော့ ရောဂါဖြစ်မှာ မဟုတ်ဘူးလို့ ထင်ကြတယ်။

ဒါကြောင့် အားလုံးကိုတော့ တစ်ယောက်နဲ့တစ်ယောက်ကနေ ဘယ်သူ မဆို ရောဂါရှိနိုင်တယ်ဆိုတဲ့ အမြင်နဲ့တော့မြင်ရမှာပဲ။ ဒီလိုပြောခြင်းဟာ သံသယမျက်စိနဲ့ ကြည့်ဖို့မဟုတ်ပါဘူး။ သတိနဲ့ကြည့်ဖို့ဆိုလိုတာပါ။ အခု ဆိုရင် ပိုပိုပြီးတော့ ဒီရောဂါကို ကာကွယ်ဖို့အတွက် ဘာလုပ်ရမလဲဆိုတာ မြင်လာပါတယ်။ မြင်လာတဲ့တစ်ချိန်တည်းမှာပဲ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်စရာတွေဟာလည်း တွေ့လာရတာပေါ့။ ဥပမာဆိုရင် ကုန်တင်ကားတွေနဲ့ ပတ်သက်လို့

စာမျက်နှာ ၃ ကော်လံ ၁ ❑

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်

ရမ်ဒက်ဆဗီယာဆေးက ကိုဗစ်–၁၉ ရောဂါ မြန်မြန်ပျောက်ကင်းစေနိုင် (စာ–၁၂)

၂၀၂၀ ပြည့်နှစ် ငြိမ်းချမ်းရေးနိုဗယ်ဆု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ရရှိ (စာ–၁၃)

ကိုဗစ်– ၁၉ ကာလအတွင်း အွန်လိုင်းစီးပွားရေးလုပ်ငန်း ကြီးထွားလာတဲ့ လက်တင်အမေရိက (နိုင်ငံတကာရေးရာ) (စာ–၁၄)

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး COVID–19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်။။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

ကုန်စည်စီးဆင်းမှု ချောမွေ့ရေးမှသည်

စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအညွှန်းကိန်းများတွင် ငွေဖောင်းပွခြင်း၊ စားသုံးကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ထုတ်ကုန် ထွက်ကုန်ပစ္စည်းတို့၏ ဈေးနှုန်းကြီးမြင့်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အလုပ်လက်မဲ့နှုန်း စသည်တို့က အခြေခံလူတန်းစားတို့ တိုက်ရိုက် ထိခိုက်ရသည့် ပြဿနာများ ဖြစ်၏။

ယနေ့ကြုံတွေ့ရသော ကိုဗစ်ရောဂါ ကမ္ဘာပေါ်သို့ ရုတ်တရက် ကျရောက်လာသည့်အခါ လူတို့၏ အသက်ရှင်သန်ရေး၊ ဝေဒနာတို့မှ ကင်းဝေးရေး စသည့် ကျန်းမာရေးဆိုင်ရာ ရုန်းကန်ရသည်တို့သာမက စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းရမှုကြောင့် အလုပ်လက်မဲ့များပေါ်ပေါက်လာရမှု၊ နေ့စဉ်ဝင်ငွေနှင့် နေထိုင်စားသောက်ရေးကအစ အခြေခံလူတန်းစားတို့အကြား ထိခိုက်မှုများကလည်း ကြီးမားသော စိန်ခေါ်မှုများပင် ဖြစ်ပါ၏။

များစွာသော စက်ရုံအလုပ်ရုံများကို ယာယီအားဖြင့် ပိတ်ထားရ၏။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများဆိုလျှင် လုံးဝရပ်ဆိုင်းသွားသလောက်ဖြစ်ခဲ့ပြီ။ တစ်နယ်မှ တစ်နယ်သို့ ရောဂါပိုး ကူးစက်ပြန့်ပွားမှုအန္တရာယ်ကို စိုးရိမ်ရသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကလည်း များစွာပေါ်ပေါက်လာ၏။ အပန်းဖြေခရီးစဉ် ဟူသည်မရှိတော့။ မိသားစု မဖြစ်မနေသွားရသည်ကလွဲ၍ ဘုရားဖူးခရီးစဉ်၊ အလည်အပတ်ခရီးစဉ်ဟူ၍ မရှိတော့။ ဆေးကုသရေးအတွက် သွားလာရသည်များ၊ စီးပွားရေးလုပ်ငန်းများအတွက် သွားလာရသည်များ သည်လည်း ရပ်တန့်သွား၊ ခက်ခဲသွား ဖြစ်ရလေသည်။

ယင်းတို့နှင့်အတူ နိုင်ငံတစ်ဝန်း ကုန်စည်စီးဆင်းမှု အရှိန်သည်လည်း တုံ့နှေးသွားခဲ့လေရာ အခြေခံစားကုန်များကုန်သွယ်ဖြန့်ဝေရေး အကျပ်အတည်းဖြစ်ရလေသည်။ အခြေခံစားကုန်တို့၏ ကုန်စည်စီးဆင်းမှု လျင်မြန်ခြင်း၊ ချောမွေ့သွက်လက်ခြင်းတို့က ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် များစွာသက်ရောက်မှုရှိသည်ဖြစ်ရာ ကုန်စည်စီးဆင်းမှု တုံ့နှေးသွားသည်နှင့် ပြည်သူလူထုအတွက် အခက်အခဲအကျပ်အတည်းများ စတင်ကြုံတွေ့ရတော့မည်ဖြစ်၏။

ကုန်ဈေးနှုန်းတည်ငြိမ်မှုသည် အထက်တွင်ပြောခဲ့သလို အခြေခံပြည်သူလူထု၏ နေ့စဉ်စားဝတ်နေရေးနှင့် တိုက်ရိုက်ပတ်သက်နေသည့်အားလျော်စွာ တာဝန်ရှိသူများက အလေးအနက်ထား စဉ်းစားစီမံကြရပါသည်။ မူလ ကုန်သွယ်မှုစနစ်မှာ ကတည်းက ပစ္စည်းတင် ကုန်ကားများသည် တစ်မြို့ပြီး တစ်မြို့၊ တစ်နယ်ပြီး တစ်နယ်ကို အဆင့်ဆင့်သောစနစ်များဖြင့် ဖြတ်သန်းရသည်ဖြစ်ရာ ရံဖန်ရံခါတွင် မသေချာ မရေရာသည့် အခက်အခဲများကို ကြုံရလေ့ရှိ၏။ ထို့ကြောင့် မူလ ထွက်ကုန်ပစ္စည်းတန်ဖိုးသည် ခရီးစဉ်အဆင့်ဆင့်တွင် တစ်ဆင့်ချင်း မြင့်မားလာရလေ့ရှိသဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်မှုကို ချိန်ဆ၍မရ ဖြစ်ရသည်လည်း ရှိ၏။

ယခုလို ကိုဗစ်ကပ်ရောဂါနှင့် ကြုံရချိန်တွင် ကူးသန်းသွားလာရေးက ပိုမိုခက်ခဲလာသည်ဖြစ်ရာ ကုန်စည်စီးဆင်းမှုကလည်း ပိုမိုခက်ခဲလာတော့သည်။ ထို့ပြင် မြို့အသီးသီးကို ဖြတ်သန်းသွားလာနေရခြင်းဖြစ်သောကြောင့် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ခံထားရမှု ရှိမရှိကိုလည်း မဖြစ်မနေ စစ်ဆေးရပါသည်။ ထိုသို့စစ်ဆေးရေးလုပ်ငန်းစဉ်များတွင် နှောင့်နှေးကြန့်ကြာမှုများရှိသည်နှင့်အမျှ ကုန်ပစ္စည်းများ အချိန်မီမရောက်မှု ပျက်စီးဆုံးရှုံးမှုများ ရှိလာနိုင်၏။ ထို့ကြောင့် ကိုဗစ်ရောဂါပိုးကို အမြန်စစ်ဆေးပေးနိုင်သည့် (Rapid Test Kit) များကို အသုံးပြုနိုင်ရေး၊ သက်သာသော စမ်းသပ်စစ်ဆေးခများဖြစ်ရေး၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များကြားတွင် အထက်ပါလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ် အလုပ်လုပ်ခြင်း စသည်တို့ဖြင့် ကုန်စည်စီးဆင်းမှု သွက်လက်လျင်မြန် ချောမွေ့ရေးကို ကောင်းမွန်စေနိုင်မည်ဟု နားလည်ပါသည်။

ကုန်စည်ကူးသန်းသွားလာမှု လွယ်ကူချောမွေ့ရေးတွင် ကုန်သွယ်ရေးလုပ်ငန်းသက်သက်မျှမက ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမှုတို့ကိုပါ အတူတွဲ စဉ်းစားစီမံကြခြင်းဖြင့် ပြည်သူလူထု၏ အခြေခံစားသုံးကုန် ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးတွင် အထောက်အပံ့ကောင်းများ ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် သည် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် က Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ ကိုယ်ကျိုးမဲ့ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ပရဟိတ စေတနာ့ဝန်ထမ်းများ အားလုံးကို လေးစားဂုဏ်ပြုသည့်အနေဖြင့် မိမိနှင့်အတူ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းလှူဒါန်းငွေကို အပ်နှံလှူဒါန်းခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ပါဝင်လှူဒါန်းငွေသည် ပမာဏအားဖြင့်နည်းသော်လည်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးဆိုင်ရာ စိန်ခေါ်မှုကြီးကို ရှေ့တန်းမှ တုံ့ပြန်ရင်ဆိုင်ဖြေရှင်းနေသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ မိမိတို့လွှတ်တော်များမှ အရာထမ်း၊ အမှုထမ်းများ အားလုံးက တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်သားတည်း ရပ်တည်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျက်ရှိသော်လည်း မေလ၊ ဇူလိုင်လနှင့် သြဂုတ်လများ၌ ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အစည်းအဝေးစတင်ချိန်မှ ပြီးဆုံးသည်အထိ ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့်အတွက် အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်၍ လွှတ်တော်များ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားကာ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ထံသို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထိုနောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ လှူဒါန်းမှုများအပေါ် ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် လွှတ်တော် (၂) ရပ်မှ အရာထမ်းများနှင့် အမှုထမ်းများအား တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကျန်းမာရေးဝန်ထမ်းများ ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံအတွက် အရေးကြီးသည့် ဒုတိယအကြိမ်မြောက် လွှတ်တော်များ၏ (၁၆)ကြိမ်မြောက်နှင့် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများ ကျင်းပရာတွင် ကိုဗစ်-၁၉ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရာ၌ ဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်ခွင့် ရရှိခဲ့မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ကိုဗစ်-၁၉ သည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်ပြီး လျင်မြန်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ဖြစ်သဖြင့် ယခု ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယလှိုင်းနောက်တွင်လည်း ရောဂါကူးစက်မှုလှိုင်းများ ရှိလာနိုင်ပါကြောင်း၊ အဆိုပါ ရောဂါကူးစက်မှုလှိုင်းများ ဖြစ်ပေါ်လာပါကလည်း ကြီးမားခြင်းမရှိစေရန်အတွက် ပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို အမြဲတစေ ဂရုပြုလိုက်နာကြရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးရှိနေပြီး ရောဂါလက္ခဏာ မရှိသူများထံမှ အခြားသူများထံသို့ရောဂါကူးစက်ခံရနိုင်ခြင်းနှင့် တစ်အိမ်တည်းတွင် အတူနေသူများထံမှ ထပ်ဆင့်ကူးစက်ခြင်းများ ဖြစ်နိုင်သဖြင့် ပြည်သူများ အထူးသဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ စသည့် နာတာရှည်ရောဂါရှိသူများအနေဖြင့် နေအိမ်တွင်သာနေထိုင်ပြီး အခြားအတူနေသူများနှင့် ခပ်ခွာခွာနေထိုင်၍ သီးခြားစားသောက်ခြင်းနှင့် သီးခြားအိပ်စက်ခြင်းတို့ ပြုလုပ်ကြရမည် ဖြစ်ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများကို Rapid Antigen Diagnostic Test Kit များဖြင့် စစ်ဆေးခြင်းများကိုပါ ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိရာ ယခုရက်ပိုင်းတွင် ရောဂါပိုးရှိသူအရေအတွက် ပိုမိုတွေ့ရှိလာမည်ဖြစ်ကာ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေခြင်းလုပ်ငန်းများ ပိုမိုထိရောက်လာမည်ဖြစ်ပါကြောင်း၊ သို့မှသာ ရောဂါထိန်းချုပ်မှုများ ပိုမိုထိရောက်မည် ဖြစ်ပါကြောင်း၊ ယနေ့ လှူဒါန်းမှု အခမ်းအနားသို့ တက်ရောက်လာကြသူများအနေဖြင့် အဆိုပါအချက်များကို မိမိတို့၏ မိသားစုနှင့် မိတ်ဆွေများထံ စကားလက်ဆင့်ပွားခြင်းနှင့် ဝေမျှခြင်းများ ပြုလုပ်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ-အိန္ဒိယ ကုန်စည်စီးဆင်းမှုပိုမိုလျင်မြန်စေမည့် ရာလ်လောင်-ကမ်းပါးနီလမ်း ဖောက်လုပ်

နေပြည်တော် အောက်တိုဘာ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်း ဆောင်ရွက်သည့် မြန်မာ-အိန္ဒိယ ကုန်စည်စီးဆင်းမှုပိုမိုလျင်မြန်စေမည့် ရာလ်လောင်-ကမ်းပါးနီလမ်းပြီးစီးမှုကို ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဖလမ်း)မှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်လဝင်းနှင့် တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်း ရန်ပုံငွေကျပ် သန်း ၇၇ ဒသမ ၄၀၀ ဖြင့် ရွှေဟားခါးကုမ္ဓဏီမှ တာဝန်ယူဆောင်ရွက်သော ရာလ်လောင်-ကမ်းပါးနီလမ်း (၅၃/၄) မိုင်အနက် မြေသားလမ်းသစ် (၂/၀)မိုင်အား လမ်းမျက်နှာပြင်အကျယ် ၂၆ ပေ၊ လမ်းဘေး ရေနုတ်မြောင်း သုံးပေအပါအဝင် စုစုပေါင်း ၂၉ ပေအကျယ် ဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုနှင့် ယင်းလမ်းပေါ်တွင် ရန်ပုံငွေကျပ် ၄၇ ဒသမ ၇၄ သန်းဖြင့် လမ်းအရှည် (၂/၀) မိုင် လမ်းမျက်နှာပြင်အကျယ် ၂၆ ပေ လမ်းဘေးရေနုတ်မြောင်း သုံးပေအပါအဝင် စုစုပေါင်း ၂၉ ပေ အကျယ်လမ်းတာချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးမှုနှင့် စံချိန်၊ စံညွှန်းပြည့်မီမှု ရှိ၊ မရှိ တာဝန်ရှိသူများက စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယခုဖောက်လုပ်နေသော ရာလ်လောင်-ကမ်းပါးနီလမ်း (၅၃/၄)မိုင်အား ဘဏ္ဍာနှစ်အလိုက် ဖောက်လုပ်လျက်ရှိရာ သတ်မှတ်မိုင်အလိုက် ဖောက်လုပ်ပြီးစီးပါက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ကုန်စည်စီးဆင်းမှုကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်မည့်အပြင် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေ ၈၆၄ အိမ်၊ လူဦးရေ ၂၅၉၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ဟန်လင်းနိုင်(သတင်းစဉ်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၉

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

ပြည်သူ့သာလျှင် အဓိက

❑ ရှေ့ဖုံးမှ

ကျွန်မတို့မှာ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ဖို့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကြားမှာ သဘောတူညီမှုတွေ ယူဖို့လိုလာပြီဆိုတာကို သတိပြုမိပါတယ်။ တစ်နေရာကနေ တစ်နေရာသွားတဲ့အခါကျတော့ တစ်နေရာကနေ တစ်နေရာသွားတဲ့ ကုန်တင်ယာဉ်တွေကိုမောင်းတဲ့ ယာဉ်မောင်းတွေနဲ့ ယာဉ်မောင်းအဖော်တွေနဲ့ အဲဒီကနေတစ်ဆင့် ရောဂါကူးမှာကို အများကလည်း ကြောက်ကြတယ်။ ကူးတာလည်း ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုစမ်းသပ် လိုက်တဲ့အခါမှာ တချို့တွေက ရောဂါပိုးရှိနေတယ်ဆိုတာကို တွေ့ရပါတယ်။

ဒါပေမယ့်လည်း ကျွန်မတို့ပြည်သူတွေကို သတိပြု စေချင်တာကတော့ ရောဂါ ရပြီဆိုတာနဲ့ သိပ်ပြီးတော့ စိုးရိမ်မှု မလွန်ပါနဲ့။ စိုးရိမ်လွန်ရင် ကိုယ်ခံစွမ်းအားကျနိုင်ပါတယ်လို့ ပြောချင်ပါတယ်။ သတိပေးချင်ပါတယ်။ ဘာဖြစ်လို့ ဒီလိုပြောရလဲဆိုတော့ မနေ့တုန်းက ကိုဗစ်ရောဂါဖြစ်ပြီး ပြန်ကောင်းသွားတဲ့ ပုဂ္ဂိုလ်နဲ့ ဆွေးနွေးပါတယ်။ ရောဂါဖြစ်တဲ့လူက အသက်လည်း မငယ်ပါဘူး။ ၆၆ နှစ် ရှိပါပြီ။ နောက်ပြီးတော့ အခံရောဂါတွေလည်းရှိပါတယ်။ ဆီးချိုလည်း ရှိတယ်၊ သွေးချိုလည်း ရှိတယ်။ ကျောက်ကပ်လည်း သိပ်မကောင်းဘူး။ အဲဒီတော့ အခြေခံကျန်းမာရေးကလည်း ကောင်းတာမဟုတ်ဘူး။ အသက်ကလည်း ငယ်တာမဟုတ်ဘူး။ အဘက်ဘက်ကကြည့်ရင် ကိုဗစ်ရောဂါရရင် အင်မတန် အန္တရာယ်ရှိနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးလို့ သတ်မှတ်လို့ရပါတယ်။ ဒါပေမယ့်လည်း မြန်မြန်ဆန်ဆန်နဲ့ ကောင်းသွားတယ်။ အေးအေးဆေးဆေးပဲ။ ကျွန်မက မေးတယ်။ ရောဂါဖြစ်တုန်းက ဒါကို ဘယ်လိုရင်ဆိုင်ခဲ့လဲ၊ ဘယ်လို ကျော်လွှားခဲ့လဲ ဆိုတာ။ အဖြေကို ကျွန်မ သဘောကျလွန်းလို့။ အဖြေက ရိုးရိုးရှင်းရှင်းလေးပဲ။ ကိုယ့်ဟာကိုယ်ပဲ လုပ်ယူပါတယ်။ ဒီဟာကိုပေါ့နော်၊ ရောဂါဖြစ်ပြီဆိုရင် စိတ်ထားတတ်ဖို့၊ နေတတ်ဖို့ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောတာပေါ့။ အဲဒါနဲ့ ဒီအဖြေကို သဘောလည်းကျတယ်။ နောက်ပြီး စိတ်လည်းဝင်စားလို့ အခု ပြည်သူလူထုကို ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ပညာပေးအစီအစဉ်တွေ နည်းနည်းလေး ပြောင်းလိုက်ဖို့ စဉ်းစားထားပါတယ်။ အခုဆိုရင် တစ်ပတ်မှာ သုံးကြိမ်ပေါ့။ သမားတော်ကြီးများ၊ ဆရာဝန်ကြီးများနဲ့ ကျန်းမာရေးအမေးအဖြေ အစီအစဉ်တွေ လုပ်နေတာကို နောက်အပတ်မှာဆိုရင် နှစ်ကြိမ်လုပ်ပြီး တစ်ကြိမ်ကိုတော့ ကိုဗစ်ရောဂါရပြီး ပြန်ကောင်းလာတဲ့ ကျွန်မတို့ ပြည်သူတွေနဲ့ ဆွေးနွေးခန်းပေါ့။

ဘယ်လို သူတို့တွေ ကိုဗစ်ရောဂါကို ရင်ဆိုင်ခဲ့လဲ။ ဘယ်လို ကျော်လွှားခဲ့လဲ။ ဘယ်လိုပုံစံနဲ့ ရင်ဆိုင်ကျော်လွှားခြင်းဟာ အကောင်းဆုံးလဲဆိုတာကို ပြည်သူတွေသိထားတဲ့ အခါကျတော့ ကိုယ့်ရဲ့မိသားစုတွေ၊ ကိုယ့်ရဲ့မိတ်ဆွေတွေ၊ ကိုယ်ကိုယ်တိုင်ဖြစ်ဖြစ် ဒီကိုဗစ်ရောဂါရပြီဆိုရင် စိုးရိမ်ကြောင့်ကြမှု မလွန်အောင်လို့ပေါ့။ ဘာပဲပြောပြော ကိုယ်နေတတ် ထိုင်တတ်မယ်ဆိုရင်၊ ဒီရောဂါကို ပထမဦးဆုံးတော့ သတ်မှတ်ထားတဲ့ စည်းကမ်းတကျ နေမယ်ထိုင်မယ်ဆိုရင် ရောဂါဝင်လို့ရမှာ မဟုတ်ဘူး။ ဒါပေမယ့် အကြောင်းကြောင်းကြောင့် ရောဂါရသွားပြီဆိုရင် အဲဒီဟာကိုလည်း ကျော်လွှားနိုင်တဲ့နည်းတွေ ရှိပါတယ်။ ကျန်းမာရေးဌာနကနေတစ်ဆင့် နိုင်ငံတော်က လုပ်ပေးနေတဲ့ဟာတွေမကဘဲ

“အခုအချိန်မှာဆိုရင် ရန်ကုန်တိုင်းဒေသကြီးကတော့ အများဆုံးပါ။ အားလုံး သိပြီးသားပါ။ ရန်ကုန်တိုင်းဒေသကြီးက လူဦးရေလည်း ထူထပ်တယ်။ ပြန့်ပွားမှုကလည်း နည်းနည်းများနေတယ်။ တခြားတိုင်းဒေသကြီးတွေမှာလည်း ပြန့်ပွားမှုမျိုးတဲ့ မြို့နယ်တွေရှိတယ်။ ဒါပေမယ့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးကို ကြည့်လိုက်မယ်ဆိုရင် မြို့နယ်အများစုကတော့ အခြေအနေကောင်းပါတယ်။ ကိုဗစ်ရောဂါ မရှိဘူး မဟုတ်ဘူး။ ရှိတယ်။ သိပ်မများပါဘူး။ ကျွန်မတို့ ထိန်းချုပ်ထားနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ အဲဒါကို ဆက်လက်ပြီးတော့ ထိန်းချုပ်ထားဖို့ အရေးကြီးပါတယ်”

“ရောဂါကို ထိန်းချုပ်ဖို့၊ ကုသဖို့ လုပ်နေတဲ့ တစ်ချိန်တည်းမှာပဲ စီးပွားရေးအရ ကုသမှုတွေကိုလည်း ကျွန်မတို့ လုပ်ရပါတယ်။ ထိန်းချုပ်မှု၊ ကုသမှုပေါ့။ စီးပွားရေးအရ ထိခိုက်မှုတွေ သိပ်မရှိအောင်၊ ရှိတဲ့ထိခိုက်မှုတွေကို ကုသနိုင်အောင် ဆိုပြီးတော့ ဒီဟာတွေလည်း လုပ်ရပါတယ်။ အဲဒီတော့ အခုဆိုရင် ဥပမာအားဖြင့် အလုပ်ရုံ၊ စက်ရုံတွေ လည်ပတ်နိုင်ဖို့ ဒါတွေလည်း ကျွန်မတို့ စဉ်းစားပေးရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်ရုံ၊ စက်ရုံတွေ လည်ပတ်နိုင်ဖို့ဆိုတာ ဒီစက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်တွေနဲ့ အလုပ်သမားတွေအတွက်တင် မဟုတ်ပါဘူး။ နိုင်ငံ့စီးပွားရေးအတွက် အရေးကြီးတာ ဖြစ်ပါတယ်။”

ကိုယ့်ဘာသာကို လုပ်နိုင်တဲ့နည်းတွေရှိပါတယ်။ အဲဒါလည်း သိစေချင်လို့ ဒီအစီအစဉ်လေးလုပ်ဖို့ ကျွန်မတို့ စဉ်းစားထားပါတယ်။ ပြည်သူတွေအနေနဲ့ လည်း စိတ်ဝင်စားမယ်လို့ ထင်ပါတယ်။ နောက်ပြီးတော့လည်း ရောဂါရပြီးတော့ ပြန်ကောင်းလာတဲ့ ပြည်သူတွေအနေနဲ့ ကူညီနိုင်တာတစ်ခုက ဘာလဲဆိုတော့ အခုဆိုရင် ကုသနည်းတစ်ခုက ရောဂါရပြီးသား ပုဂ္ဂိုလ်များရဲ့ သွေးရည်ကြည်ကနေတစ်ဆင့် ကုသတဲ့နည်းပါ။ အဲဒါကိုတော့ လျှုဖို့ဟာ ရောဂါရပြီးသား ပြည်သူပြည်သားတွေက လျှုမှုဖြစ်မှာပါ။ သွေးလျှုတဲ့သဘောမျိုးပေါ့။ အဲဒါ လုပ်နိုင်မယ်ဆိုရင် ကိုယ်ရောဂါရခဲ့ခြင်းဟာ အများအတွက် တောင်မှ အကျိုးပြုနိုင်မယ့် အခြေအနေ ရောက်သွားနိုင်တယ်ဆိုတဲ့ အမြင်လည်း ရနိုင်ပါတယ်။ ဒါကြောင့် ကူနိုင်တဲ့ဘက်ကနေ ကူပါ။

လျှုနိုင်တယ်ဆိုရင် ကိုယ်ကိုယ်တိုင် ကျန်းမာရုံတင်မက တခြားသူလည်း ကျန်းမာသွားအောင်လို့ လုပ်ပေးနိုင်တယ်ဆိုတဲ့ အသိစိတ်နဲ့ အများကြီး စိတ်ကျေနပ်မှုရမယ်လို့ ကျွန်မထင်ပါတယ်။ အဲဒါကြောင့် ဒါလည်း ကူနိုင်တဲ့ နေရာကို ကူပါ။ နိုင်ငံတော်ကတော့ အတတ်နိုင်ဆုံး ပြည်သူတွေရဲ့ ကျန်းမာရေးကို ဂရုစိုက်ပါတယ်။ ဂရုစိုက်တယ်ဆိုရင် နည်းနည်းကြွားသလိုဖြစ်ပေမယ့် ပြောရမယ်ဆိုရင် ကျွန်မတို့ကနေပြီးတော့ အခု အမေရိကန်သမ္မတအတွက် သုံးနေတယ်ဆိုတဲ့ ဆေးကို တတ်နိုင်သမျှ ကျွန်မတို့ ပြည်သူတွေအတွက် သုံးနေပါတယ်။ အဲဒီဆေးနာမည်ကိုလည်း ကျွန်မပါးစပ်ထဲက ပြောရတာ တော်တော်ခက်တယ်။ Remdesivir လို့ အသံထွက်တယ်လို့ ထင်ပါတယ်။ အဲဒီဆေးကို ကျွန်မတို့ အိန္ဒိယကနေ ဝယ်ထားတာရှိပါတယ်။ အိန္ဒိယနိုင်ငံကနေ ပြီးတော့ လျှုထားတာတွေလည်း ရှိပါတယ်။ ဒါဟာ ရောဂါအခြေအနေ နည်းနည်းပြင်းထန်တဲ့ လူနာတွေကို သုံးပါတယ်။ အားလုံးအတွက် သုံးနိုင်တဲ့ အခြေအနေတော့ မရှိသေးပါဘူး။ ဒါပေမယ့်လည်း ပိုပိုပြီးတော့ ကျွန်မတို့ ထပ်ပြီးတော့ ဝယ်ယူပါ့မယ်။ ထပ်ပြီးတော့ သုံးသင့်သုံးထိုက်တဲ့ လူနာတွေ အတွက် သုံးသွားမှာဖြစ်ပါတယ်။

အဲဒီတော့ ရောဂါကို ထိန်းချုပ်ဖို့၊ ကုသဖို့ လုပ်နေတဲ့ တစ်ချိန်တည်းမှာပဲ စီးပွားရေးအရ ကုသမှုတွေကိုလည်း ကျွန်မတို့ လုပ်ရပါတယ်။ ထိန်းချုပ်မှု၊ ကုသမှုပေါ့။ စီးပွားရေးအရ ထိခိုက်မှုတွေ သိပ်မရှိအောင်၊ ရှိတဲ့ထိခိုက်မှုတွေကို ကုသနိုင်အောင်ဆိုပြီးတော့ ဒီဟာတွေလည်း လုပ်ရပါတယ်။ အဲဒီတော့ အခုဆိုရင် ဥပမာအားဖြင့် အလုပ်ရုံ၊ စက်ရုံတွေ လည်ပတ်နိုင်ဖို့ ဒါတွေလည်း ကျွန်မတို့ စဉ်းစားပေးရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်ရုံ၊ စက်ရုံတွေ လည်ပတ်နိုင်ဖို့ဆိုတာ ဒီစက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်တွေနဲ့ အလုပ်သမားတွေ အတွက် တင်မဟုတ်ပါဘူး။ နိုင်ငံ့စီးပွားရေးအတွက် အရေးကြီးတာ ဖြစ်ပါတယ်။ နောက်ပြီးတော့လည်း အစကတည်းက ကျွန်မတို့ သတ်မှတ်ထားတဲ့ ကိုဗစ်ကာလမှာဆိုရင် ဦးစားပေးပြီးတော့ လုပ်ရမယ့် လုပ်ငန်းတွေရှိပါတယ်။ ဥပမာဆိုရင် ဆောက်လုပ်ရေးလုပ်ငန်းတွေကိုလည်း ကျွန်မတို့ တစိုက်မတ်မတ် အားပေးနေပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုတာဟာ ရေရှည် အတွက် လိုအပ်တဲ့ အခြေခံ အဆောက်အဦ တွေကိုလည်း ဖြစ်မြောက်စေတယ်။ နောက်ပြီးတော့ ဒီအခြေအနေမှာလည်း ကျွန်မတို့ ပြည်သူတွေကို အလုပ်ပေးတယ်။ နောက်ပြီးတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေဟာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီအောင် လုပ်နိုင်ဖို့လည်း တခြားလုပ်ငန်းတွေနဲ့ စာရင် လွယ်ကူမှုရှိတယ်လို့ ပြောလို့ရပါတယ်။ နောက်ဆုံးကျတော့ စည်းမျဉ်းစည်းကမ်းပဲ။ ဘာမဆို စည်းမျဉ်းစည်းကမ်းပါ။ ဒီစည်းမျဉ်းစည်းကမ်းဘောင်ထဲကနေ၊ အတွင်းထဲကနေ လုပ်သွားရင် ကျွန်မတို့ ကာကွယ်နိုင်မယ်။ ထိန်းချုပ်နိုင်မယ်။

ဒီတော့ အခုအချိန်မှာဆိုရင် ရန်ကုန်တိုင်းဒေသကြီးကတော့ အများဆုံးပါ။ အားလုံး သိပြီးသားပါ။ ရန်ကုန်တိုင်းဒေသကြီးက လူဦးရေလည်း ထူထပ်တယ်။ ပြန့်ပွားမှုကလည်း နည်းနည်းများနေတယ်။ တခြားတိုင်းဒေသကြီးတွေမှာ လည်း ပြန့်ပွားမှုများတဲ့ မြို့နယ်တွေရှိတယ်။ ဒါပေမယ့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးကို ကြည့်လိုက်မယ်ဆိုရင် မြို့နယ်အများစုကတော့ အခြေအနေကောင်းပါတယ်။ ကိုဗစ်ရောဂါ မရှိဘူး မဟုတ်ဘူး။ ရှိတယ်။ သိပ်မများပါဘူး။ ကျွန်မတို့ ထိန်းချုပ်ထားနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ အဲဒါကို ဆက်လက်ပြီးတော့ ထိန်းချုပ်ထားဖို့ အရေးကြီးပါတယ်။

ကျွန်မအရင်တစ်ခါ တင်ပြတုန်းက ပြောခဲ့ပါတယ်။ အခုအချိန်က အထွေထွေ ရွေးကောက်ပွဲ အချိန်ရောက်နေပြီ။ အထွေထွေရွေးကောက်ပွဲဟာ စပြီပေါ့။ နိုင်ငံခြားမှာဆိုရင် ကျွန်မတို့ရဲ့ ပြည်ပရောက် နိုင်ငံသူနိုင်ငံသားများ စပြီးတော့ မဲပေးနေပြီ။ နိုင်ငံခြားရေးရုံးကရတဲ့ ကိန်းဂဏန်းတွေအရဆိုရင် နိုင်ငံခြားမှာရောက်နေပြီး မဲပေးပိုင်ခွင့်ရဖို့အတွက် ပုံစံ-၁၅ နဲ့ တင်ပြထားတဲ့ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေဆိုရင် ၁၀၉၄၇၀ ရှိပါတယ်။ အဲဒီအထဲကဆိုရင် ဒီနေ့အထိ မဲပေးလို့ပြီးတာ ၂၇၉၁၇ ယောက် ရှိပါတယ်။ ဆက်ပြီးတော့ မဲပေးဦးမှာပါ။ အထူးသဖြင့် အခု စနေ၊ တနင်္ဂနွေ မှာဆိုရင် တချို့နိုင်ငံတွေက သံရုံးတွေမှာ ရုံးပိတ်ရက်တွေဖြစ်လို့ မဲပေးတာတွေ စမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာတွေက ချောချောမွေ့မွေ့နဲ့ ဖြစ်နေပါတယ်။ တစ်ခါတလေတော့ အထစ်အငေါ့လေးတွေ ရှိတာပေါ့။ ဒါပေမယ့် ဒါတွေကိုလည်း ကျွန်မတို့ တတ်နိုင်သမျှ ဖြေရှင်းပေးပါတယ်။

မဲပေးဖို့နေရာမှာ ပြည်ပရောက် နိုင်ငံသူ၊ နိုင်ငံသားများ မဲပေးတဲ့နေရာမှာ ကျွန်မတို့အနေနဲ့ ကျော်လွှားဖို့ခက်ခဲတဲ့ ကိစ္စတစ်ခုကတော့ အဲဒီသက်ဆိုင်ရာနိုင်ငံတွေက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေပါပဲ။ သက်ဆိုင်ရာ နိုင်ငံတွေက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအရ အထူးသဖြင့် သံရုံးတွေမရှိတဲ့နေရာမှာနေတဲ့ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားများ မဲပေးဖို့ အခက်အခဲလေးတွေ တွေ့ရပါတယ်။ အဲဒါလည်း တတ်နိုင်သမျှတော့ ကြိုးစားပြီးတော့ ဖြေရှင်းပေးပါတယ်။ သက်ဆိုင်ရာနိုင်ငံနဲ့ ညှိရပါတယ်။ ညှိတော့ တစ်ခါတလေလည်း အဆင်ပြေတယ်။ တစ်ခါတလေလည်း အဆင်မပြေဘူး။ ဒါပေမယ့် တတ်နိုင်သမျှတော့ ပြည်သူတွေက ကိုယ့်မဲပေးပိုင်ခွင့်ကို သုံးနိုင်ဖို့ အတွက် ကျွန်မတို့ ကြိုးစားပြီးတော့ လုပ်ဆောင်နေပါတယ်။ ပြည်ပတင်မကဘူး။ ပြည်တွင်းမှာ ဒီရွေးကောက်ပွဲမှာ ပြည်သူများ လွတ်လွတ်လပ်လပ်နဲ့ စိတ်လုံလုံခြုံခြုံနဲ့ မဲပေးနိုင်ဖို့ဆိုတဲ့ အစီအစဉ်တွေလည်း အများကြီးလုပ်နေပါတယ်။ နောက်ဆုံးကတော့ ရွေးကောက်ပွဲကော်မရှင်က တင်ပြထားတဲ့ အစီအစဉ်တစ်ခုဟာ ပြည်သူတွေအတွက်လည်း စိတ်လည်းလုံခြုံမှုရမယ်။ ကျေနပ်မှုလည်းရမယ်လို့လည်း ကျွန်မတို့ထင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ပထမ အစမှာတော့ Stay at Home မြို့နယ်တွေကို ကိုဗစ်ရောဂါ ကူးစက်နေတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေ များတယ်ဆိုပြီး သတ်မှတ်ထားတဲ့ Stay at Home မြို့နယ်တွေမှာ အသက် ၆၀ ကျော်တွေ ကြိုတင်မဲ ပေးနိုင်မယ်။ ဒီလိုလုပ်ခြင်း အားဖြင့် ကျွန်မတို့မှာ ကောင်းကျိုး နှစ်ခုရှိပါတယ်။ တစ်ခုကတော့ အသက် ၆၀ ကျော်တွေဆိုတာဟာ အသက်ကြီးတာနဲ့အမျှ၊ အသက် ၆၀ ကျော်လာတာနဲ့အမျှ ကိုဗစ်ရောဂါရလို့ရှိရင် နည်းနည်းပိုပြီးတော့ စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိပါတယ်။ စိုးရိမ်ရတဲ့အသက်အရွယ်တွေ လုံခြုံအောင်လို့ဆိုပြီးတော့ ကြိုတင် မဲပေးနိုင်ဖို့ ကျွန်မတို့ အစီအစဉ်တွေ စပြီးတော့လုပ်ပါမယ်။

နောက်တစ်ခုက ဘာလဲဆိုရင် ဒီလို အသက် ၆၀ ကျော်တွေက ကြိုတင် မဲပေးမယ်ဆိုရင် ရွေးကောက်ပွဲနေ့မှာ မဲရုံတွေမှာ သွားပြီးတော့ မဲပေးမယ့် လူတွေရဲ့ အရေအတွက်ပါ ကျသွားမယ်။ အရေအတွက် ကျဆင်းသွားတဲ့အခါကျတော့ လိုအပ်တဲ့ကွာခြားမှုဖြစ်တဲ့ ၆ ပေ ကွာခြားပြီး လုပ်တာ၊ တစ်ယောက်နဲ့ တစ်ယောက် ထိတွေ့မှုနည်းအောင် စည်းကမ်းတွေကို အကောင်အထည်ဖော်တာ လုပ်နိုင်တဲ့အခါကျတော့ ပိုပြီးတော့ အားလုံးလုံခြုံမှု ဖြစ်ပါတယ်။ ပြည်သူတွေ လုံခြုံမှုအတွက် လိုအပ်တဲ့ Mask တို့၊ Faceshield တို့ကိုလည်း နိုင်ငံတော်က တာဝန်ယူပြီးတော့ လုပ်ပေးပါမယ်။ အဲဒီဟာအပြင် အခုနောက်ဆုံး စဉ်းစားထားတာကတော့ ရွေးကောက်ပွဲကော်မရှင်ကလည်း ဒါကို သဘောတူပါတယ်။ Stay at Home မြို့နယ်တွေမှာဆိုရင် အသက် ၆၀ ကျော်တွေ အားလုံးဟာ ကြိုတင်မဲပေးနိုင်မှာ ဖြစ်တာကြောင့် ရွေးကောက်ပွဲနေ့မှာလည်း အခြေအနေတွေ ပိုပြီးတော့ကောင်းသွားမယ်။ ကျန်းမာရေးအရလည်း အသက် ၆၀ ကျော်တွေအတွက် ပိုပြီးတော့ စိတ်ချရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မလည်း ကြိုတင်မဲပေးလို့ရတာပေါ့။

စာမျက်နှာ ၄ သို့

နိုင်ငံတစ်ဝန်း ကုန်စည်စီးဆင်းမှု သွက်လက်လျင်မြန်ချောမွေ့မှန်ကန်စေရေး ညှိနှိုင်းစည်းဝေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် နိုင်ငံတစ်ဝန်း ကုန်စည်စီးဆင်းမှု သွက်လက်လျင်မြန်ချောမွေ့မှန်ကန်စေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။

သတင်းစဉ်

နေပြည်တော် အောက်တိုဘာ ၉

နိုင်ငံတစ်ဝန်း ကုန်စည်စီးဆင်းမှု သွက်လက်လျင်မြန်ချောမွေ့မှန်ကန်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

အစည်းအဝေးတွင် ကုန်စည်စီးဆင်းမှု သွက်လက်လျင်မြန်ချောမွေ့ခြင်းသည် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများ၏ စားဝတ်နေရေးအတွက် တိုက်ရိုက်ဆက်စပ်မှုရှိသဖြင့် ကုန်စည်စီးဆင်းမှု သွက်လက်လျင်မြန် ချောမွေ့မှန်ကန်ရေးသည်အရေးကြီးမှု၊ ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ စစ်ဆေးရာတွင် အခက်အခဲများ ကြုံတွေ့နေရမှု၊ သို့ဖြစ်၍ ၎င်းတို့အား ကိုဗစ်-၁၉ Rapid Test Kit များဖြင့် စစ်ဆေးနိုင်ရေး ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ Rapid Test Kit များဖြင့် စစ်ဆေးခကို သက်သာသောနှုန်းထားဖြင့် ကောက်ခံသွားနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချင်းချင်းအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရေးတို့ကို အကျယ်တဝင့် ဆွေးနွေးကြရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လိုအပ်သည့် ဆုံးဖြတ်လမ်းညွှန်ချက်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ဗဟိုကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသော ဦးဇော်သန်းသင်းနှင့် ဒေါက်တာ သက်ခိုင်ဝင်းတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

စာမျက်နှာ ၃ မှ

ဒီအပြင် Stay at Home မြို့နယ်တွေအပြင် လူဦးရေများတဲ့ မြို့နယ်တွေကိုပါ ဒီလိုအစီအစဉ်၊ အသက် ၆၀ ကျော်တွေကို ကြိုတင်မဲပေးနိုင်မယ့် အစီအစဉ်တွေလုပ်ဖို့ ကျွန်မတို့ ညှိနှိုင်းနေပါတယ်။ ဘယ်လိုသတ်မှတ်မလဲဆိုတာတော့ ကျွန်မတို့ဆုံးဖြတ်ရမှာပါ။ လူဦးရေများတယ်ဆိုတာကို ဘယ်လိုအတိုင်းအတာ၊ ဘယ်လိုအတိုင်းအဆနဲ့ သတ်မှတ်မလဲဆိုတာကို ကျွန်မတို့ တိတိကျကျ မဆုံးဖြတ်ရသေးပါဘူး။ ဆုံးဖြတ်ပြီးတာနဲ့ ပြည်သူတွေကို ကျွန်မတို့ အသိပေးမှာ ဖြစ်ပါတယ်။

ဒီတော့ အဘက်ဘက်က နိုင်ငံတစ်နိုင်ငံ လည်ပတ်ဖို့အတွက် လိုအပ်တဲ့ လုပ်ငန်းတွေအားလုံးကို ဆက်ပြီးတော့ ချောချောမွေ့မွေ့၊ ရှောရှောရှုံ့ရှုံ့နဲ့ လုပ်သွားနိုင်ဖို့ ကြိုးစားနေပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဝိုင်းဝန်းပြီးတော့ ကူညီပေးစေချင်ပါတယ်။ ကိုဗစ်ရောဂါနဲ့ ပတ်သက်ပြီး ပြောတိုင်းပြောတိုင်း မဖြစ်မနေ ကျွန်မတို့ ကျေးဇူးတင်သင့်တာက ကျန်းမာရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေဟာ သိပ်ပြီးတော့ ရောဂါပြန့်ပွားမှုများတဲ့ နေရာတွေမှာဆိုရင် မလုံလောက်တဲ့အခါကျတော့ တခြားတိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ။ ရောဂါအခြေအနေကောင်းတဲ့ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်တွေက ခေါ်ယူရပါတယ်။ အားလုံးလာပြီး ကူညီပေးတဲ့ဝန်ထမ်းတွေကိုလည်း ကျွန်မတို့ ကျေးဇူးတင်ပါတယ်။ ရောဂါပြန့်ပွားမှုများတဲ့ နေရာတွေမှာ တစိုက်မတ်မတ် လုပ်ခဲ့ရတဲ့၊ လုပ်နေရတဲ့ ကျန်းမာရေးဝန်ထမ်းတွေကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ ကျန်းမာရေးဝန်ထမ်းအချို့ ရောဂါကူးစက်မှုရှိတယ်ဆိုတာလည်း ကျွန်မတို့ ပြည်သူတွေ သိထားပြီးသားပါ။ အဲဒီဝန်ထမ်းတွေလည်း မြန်မြန်ဆန်ဆန် ကျန်းမာကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းပါတယ်။ ပြည်သူတွေ အားလုံးကလည်း ဝိုင်းဝန်းပြီးတော့ ဒီအတိုင်းပဲ ဆုတောင်းကြမယ်လို့ ထင်ပါတယ်။ ယုံကြည်ပါတယ်။ ပြီးတော့ ကျွန်မတို့ အခုလိုအပ်ချက်နဲ့အညီ စည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပြန်ပါမယ်။ လိုအပ်ချက်မရှိတော့ဘူးဆိုတာနဲ့ ကျွန်မတို့ ပြန်ပြီး ရုပ်သိမ်းပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစည်းမျဉ်း စည်းကမ်းတွေက ပြည်သူတွေရဲ့ လွတ်လွတ်လပ်လပ် သွားလာနေထိုင်မှုကို ချုပ်ချယ်ချင်လို့ မဟုတ်ပါဘူး။ ရောဂါကို ချုပ်ချယ်ချင်လို့ပဲ ဖြစ်ပါတယ်။ အဲဒီတော့ ရောဂါနဲ့ပတ်သက်လို့ စိတ်ချရတယ်ဆိုတဲ့ အနေအထားရှိလာရင်၊ ဥပမာ စောစောက ကျွန်မ ပြောသလို အလုပ်ရုံ၊ စက်ရုံတွေ ပြန်ပြီးတော့ လည်ပတ်လာနိုင်အောင်လို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက စည်းမျဉ်းစည်းကမ်းအရ စစ်ဆေးပါမယ်။ စစ်ဆေးပြီးတော့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုယ်ညီတယ်ဆိုရင် မြန်မြန်ဆန်ဆန် ပြန်ပြီးတော့ လည်ပတ်နိုင်အောင်လို့ ကျွန်မတို့စီစဉ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတို့ ပြည်သူတွေက အဓိကအားဖြင့်တော့ စိတ်ခိုင်ခိုင်ထားပါ။ သတိနဲ့တော့ အမြဲနေပါ။ စိုးရိမ်ကြောင့်ကြမှု မလွန်ပါနဲ့။ နောက်ပြီး ရောဂါရသည့်တိုင်အောင် ဒီရောဂါကို ကျော်လွှားနိုင်မယ်ဆိုတာကို ယုံကြည်စေချင်ပါတယ်။ နောက်အပတ်စမယ့် အစီအစဉ်မှာဆိုရင်လည်း ကိုယ်တိုင်ကိုယ်ကျ ဒီရောဂါကိုရင်ဆိုင်ပြီး ကျော်လွှားခဲ့တဲ့ ကျွန်မတို့ ပြည်သူတွေရဲ့အသံကို ကြားရပြီးတော့ သူတို့ ဘယ်လိုလုပ်ခဲ့တယ်။ ဘယ်လို ဒီရောဂါကို ရင်ဆိုင်ခဲ့တယ်။ ဒီစိန်ခေါ်မှုကြီးကို အနိုင်ယူခဲ့တယ်ဆိုတာ ကြားရရင် ရောဂါရမှာ စိုးရိမ်နေတဲ့ ပြည်သူတွေ၊ ရောဂါရနေတဲ့ ပြည်သူတွေ၊ နောက်ပြီးတော့ ကိုယ်ရဲ့ဆွေမျိုး၊ မိတ်သင်္ဂဟတွေကြားမှာ ရောဂါဖြစ်နေတဲ့ ပြည်သူတွေအတွက်လည်း စိတ်သက်သာရာရတဲ့အပြင် လက်တွေ့ကျကျနဲ့ အထောက်အကူ ပြုဖြစ်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်။ ထပ်လောင်းပြောရမယ်ဆိုရင် စိုးရိမ်မလွန်ပါနဲ့။ သတိတော့ ကြီးစွာရှိပါ။ ကျွန်မတို့ နေ့တိုင်း နေ့တိုင်း၊ အဆက်မပြတ် တစ်ချိန်လုံး ဒီရောဂါနဲ့ပတ်သက်ပြီး ပြည်သူတွေရဲ့ လုံခြုံရေးအတွက် အမြဲတမ်းစဉ်းစားနေပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ရွေးကောက်ပွဲက နိုင်ငံရေးနဲ့ဆိုင်ပါတယ်။ လိုအပ်ချက် အသီးသီးအားလုံးကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ကျွန်မတို့ ကြိုးစားနေပါတယ်ဆိုတာ ပြောချင်ပါတယ်။

အားလုံး ကျန်းမာချမ်းသာ အောင်မြင်နိုင်ကြပါစေ။

> **"အဘက်ဘက်က နိုင်ငံတစ်နိုင်ငံ လည်ပတ်ဖို့အတွက် လိုအပ်တဲ့ လုပ်ငန်းတွေအားလုံးကို ဆက်ပြီးတော့ ချောချောမွေ့မွေ့၊ ရှောရှောရှုံ့ရှုံ့နဲ့ လုပ်သွားနိုင်ဖို့ ကြိုးစားနေပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဝိုင်းဝန်းပြီးတော့ ကူညီပေးစေချင်ပါတယ်။ ကိုဗစ်ရောဂါနဲ့ ပတ်သက်ပြီး ပြောတိုင်းပြောတိုင်း မဖြစ်မနေ ကျွန်မတို့ ကျေးဇူးတင်သင့်တာက ကျန်းမာရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေဟာ သိပ်ပြီးတော့ ရောဂါပြန့်ပွားမှုများတဲ့ နေရာတွေမှာဆိုရင် မလုံလောက်တဲ့အခါကျတော့ တခြားတိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ။ ရောဂါအခြေအနေကောင်းတဲ့ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်တွေက ခေါ်ယူရပါတယ်။ အားလုံးလာပြီး ကူညီပေးတဲ့ဝန်ထမ်းတွေကိုလည်း ကျွန်မတို့ ကျေးဇူးတင်ပါတယ်"**

ဧရာဝတီမြစ်ရေ ဆိပ်သာမြို့နှင့် ဧလွန်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၉

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဧလွန်မြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ဆိပ်သာမြို့နှင့် ဧလွန်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဧလ

◆ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးခင်မောင်ဝင်းနှင့် ဦးဝင်းမော်ထွန်း၊ တပ်မတော်မှအရာရှိကြီးများ၊ အမြတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ်(၁)နှင့် တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် "၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ" ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၂/၂၀၂၀ ဖြင့် အမျိုးသားရေးဦးတည်ချက် (၅)ရပ် ချမှတ်ကာ ဒုတိယသမ္မတ ဦးဆောင်ပြီး ၂၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

အမျိုးသားရေးဦးတည်ချက် (၅)ရပ်

အဆိုပါ အမျိုးသားရေးဦးတည်ချက် (၅)ရပ်မှာ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး 'စုပေါင်းအင်အား' ဖြင့် ကာကွယ်စောင့်ရှောက်ရေး"၊ "လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူရရှိခံစားရေး"၊ "စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး"၊ "ပြည်ထောင်စုကြီးထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး" နှင့် "နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံးကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထု အားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး" တို့ ဖြစ်ပါကြောင်း။

ဗဟိုကော်မတီက ချမှတ်သည့်လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ဆပ်ကော်မတီများကိုလည်း ယခင်အတိုင်း ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နှစ်စဉ်ကျင်းပ

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် တိုင်းတစ်ပါးတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် သို့ ရောက်ရှိခဲ့သည်မှာ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် (၇၃)နှစ် ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကြိုးပမ်းမှုနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုတို့ကြောင့် ရရှိခဲ့သည့်လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် လွတ်လပ်ရေးရရှိရေးအတွက် အချိန်ကြာမြင့်စွာ အသက်သွေး၊ ချွေးမြောက်မြားစွာ ပေးဆပ်ပြီးမှ ရရှိလာသည်ကို နောင်လာနောက်သားများ သိရှိပြီး လွတ်လပ်ရေးကို အသက်ပေးကာကွယ် စောင့်ရှောက်ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များ ကိန်းအောင်းနေစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပရခြင်း ဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့အခမ်းအနားသည် နှစ်စဉ်နှစ်တိုင်း ကျင်းပနေသည့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သော်လည်း ယနေ့ကာလသည် ကမ္ဘာ့ကပ်ရောဂါ Coronavirus Disease 2019 (COVID–19) ဖြစ်ပွားနေသော အချိန်ကာလဖြစ်သည့်အတွက် လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သောအခမ်းအနားများ ကျင်းပရာတွင် ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်များအပြင် "Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ" နှင့် "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန" တို့က ထုတ်ပြန်ထားသည့် "ပြည်သူ့သို့ ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ" ကိုပါ အရေးတကြီးကိစ္စတစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့အခမ်းအနားများကို နံနက်ပိုင်းတွင် "နိုင်ငံတော်အလံတင်အခမ်းအနား"၊ "နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား" နှင့် ညနေပိုင်းတွင် "နိုင်ငံတော်အဆင့်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား" တို့ကို နှစ်စဉ်ကျင်းပခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယခုကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားများကို လတ်တလော တွေ့ကြုံနေရသည့် COVID–19 ကူးစက်ရောဂါဖြစ်ပွားနေမှုအခြေအနေပေါ် မူတည်၍ ဝိုင်းဝန်းစဉ်းစားအကြံပြုပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွတ်လပ်ရေးနေ့အခမ်းအနားများကို ကျင်းပမည်ဆိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ကျင်းပနိုင်ရန် ကြိုတင်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့မတိုင်မီ ယခင်က ကြိုတင်ဆောင်ရွက်လေ့ရှိသည့် လွတ်လပ်ရေးနေ့ "စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ဝန်ကြီးဌာနအလိုက်၊ ရပ်ကွက်အလိုက် ကျင်းပလေ့ရှိသည့် အားကစားပြိုင်ပွဲများ" ကိုလည်း COVID–19 ကူးစက်ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များအတိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို အများပြည်သူများသိရှိစေရန်အတွက် ခန့်ညားထည်ဝါသည့် ဆိုင်းဘုတ်ကြီးများဖြင့် သတ်မှတ်နေရာများတွင် ကြိုတင်စိုက်ထူနိုင်ရေး စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အကြံပြုချက်များ ဆွေးနွေးပေးစေလို

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း လွတ်လပ်ရေးနေ့ အခမ်းအနားများ ကျင်းပရာတွင် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့် "စံလုပ်ငန်းလမ်းညွှန်ချက်များ" ရေးဆွဲပေးရန်နှင့် လိုအပ်သည့်အကြံပြုချက်များကို ဆွေးနွေးပေးစေလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လွတ်လပ်ရေးနေ့မတိုင်မီနှင့် လွတ်လပ်ရေးနေ့တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းများ၊ လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သော မျိုးချစ်စိတ်ထက်သန်စေသည့် ဇာတ်လမ်းများ၊ သမိုင်းဝင်တေးသီချင်းများ ထုတ်လွှင့်ပြသနိုင်ရေးနှင့် သတင်းစာ၊ ဂျာနယ်များတွင်လည်း ရေးသားဖော်ပြသွားနိုင်ရေး စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် ဆပ်ကော်မတီများ အနေဖြင့် ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများကို အခြေခံ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လစ်ဟာမှုမရှိအောင် စနစ်တကျ စစ်ဆေးကြပ်မတ်ပြီး အားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ လုံခြုံရေးဆပ်ကော်မတီအနေဖြင့်လည်း သတ်မှတ်ထားသည့်လုပ်ငန်းတာဝန်များ လစ်ဟာမှုမရှိအောင် စနစ်တကျစီမံချက်ရေးဆွဲပြီး လုံခြုံရေးအပြည့်အဝရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ယခင်နှစ်များက တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်းချက်များအပေါ် အခြေခံပြီး ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရေး အကြံပြုဆွေးနွေးသွားကြရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က "၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီအောက်တွင် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များ သတ်မှတ်ထားရှိမှု" အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် "ကျန်းမာရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အမြတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းတို့က လည်းကောင်း၊ "နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က လည်းကောင်း၊ "နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲစစ်ရေးပြဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေက လည်းကောင်း၊ "လွတ်လပ်ရေးနေ့ ဇည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့က လည်းကောင်း၊ "မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်ကလည်းကောင်း၊ "လုံခြုံရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က လည်းကောင်း၊ "ပြန်ကြားရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အမြတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က လည်းကောင်း၊ "နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ "အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ "စာရင်းစစ်ဆေးရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက လည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့် Coronavirus Disease 2019 (COVID–19) ဖြစ်ပွားနေသော အချိန်ကာလဖြစ်သည့်အတွက် အခမ်းအနားကျင်းပမည့် အခြေအနေများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြတမ်းအတွင်းဝန် ဦးထွန်းအုံတို့က ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် တင်ပြချက်များ၊ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများဆောင်ရွက်ရေးအဖွဲ့၏ ပဋ္ဌမအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့၏ ပဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယနေ့ကျင်းပသည့် ပဋ္ဌမအကြိမ် အစည်းအဝေးသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် ပုံမှန်ကျင်းပရမည့် အချိန်ထက် နှောင့်နှေးမှုရှိခဲ့ပါကြောင်း၊ သို့သော် လစဉ်လုပ်ငန်းဆောင်ရွက်မှု၊ တိုးတက်မှု၊ တင်ပြမှုများနှင့် စပ်လျဉ်း၍ ပူးပေါင်းစုံစမ်းအရေးယူဆောင်ရွက်ရေးအဖွဲ့ (Task Force) နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အကြား အဆက်အသွယ်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ဦးစားပေးအမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးတရားစွဲတင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အခင်းဖြစ်ကျေးရွာများသို့ သွားရောက်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရွာသားများ၊ သက်သေများကို စုံစမ်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တရားခံများ စုံစမ်းစစ်ဆေးခဲဖြစ်ကြောင်း၊ အချို့တရားခံများ စုံစမ်းဖော်ထုတ်နိုင်သော်လည်း တရားခံပြေးများဖြစ်လျက်ရှိပါကြောင်း၊ အဖွဲ့အနေဖြင့် တရားခံများ စုံစမ်းဖော်ထုတ်နိုင်ရေးနှင့် တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အစီရင်ခံစာပါ ပြစ်မှုများအား စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး ပြစ်မှုကျူးလွန်သူများကို တရားစွဲဆို တင်ပို့ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး၏ ထိရောက်သောကုစားမှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၉

ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများက သက်ဆိုင်ရာနေရာအသီးသီးမှ Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားသည့် စီးပွားရေးအကျပ်အတည်းများမှ အမြန်ဆုံးရုန်းထွက်နိုင်ရေးအတွက် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် "Covid-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်"(CERP)အရ မိမိတို့ဝန်ကြီးဌာနအနေဖြင့် CERP Action Plan 2.1.7 ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်ကိုလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ကြရန်၊ အဂတိတရားကင်းရှင်းပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်သူ အားလုံးတို့နှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က စီမံကိန်းလုပ်ငန်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက ဒေသအသီးသီး၏ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများနှင့် မြေပြင်ပကတိအခြေအနေများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ (၅)နှစ်တာကာလအတွင်း ကျေးလက်ရေပေးရေးလုပ်ငန်း ၁၁၇၆၉ ရွာ၊ ကျေးလက်မီးလင်းရေးလုပ်ငန်း ၈၅၆၈ ရွာ၊ ကုန်ထုတ်လမ်း ၁၀၅၄ မိုင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၄၄၇၉ ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်သဖြင့် လူဦးရေ ၃ ဒသမ ၆ သန်းခန့်ကို လည်းကောင်း၊ မြို့ရေပေးရေးစီမံကိန်းကို မြို့ ၁၁ မြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၍ လူဦးရေ ၆ ဒသမ ၂၄ သိန်းခန့်ကို လည်းကောင်း အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ ကျေးလက်ကုန်ထုတ်လမ်း ၇၄၁ မိုင် ၃ ဒသမ ၂ ဖာလုံနှင့် ကုန်ထုတ် တံတား ၁၁၀၂ စင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လူဦးရေ ၄ ဒသမ ၆၉ သိန်းခန့်ကိုလည်းကောင်း၊ လူထုဗဟိုပြုစီမံကိန်းကို ကျေးရွာပေါင်း ၆၀၀၁ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လူဦးရေ ၅ ဒသမ ၀၁ သန်းခန့်ကို လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စီမံကိန်းယူနစ် ၅၇၀ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လူဦးရေ ၅ သိန်းခန့်ကို လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာပေါင်း ၃၄၅၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် လူဦးရေ ၁ ဒသမ ၂၃ သန်းခန့်ကိုလည်းကောင်း၊ ကျေးလက်အိမ်ရာအဖြစ် ၂၉၇ လုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လူဦးရေ ၁၀၄၀ ကိုလည်းကောင်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းအဖြစ် အကြိမ်ရေ ၆၇၃ ကြိမ် ဖွင့်လှစ်ပို့ချနိုင်သဖြင့် လူဦးရေ ၁၆၅၅၇ ဦး ကိုလည်းကောင်း အကျိုးပြုနိုင်ခဲ့သည်။

CERP အရ ဆောင်ရွက်သည့် Cash for Work စီမံကိန်းကို ကျေးရွာပေါင်း ၂၅၀၅ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၄၄၀၂ ခု ဆောင်ရွက်နိုင်ခဲ့၍ လုပ်သားအရေအတွက် ၂ ဒသမ ၈ သန်းခန့် အကျိုးပြုခဲ့ပြီး ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ကျေးရွာပေါင်း ၁၇၁၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် အိမ်ထောင်စုပေါင်း ၁ ဒသမ ၃၄ သိန်းကျော်ကို လုပ်ငန်းကဏ္ဍအလိုက် မတည်ရန်ပုံငွေများ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျေးရွာနှင့်မြို့ပြနေရာ ၃၁၈၆ နေရာတွင် လက်ဆေးဘေစင်ပေါင်း ၄၀၆၃ ခု တပ်ဆင်ဆောင်ရွက်ခဲ့ရာ လူဦးရေ ၄ ဒသမ ၇ သန်းခန့် အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍခွဲ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍခွဲ၏ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီတွင် Online စနစ်ဖြင့် ကျင်းပသည်။ (ဝဲပုံ)

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် က ယနေ့ Online အစည်းအဝေးကို ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားသည့် ကာလအတွင်း မိမိတို့ဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ မိတ်ဖက်အဖွဲ့အစည်းများနှင့် မျှဝေဆွေးနွေးသွားလိုခြင်းနှင့် ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များအတွက် ရေရှည်ရန်ပုံငွေ ရရှိရေးတို့အတွက် မဟာဗျူဟာတစ်ရပ်ရေးဆွဲသွားနိုင်ရေး ဆွေးနွေးညှိနှိုင်းသွားနိုင်ရန် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့်ဖြစ်လာမည့် လူမှုစီးပွားအခက်အခဲများသည် ကာလတစ်ခုအထိ သက်ရောက်မှုရှိနေနိုင်သည့်အတွက် ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ပုံမှန်ဆောင်ရွက်နေသော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များသည်လည်း ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် အစီအစဉ်များဖြစ်သည့်အတွက် ရေရှည်ရန်ပုံငွေ ရရှိရေးသည် အလွန်အရေးကြီးသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဤလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် များစွာအရေးပါပါကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ နှစ်အလိုက်ရန်ပုံငွေရရှိမှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် UNDP နှင့် UNICEF တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် အောက်တိုဘာ ၉

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၂ ဦးအား မြန်မာသံရုံး စင်ကာပူမြို့မှစီစဉ်သည့်မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ၔင်းတို့ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံမှ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ် (၂၁) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်ရှိ တိုက်ပွဲရှောင်တိုင်းရင်းသားများအတွက် စားနပ်ရိက္ခာထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၉

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်ရှိ တိုက်ပွဲရှောင်တိုင်းရင်းသားများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖွံ့ဖြိုးမှုအညွှန်းကိန်းများအလိုက် ဦးစားပေးအစီအစဉ်ဖြင့် အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးသည် ငြိမ်းချမ်းရေးအပေါ်တွင် မူတည်ကြောင်း၊ အားလုံးသာတူညီမျှခံစားရရှိရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များရရှိရေးအတွက် လိုအပ်သောအခြေခံမူများ၊ ဥပဒေများ ချမှတ်နိုင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိသော်လည်း လက်နက်ကိုင်ပဋိပက္ခများရှိနေဆဲ ဖြစ်ပြီး ယခုလို ကိုဗစ်-၁၉ ကာလ စိန်ခေါ်မှုများကို ကျော်လွှားနေရချိန်တွင် တိုက်ပွဲရှောင်များ၏ ဒုက္ခကို ကိုယ်ချင်းစာပါကြောင်း၊ တိုက်ပွဲရှောင်များ၊ နေရပ်စွန့်ခွာရသူများကို ပံ့ပိုးကူညီခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်နေရာချထားခြင်း လုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်ရကြောင်း၊ တိုက်ပွဲရှောင် ပြည်သူများအတွက် ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေသူ အားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြင့် ပူးပေါင်းဆောင်ရွက်မှသာ ငြိမ်းချမ်းရေးကို ဦးတည်သည့် ကူညီဆောင်ရွက်မှုများ ဖြစ်ပြီး ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ကြောင်း၊ ယခု ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်အတွင်း အောက်တိုဘာ ၃ ရက်မှစ၍ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ယနေ့အခြေအနေအရ ကျေးရွာအုပ်စု ငါးစု၊ ကျေးရွာ ကိုးရွာတို့မှ အိမ်ထောင်စု ၄၀၄ စု၊ လူဦးရေ ၁၂၄၁ ဦးတို့သည် တောင်ထိပ်ဘုန်းကြီးကျောင်း၊ ပုံပိုးဘုန်းတော်ကြီးကျောင်း၊ နားဆောင်းဘုန်းတော်ကြီးကျောင်း၊ ခဲရှင်ဘုန်းတော်ကြီးကျောင်းနှင့် နောင်ကွမ်ဘုန်းတော်ကြီးကျောင်းများတွင် တိမ်းရှောင်လျက်ရှိသည်ဟု သိရကြောင်း၊ ၎င်းတို့အတွက် ဆန်ရိက္ခာဖိုး နှစ်ပတ်စာ စုစုပေါင်းငွေကျပ် ၅၂၁၂၂၀၀ ကို ကနဦးအနေဖြင့် ယနေ့ထောက်ပံ့ခြင်းဖြစ်ပြီး လိုအပ်မှုများအပေါ်မူတည်၍ ဆက်လက်ကူညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က တစ်နိုင်ငံလုံးရှိ တိုက်ပွဲရှောင်များအား ထောက်ပံ့ဆောင်ရွက်နိုင်မှု အခြေအနေ၊ အရေးပေါ်ထောက်ပံ့မှုများသာမက ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စသည်ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က တိုက်ပွဲရှောင်များ ရောက်ရှိနေမှုအခြေအနေ၊ ထောက်ပံ့ပေးမည့် အခြေအနေ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပြီး တက်ရောက်လာကြသူများက တိုက်ပွဲရှောင်ပြည်သူများနှင့် ပတ်သက်၍ အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်၍ တိုက်ပွဲရှောင် ပြည်သူများအတွက် ဆန်ရိက္ခာဖိုး နှစ်ပတ်စာ စုစုပေါင်းငွေကျပ် ၅၂၁၂၂၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကျောက်မဲခရိုင်ဦးစီးမှူးက ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုက်ပွဲရှောင်ပြည်သူများ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အားကစားတိုးတက်ရေးအတွက် ရှေ့လာမည့်(၅)နှစ်အတွင်း ဆောင်ရွက်မည့်အစီအစဉ်များအား သက်ဆိုင်ရာနှစ်အပိုင်းအခြားအလိုက် စီမံချက်ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

ရှေ့လာမည့် (၅)နှစ်အတွင်း ဆောင်ရွက်မည့်အစီအမံများအား နှစ်အပိုင်းအခြားအလိုက် စီမံချက်ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁)၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(အောက်ဝဲပုံ)**

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းလတ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဘက်မှ Covid-19 Second Wave တွင် ကုသရေး၊ တိုက်ဖျက်ရေးနှင့် သေဆုံးမှုနှုန်းလျော့ကျရေးဆိုင်ရာ ကိစ္စရပ်များကို ကြိုးစားဆောင်ရွက် နေပါကြောင်း၊ အားကစားဘက်မှ ကုသရေးအပိုင်းတွင် မပါဝင်နိုင်သော်လည်း ကာကွယ်ရေးဘက်တွင် ပြည်သူလူထု၏ (Immunity) ကိုယ်ခံအားကောင်းမွန်စေရန် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပညာပေးလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်မှုကို တွေ့ရှိနေပါကြောင်း၊ ထိုကဲ့သို့ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသ တိုက်ဖျက်ခြင်းကို ထိရောက်စွာ ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်တို့က ရှေ့လာမည့် (၅)နှစ်အတွင်း အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ အားကစားကွင်း / ရုံဆိုင်ရာ ကိစ္စရပ်များ၊ လူစွမ်းအားအရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ အစရှိသည်တို့ကို သက်ဆိုင်ရာနှစ်အလိုက်တင်ပြဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

ဘီးလင်းမြို့နယ်ရှိ ကျေးရွာများ၌ သောက်သုံးရေစမ်းသပ်စစ်ဆေး

ဘီးလင်း အောက်တိုဘာ ၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၎င်းတို့မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၁ အုပ်စုရှိ ကျေးရွာပေါင်း ၂၁၇ ရွာ၌ ပြည်သူများသောက်သုံးလျက်ရှိသည့် အများသုံးနေရာမှ ရေနမူနာများကိုရယူကာ စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုသို့စမ်းသပ်ရာတွင် ရေထဲတွင်ပါဝင်သော လူနှင့် တိရစ္ဆာန်အညစ်အကြေးဓာတ်ကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော အီကိုလီ ဗက်တီးရီးယားပိုးများ ပါဝင်မှုရှိ / မရှိကို သိရှိနိုင်ရန် အီကိုလီစမ်းသပ်ကိရိယာများဖြင့် ဘီးလင်းမြို့နယ် ကျေးလက်ရုံး၌ အောက်တိုဘာလဒုတိယပတ်မှစတင်ပြီး စစ်ဆေးစမ်းသပ်လျက်ရှိရာ ဒီဇင်ဘာလအတွင်း အပြီးစမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်ရေ၊ သုံးရေ ဖူလုံစွာရရှိစေရေးတွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ ရေကန်နှင့် စိမ့်စမ်းများတူးဖော်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပွဲတော် ပြသမည်

နေပြည်တော် အောက်တိုဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် နှစ်(၁၀၀) ပြည့် မြန်မာ့ရုပ်ရှင်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်ကို အောက်တိုဘာလ ၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

အွန်လိုင်းရုပ်ရှင်ပွဲတော်ကို ခေတ်အဆက်ဆက် ရိုက်ကူးပြသခဲ့ကြသည့် မြန်မာ့ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ အနုပညာစွမ်းပကားကို ပြန်လည်ခံစားသိမြင်စေရန်၊ မြန်မာ့ရုပ်ရှင်ကို နှစ်သက်သည့် ပြည်တွင်းပြည်ပမှ ရုပ်ရှင်ပရိသတ်များအနေဖြင့် မိမိကြိုက်နှစ်သက်ရာ ဇာတ်ကားများ ရွေးချယ်ကြည့်ရှုနိုင်စေရန်နှင့် ရုပ်ရှင်ချစ်ပရိသတ်များအား ကိုဗစ် -၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ မိမိတို့နေရာအသီးသီးတွင် လုံခြုံကျန်းမာဘေးကင်းစွာ ကြည့်ရှုနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရုပ်ရှင်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များအရ ရုပ်ရှင်ရုံကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ ပြသပေးနိုင်ခြင်းမရှိပါသဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်အဖြစ် စီစဉ်ကျင်းပခဲ့ခြင်း ဖြစ်သည်။

ယင်းအွန်လိုင်းရုပ်ရှင်ပွဲတော်တွင် Mahar Mobile Application ဖြင့် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်း ၂၅၀၀ ကျော်ကို Promo Code (102020) ဖြင့် အောက်တိုဘာ ၈ ရက်နေ့မှ ၃၁ ရက်နေ့အထိလည်းကောင်း၊ Cookie Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားပေါင်း ၅၀ ကျော်၊ ရုပ်သံလိုင်းပေါင်း ၅၀ ကျော်နှင့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် Movie Album များကို Promo Code (MMFILM 100) ဖြင့် အောက်တိုဘာ ၁၃ ရက်နေ့မှ ၃၁ ရက်နေ့ အထိလည်းကောင်း၊ Pyone Play Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကား ၃၀ နှင့် ဇာတ်လမ်းတွဲများအားလည်းကောင်း အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ၏ တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များ၏ တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်၏ တောင်ပြိုဝဲအနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် ကော့ဘဇွားခရိုင် ဂေါင်းဒုံ၌ အောက်တိုဘာ ၈ ရက်တွင် ကျင်းပသည်။

အစည်းအဝေးသုံးခုကို သီးခြားစီ ကျင်းပ

အဆိုပါ အလံတင်အစည်းအဝေးသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အမှတ်(၂) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယ ရဲမှူးကြီး ဆန်းနိုင်ဦး ဦးစီးကိုယ်စားလှယ် ၁၁ ဦးအဖွဲ့သည် အမှတ် (၃၄) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (ကော့ဘဇွား) မှ တပ်ရင်းမှူး၊ ညွှန်ကြားရေးမှူးအဆင့် Ali Haider Azad BPN ဦးစီးကိုယ်စားလှယ် ၁၃ ဦး ပါဝင်သောအဖွဲ့ဖြင့် နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ အမှတ် (၁၁) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (နတ်ချောင်ဆရီ) မှ တပ်ရင်းမှူး၊ ညွှန်ကြားရေးမှူးအဆင့် Shah Abdul Aziz Ahmed ဦးစီးကိုယ်စားလှယ် ၁၀ ဦး ပါဝင်သောအဖွဲ့ဖြင့် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီခွဲအထိ လည်းကောင်း၊

နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေး ကျင်းပစဉ်။

အမှတ်(၂) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (တက္ကနာ့ဖ်) မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး Mohammad Faisal Hasan Khan ဦးဆောင်သော အရာရှိ ၁၀ ဦး ပါဝင်သောအဖွဲ့ဖြင့် ညနေ ၃ နာရီမှ ၄ နာရီခွဲအထိလည်းကောင်း အစည်းအဝေးသုံးခုကို သီးခြားစီ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဖြစ်ပေါ်နေသောအခြေအနေများ၊ နှစ်နိုင်ငံနယ်နိမိတ်ကို တရားမဝင်ဖြတ်ကျော် ဝင်ရောက်မှုများ၊ နယ်စပ်ဒေသအနီး ပစ်ခတ်မှုဖြစ်စဉ်များ၊ တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံနယ်စပ်အနီး ARSA အကြမ်းဖက်အုပ်စုနှင့် ULA/AA အကြမ်းဖက်အုပ်စုတို့၏ လှုပ်ရှားဆောင်ရွက်မှုများ၊ နှစ်ဖက်ပူးတွဲကင်းလှည့်ဆောင်ရွက်မှုများနှင့် အရေးပေါ်ကိစ္စရပ်များတွင် နှစ်နိုင်ငံနယ်ခြားစောင့်တပ်များအကြား ဆက်သွယ်ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ သတင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဆွေးနွေးရာတွင် ARSA အကြမ်းဖက်အုပ်စုနှင့် ULA/AA အကြမ်းဖက်အုပ်စုများသည် နှစ်နိုင်ငံနယ်စပ် ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင်နက်ကိုအသုံးပြု၍ လှုပ်ရှားဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံက တည်ဆဲဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးကူညီနေခြင်းသည် နှစ်နိုင်ငံနယ်နိမိတ်လုံခြုံရေးနှင့် ဒေသတည်ငြိမ်ရေးကိုပါ ပိုမိုဆိုးရွားစွာ ထိခိုက်စေကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများ တိုက်ဖျက်ရေးကို ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်များ အနေဖြင့်လည်း ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်တွင် သဘောတူညီချက်၊ နိုင်ငံတကာစည်းမျဉ်းများနှင့် အညီ မိမိတို့ လုံခြုံရေးရဲအဖွဲ့များသာ လှုပ်ရှား/အခြေပြုနေသည်ကို အသိပေးလိုကြောင်း၊ မြန်မာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များသည် နိုင်ငံတကာနယ်နိမိတ်သတ်မှတ်ချက်ကို လေးစားလိုက်နာ၍ မိမိနိုင်ငံ နယ်မြေအတွင်း၌သာ ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြောင်း၊ နယ်နိမိတ်မျဉ်းအနီး ဝင်ရောက်မှုလုံးဝမရှိသည်ကို အသိပေးလိုကြောင်း၊ တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်းဖက်အုပ်စုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မိမိတို့က အချိန်နှင့်တစ်ပြေးညီ ဖလှယ်ပေးပို့လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ထိရောက်သည့်တုံ့ပြန်မှုများ ဆောင်ရွက်ပေးစေလိုကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို ဆိုးရွားစွာထိခိုက်စေသော အကြမ်းဖက်အဖွဲ့များ ခိုအောင်းလှုပ်ရှားမှုနှင့် တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများ တိုက်ဖျက်ရေးကို မိမိတို့ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်များက ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အထူးလိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အချက် ခုနစ်ချက်ကို သဘောတူညီ

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ဦးဆောင်သောအဖွဲ့သည် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များမှ တပ်ရင်းမှူးများနှင့် သီးခြားစီ အစည်းအဝေး သုံးခု ကျင်းပဆွေးနွေးခဲ့ရာတွင် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့တို့အကြား တပ်ရင်းမှူးအဆင့် ပူးပေါင်းဆောင်ရွက်မှုများတွင် ပစ်ခတ်သံများကြားလျှင် ဗုန်းဖြင့် ဆက်သွယ်အကြောင်းကြားရန်၊ မူးယစ်ဆေးဝါးသတင်းများဖလှယ်၍ ပူးပေါင်းတိုက်ဖျက်ရန်၊ ARSA နှင့် ULA/AA အကြမ်းဖက်အုပ်စု သတင်းများဖလှယ်ရန်၊ ဒုက္ခသည်စခန်းများတွင် အကြမ်းဖက်အဖွဲ့များ လှုပ်ရှားမှု သတင်းများ ဖလှယ်ရန်၊ အကြမ်းဖက်သမားများကို သင်တန်းပေးလေ့ကျင့်မှုသတင်းများ ဖလှယ်ရန်၊ တရားမဝင် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုများ သတင်းဖလှယ်၍ ပိတ်ဆို့ရှာဖွေဖမ်းဆီးမှုများ ဆောင်ရွက်ရန်၊ တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးများကို သုံးလတစ်ကြိမ် ပုံမှန်ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံနယ်နိမိတ် ပူးပေါင်းကင်းလှည့်ခြင်းကို ညှိနှိုင်းဆောင်ရွက်ရန်ဟူသည့်အချက် ခုနစ်ချက်ကို သဘောတူညီခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား Virtual စနစ်ဖြင့် ကျင်းပသွားမည်

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင်ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပြည်လမ်း ရန်ကုန်မြို့ရှိ စတူဒီယို (၁)တွင် Virtual စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါအခမ်းအနားကျင်းပပုံများကို အောက်တိုဘာ ၁၃ ရက်ညနေ ၅ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Facebook Page နှင့် MRTV Live တို့တွင်လည်း Live Streaming ထုတ်လွှင့်သွားမည်ဖြစ်သည်။

MOI Webportal Myanmar Facebook Page နှင့် Myanmar Digital News Facebook Page တို့မှလည်း ထုတ်လွှင့်ပြသသွားမည် ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

လဟယ်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထူးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

လဟယ် အောက်တိုဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားချက်တွင် မပါဝင်ဘဲ အကြောင်းအမျိုးမျိုးကြောင့် ကျန်ခဲ့သည့် လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် အထူးရန်ပုံငွေဖြင့် ဖြည့်စွက်ဆောင်ရွက်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ လုပ်ငန်းများတွင် ရွှေလောကျေးရွာမှ အိန္ဒိယနယ်စပ်ကျောက်တိုင် အမှတ် (၁၅၁) ထိ ကားလမ်းသစ် ဖောက်လုပ်ခြင်း၊ ဂမ်းည - ယမ်းကြိမ် လမ်းပိုင်းနှင့် ယမ်းကြိမ် - တွေးထွေနောက်ကျော့ လမ်းပိုင်းကို လမ်းအူကြောင်းရှာဖွေခြင်း၊ လဟယ်မှ-ယမ်းကြုံးထိ (လဟယ်-လောင်ကျန်းနောက်ကုန်း-တိုက်ရံ-လကျန်း-လန်ထိန်-တွေးထွေနောက်ကျော့-လောင်ဂီး-ယမ်းကြုံး-ဂမ်းည) လမ်းပိုင်းများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကွင်းဆင်းဆောင်ရွက်ရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခေတ္တနာဂဒေသ ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးရုံး(လဟယ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလတ်ဆက်နှင့်အတူ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မွေးကြူဇင်

ခိုလမ်-ကျိုင်းတောင်းကားလမ်းဘေးတွင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အက်စစ်ပုံးများ ဖျက်ဆီး

ခိုလမ် အောက်တိုဘာ ၉

ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်နယ်မြေရဲစခန်းမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အက်စစ်ပုံးများ ဖျက်ဆီးခြင်းကို အောက်တိုဘာ ၇ ရက်က ခိုလမ် - ကျိုင်းတောင်းကားလမ်းဘေးတွင် ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယခု ခိုလမ်ဒေသပတ်ဝန်းကျင်က ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို ပြီးခဲ့သည့် ဇွန်လ ၂၆ ရက်က တောင်ကြီးမြို့တွင် မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း၊ အစပျိုးဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ထုထည်ပမာဏများပြားသည့်အတွက် သယ်ယူရန် ခက်ခဲခြင်း၊ ရွှေပြောင်းသယ်ဆောင်ရာတွင် မမျှော်လင့်သည့် အုပ်ချုပ်မှုကိစ္စများ ဖြစ်ပေါ်နိုင်သည့်အတွက် ဇွန်လ ၂၆ ရက်က ဖျက်ဆီးခြင်း မပြုနိုင်ဘဲ ယခု ဖျက်ဆီးရခြင်း ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်းတွင် အမေရိကန်ဒေါ်လာ ၆၅၁ သန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖျက်ဆီးခဲ့ပြီးဖြစ်သည့်အတွက် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၅၀၁ သန်း ပိုမိုဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ် ရှမ်းပြည်နယ်၊ ရန်ကုန်၊ မန္တလေးအပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အမေရိကန်ဒေါ်လာ ၈၃၄ ဒသမ ၉၄၁၈ သန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း၊ တားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြသည့်အတွက် နမ့်စန်မြို့နယ် ခိုလမ်ဒေသတွင် မူးယစ်ဆေးဝါးအမျိုးအစား ၁၀ မျိုး၊ အစပျိုး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းအမျိုးအစား ၂၄ မျိုး စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၁၂၁၁ ဒသမ ၈၁၉ သန်း ကျော် တန်ဖိုးရှိသည့် ပစ္စည်းများအပြင် မော်တော်ယာဉ် ရှစ်စီး၊ လက်နက်နှင့် ခဲယမ်းများကို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံ ၃၉ ဦးနှင့် တရားခံပြေး နှစ်ဦး စုစုပေါင်း ၄၁ ဦးတို့ကို အရေးယူနိုင်ခဲ့ကြောင်း၊ နှစ်စဉ် မူးယစ်ဆေးဝါးပမာဏများစွာ ဖမ်းဆီးရမိ အရေးယူနိုင်ခဲ့သော်လည်း မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများ လူမှုပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးအန္တရာယ်ကြီးသည် ကျယ်ပြန့်လျက်ရှိနေဆဲဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပယောဂကင်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နေသည့်ကြားက မူးယစ်ဆေးဝါးအန္တရာယ်သည် ခြိမ်းခြောက်လျက်ရှိနေဆဲဖြစ်ပြီး အလေးထားဂရုပြုရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုက ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အက်စစ်ပုံးများ၏ အမှုဖြစ်စဉ်အကျဉ်း ရှင်းလင်း တင်ပြပြီး ယခုနှစ်အတွင်း တောင်ကြီးမြို့တွင် ကျင်းပသော မူးယစ်နိုင်မှုမရှိရခြင်းမှာ သက်သေခံပစ္စည်း ဆာလဖျူရစ် အက်စစ်ပီပါများအား ရွှေပြောင်းသယ်ဆောင်ပါက ပေါက်ကွဲဖျက်စီးစေတတ်သောပစ္စည်းများဖြစ်ပြီး မလိုအပ်သော အုပ်ချုပ်မှုကိစ္စများ မဖြစ်ပေါ်စေရေးအတွက် ဖမ်းဆီးရမိသည့် နယ်မြေရဲစခန်းအပိုင် နယ်မြေအတွင်း၌သာ ယခုကဲ့သို့ မြေကျင်းထဲသို့ သွန်မှောက်ဖျက်ဆီးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြု သည့် အက်စစ်ပုံးများအား လှည့်လည်ကြည့်ရှုပြီး မြေကျင်းထဲသို့ သွန်ချဖျက်ဆီးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **မောင်မောင်သန်း(တောင်ကြီး)**

ကမ္ဘောဇဘဏ်က အမ်းမြို့သို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

အမ်း အောက်တိုဘာ ၉

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ယနေ့ဖြစ်ပွားနေချိန်ကာလတွင် ရခိုင်ပြည်နယ်နှင့် နိုင်ငံတစ်ဝန်းသို့ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် အလှူငွေများ ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် ရခိုင်ပြည်နယ် အမ်းမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀) သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထိုသို့လှူဒါန်းရာတွင် ကမ္ဘောဇဘဏ်(အမ်းဘဏ်ခွဲ)တာဝန်ခံ ဦးဦးစံဝင်းနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၁၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့် ဆေးရည်ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး PPE ဝတ်စုံ ၃၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၅၀ တို့ကို အမ်းမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀)သို့ သွားရောက် ပေးအပ်လှူဒါန်းရာ အမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကျော်မိုးနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ကမ္ဘောဇဘဏ်သည် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၇၇၃၈၆ သိန်း လှူဒါန်းထားကြောင်း သိရသည်။

ကိုကျော်

ပေါင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဆိုင်ရာ လုပ်ငန်းတွင်အသုံးပြုရန် ငွေလှူဒါန်း

ပေါင် အောက်တိုဘာ ၉

ပေါင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ လုပ်ငန်းများအသုံးပြုရန်အတွက် အလှူရှင်များက လှူဒါန်းထားသော ငွေကျပ်သိန်း ၁၅၀ ကျော် လက်ခံရရှိထားကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ မြို့နယ်အဆင့်လုပ်ငန်းကော်မတီထံမှ သိရသည်။

အလှူခံရရှိထားသော ငွေများထဲမှ ကျပ်သိန်း ၂၀ ကို လတ်တလော လိုအပ်နေသည့်ပစ္စည်းများဝယ်ယူရန် သုံးစွဲထားပြီး ကျန်ငွေများကို ဘဏ်တွင် အပ်နှံထားကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ မြို့နယ်အဆင့်လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးအောင်မင်းနိုင်က ပြောသည်။

"ကျွန်တော်တို့ ပေါင်မြို့နယ်အနေနဲ့ ဒီ ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးမှာ လိုအပ်တဲ့ အစီအစဉ်တွေကို လှူဒါန်းပေးနေတာက ခုလက်ရှိဆိုငွေကျပ်သိန်း ၁၅၀ ကျော်ရရှိပြီး ဖြစ်ပါတယ်။ အဲဒီမှာမှ ပစ္စည်းဝယ်ယူဖို့ ပထမအသုတ်အနေနဲ့ ငွေကျပ်သိန်း ၂၀ ကို အသုံးပြုပြီးလည်း ဖြစ်ပါတယ်။ ကျန်တဲ့ ငွေကျပ်၁၂၉ သိန်းကိုတော့ ဘဏ်မှာ လူ သုံးဦး အမည်နဲ့အပ်ထားပါတယ်" ဟု ၎င်းက ပြောသည်။

ယင်းအလှူငွေများကို ကုသရေးလုပ်ငန်း၊ သွားလာမှုကန့်သတ်သည့်နေရာနှင့် အတည်ပြုလူနာ ခေါ်ယူပို့ဆောင်ခြင်းလုပ်ငန်းများတွင် အဓိက သုံးစွဲသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါအလှူငွေများအပြင် အခြားလိုအပ်သည့် လက်ဆေးဆပ်ပြာရည်နှင့် စားသောက်ဖွယ်ရာများလည်း လာရောက် လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ကိုဟိန်း(ပေါင်)





မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

အကယ်ဒမီ ခင်ယုမေနှင့် ရုပ်ရှင်စကားဝိုင်း

ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

(အောက်တိုဘာ ၈ ရက်မှအဆက်)

ဒေါ်ခင်ယုမေ ။ ။ အားကစားဘက်ကလာတဲ့ မယ်တွေရှိတယ်။ အစ်မတို့ကျတော့ အဆိုကလာတာ။

ကြည်စိုးထွန်း ။ ။ ဂီတကလာတယ်ဆိုတာ ပြန်စဉ်းစားကြည့်တော့မှ အများကြီးပါပဲ။ တွံတေးသိန်းတန်တို့၊ နောက်ပြီးတော့ ဦးသန်းဖေလေးတို့၊ ဒေါ်ချိုပြုံးတို့ စသည်အားဖြင့်ပေါ့။

ဒေါ်ခင်ယုမေ ။ ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့။

ကြည်စိုးထွန်း ။ ။ ဒါပေမယ့် အစ်မက တော်တော်စောတယ်နော်။ တော်တော်စောပြီးတော့ အစ်မရဲ့ အစောဆုံး သီချင်းဆိုနေတဲ့ပုံကို ကျွန်တော် ဘယ်မှာ တွေ့လဲဆိုတော့ မန်းရာပြည့်မှာ သွားတွေ့တယ်။ မန္တလေး ရာပြည့်ပွဲတော်မှာ အစ်မသီချင်းဆိုနေတဲ့ပုံတွေ ကျွန်တော်သွားတွေ့တာပေါ့နော်။ တွေ့ပြီးတော့ ထူးထူးခြားခြား အစ်မရယ် အဲဒီမှာပဲ မန္တလေးရာပြည့်မှာပဲ


သန်းဖေလေး

မောင်မောင်တာ

ဦးချင်းစိန်

လူရွှင်တော်ညွှတ်စိ (ခ)
ဒါရိုက်တာ မောင်လှတင်

ဖျာပုံမယ်တင်တင်အေး

မေရီမြင့်

မန္တလေးလူငယ်တွေကနေပြီးတော့ မင်းသားမောင်မောင်တာနဲ့၊ မင်းသားမောင်မောင်တာ ဦးစီးပြီးတော့ သူတို့ 'ရွှေမန်းရုပ်ရှင်' ဆိုပြီးတော့စတာ။ အဲဒီ ရွှေမန်းရုပ်ရှင်က ပထမဆုံးကားမှာ မောင်မောင်တာနဲ့ တွဲပြီးတော့ မင်းသမီးပါတယ်။

ဒေါ်ခင်ယုမေ ။ ။ ဟုတ်တယ်။

ကြည်စိုးထွန်း ။ ။ အဲဒီမင်းသမီးက ခင်ယုမေ။

ဒေါ်ခင်ယုမေ ။ ။ အဲဒါလေ မန်းတက္ကသိုလ် 'ဓာတုကလျာ'။

ကြည်စိုးထွန်း ။ ။ မန်းတက္ကသိုလ် 'ဓာတုကလျာ' ဟုတ်တယ် အစ်မရယ်။

ဒေါ်ခင်ယုမေ ။ ။ တော်တော်ရိုက်ပြီးပြီ၊ Still တွေဘာတွေ တော်တော်ရိုက်ပြီး နောက်ဘယ်လိုဖြစ်သွားလဲ မပြောတတ်ဘူး။

ကြည်စိုးထွန်း ။ ။ ဟုတ်ကဲ့ စိတ်ဝင်စားတယ်လေ၊ ကျွန်တော်တို့ မန်းတက္ကသိုလ်ဓာတုကလျာ ဆိုတာလေးနဲ့တင်ကို စိတ်ဝင်စားတယ်။ နောက် မန္တလေးကလူငယ်တစ်စု စုပြီးတော့ ရိုက်ကြတယ်၊ မောင်မောင်တာလည်း ဦးစီးတယ်ဆိုတော့ ကျွန်တော်တို့က မျှော်လင့်တာပေါ့လေ။

ဒေါ်ခင်ယုမေ ။ ။ ဟုတ်တယ်။

ကြည်စိုးထွန်း ။ ။ ကျွန်တော်သိသလောက် အစ်မကို စာချုပ်ချုပ်တဲ့ အထဲမှာ 'အသက်'ရယ်၊ 'စိုးပိုင်' ရယ် နောက်တစ်ကား ဘာမှန်းတောင် မသိဘူးနော် စာချုပ်ချုပ်ပေမယ့် အစ်မက...။

ဒေါ်ခင်ယုမေ ။ ။ 'ဤဘဝဝယ်' ။

ကြည်စိုးထွန်း ။ ။ 'ဤဘဝဝယ်' ကားမှ စရိုက်ရတာ ဟုတ်လား ။

ဒေါ်ခင်ယုမေ ။ ။ စရိုက်ရတာ။

ကြည်စိုးထွန်း ။ ။ 'အသက်' ကို ရိုက်သေးတယ်၊ ဒါပေမယ့် ရပ်ထားတယ် ပြောတယ် ဘာဖြစ်လို့လဲ။

ဒေါ်ခင်ယုမေ ။ ။ 'အသက်' ကိုရိုက်ရင်း အသက် ထွက်သွားမယ်လေ။

ကြည်စိုးထွန်း ။ ။ ဆိုပါဦး ။

ဒေါ်ခင်ယုမေ ။ ။ ဆရာဦးချင်းစိန်ကပြောတယ်၊မင်းသမီးတင်တာတဲ့။ သူက အဆိုတော်လည်း ဖြစ်တယ်တဲ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ မြူးမြူးကြွကြွ ကားလေးမှ နာမည်ရမှာပေါ့တဲ့။ ဒီ 'အသက်' ဇာတ်ကားက Heavy Drama ကြီး၊ တစ်နေ့တစ်နေ့ စိတ်တွေညစ်ပြီးတော့ ခုတင်ပေါ်မှာပဲ စိတ်ထိုင်ညစ်နေတာ၊ ဘာမှလည်း လှုပ်ရှားမှုမရှိရင် မဖြစ်ဘူးတဲ့ ဆိုပြီးတော့ အဲဒါတစ်ရက်နှစ်ရက် ရိုက်ပြီးတော့ ဆရာကအဲဒါကို ရပ်လိုက်တယ်ပေါ့။

ကြည်စိုးထွန်း ။ ။ ပြော – တော်တယ်နော်။

ဒေါ်ခင်ယုမေ ။ ။ ရပ်လိုက်ပြီးတော့ဇာတ်လမ်းကိုရှာကြတော့မြူးမြူးကြွကြွတေးဂီတလေးနဲ့ အဆိုလည်း ဖြစ်တယ်ဆိုတော့ သီချင်းတွေလည်း အများကြီးပါတာပေါ့။ အဲ့ဒါ 'ဤဘဝဝယ်' ဆိုပြီးတော့ ဆရာဦးလှတင်။ ဆရာက အရင်တုန်းက လူရွှင်တော် ညွှတ်စိလေ။ အဲဒါ ဒါရိုက်တာဦးလှတင်။

ကြည်စိုးထွန်း ။ ။ ဟုတ်ကဲ့၊ မောင်လှတင်လို့ ရေးတာများတယ်။

ဒေါ်ခင်ယုမေ ။ ။ ဟုတ်တယ်၊ ဒယ်ဒီဖိုးပါကြီးနဲ့လေ ။

ကြည်စိုးထွန်း ။ ။ ဟုတ်ကဲ့၊ ကျွန်တော်က အဲဒါသတိရနေသေးတယ် အစ်မရဲ့။ အဲဒီကားထဲမှာဆိုရင် ဒါအစ်မရဲ့ အသက်ဆိုတာကတော့ နည်းနည်း အသက်ကြီးတဲ့ အရွယ်ရတဲ့ အမျိုးသမီး သရုပ်ဆောင်ဖြစ်တဲ့အတွက် ဦးချင်းစိန်ကလည်းစောင့်ပြီး ရိုက်မယ်ဆိုတဲ့သဘောနဲ့ သူက ရည်ရွယ်ပြီးတော့ ဟာ ဒီငယ်ငယ်ရွယ်ရွယ် အဆိုတော်လေးကို ဒီလိုပွဲထုတ်လို့တော့ မရဘူးဆိုတာ တော်တယ်နော် အစ်မနော် ။

ဒေါ်ခင်ယုမေ ။ ။ ကိုယ်ဒါရိုက်တာလုပ်တာပဲ ကိုယ်ရိုက်မှာပေါ့၊ ဟိုတုန်းက အဲ့ဒီလိုမရှိဘူး။

ကြည်စိုးထွန်း ။ ။ မရှိဘူးနော် ။

ဒေါ်ခင်ယုမေ ။ ။ ဆရာကြီးတွေကအကုန်လုံး တပည့်ဆိုလည်း တပည့်ပေါ့။ နာမည်ရဖို့ ညှာတာကြတယ်။ ဆရာရှေ့ခုံးဆိုလည်း ဒီအတိုင်းပဲ။

ကြည်စိုးထွန်း ။ ။ ဟုတ်ပါ့ အစ်မ၊ ကဲ အဲဒီတော့ အစ်မရယ် 'ဤဘဝဝယ်' ထဲမှာ အစ်မက ယောကျ်ားလျာလေးလား မသိဘူး။

ဒေါ်ခင်ယုမေ ။ ။ အင်း ယောကျ်ားလျာ ဆန်ဆန်ပဲ ။

ကြည်စိုးထွန်း ။ ။ လွတ်လွတ်လပ်လပ် နေချင်တဲ့စရိုက်မျိုး အစ်မ သရုပ်ဆောင်ရတယ်နော်။ သွက်သွက်လက်လက်နဲ့။

ဒေါ်ခင်ယုမေ ။ ။ သီချင်းတွေဆိုလိုက် ဘာဆိုလိုက်နဲ့။

ကြည်စိုးထွန်း ။ ။ အဲဒီသီချင်းတွေ လုပ်ပါဦး အစ်မရယ်။

ဒေါ်ခင်ယုမေ ။ ။ ကြာတော့ မေ့ကုန်ပြီလေ။

ကြည်စိုးထွန်း ။ ။ လွတ်လပ်မှု ဖွေရှာဆိုတာလေ အစ်မရယ် ဘာလဲ သီချင်းလေးနာမည်က။

ဒေါ်ခင်ယုမေ ။ ။ အဲဒါကတော့ မေ့အတွက် မောင့်အသည်းထဲက အနိုင်ယူမယ်က။

ကြည်စိုးထွန်း ။ ။ 'ဤဘဝဝယ်'ထဲက မဟုတ်ဘူးလား။

ဒေါ်ခင်ယုမေ ။ ။ 'ဤဘဝဝယ်'ထဲကမဟုတ်ဘူး။

ကြည်စိုးထွန်း ။ ။ ဟုတ်လား၊ အနိုင်ယူမယ်ကလေ။

ဒေါ်ခင်ယုမေ ။ ။ xx ဤဘဝဝယ် လူဖြစ်ရတဲ့ဘဝမှာကွယ်xx အပျော်ဆုံးကွယ် xx အပေါင်းအသင်းများနဲ့လည် xx ဆိုတာ။ အဲဒါ စက်ဘီးလေးတွေ စီးပြီးတော့ ပဲခူးမှာ သွားရိုက်တာလေ။

ကြည်စိုးထွန်း ။ ။ ပြော – ဒါပထမဆုံးပဲနော် အစ်မ။

ဒေါ်ခင်ယုမေ ။ ။ ကိုအုန်းမောင်လည်း ကြာဇံအုန်းမောင်ဖြစ်သွားတာ၊ အဲဒီကားက။

ကြည်စိုးထွန်း ။ ။ ဟုတ်လား။

ဒေါ်ခင်ယုမေ ။ ။ ကိုအုန်းမောင်လေ။

ကြည်စိုးထွန်း ။ ။ သိတယ်လေ၊ နောက်ကျတော့ ကြာဇံအုန်းမောင်ဖြစ်သွားတာ။

ဒေါ်ခင်ယုမေ ။ ။ သူလည်း ပါတယ်လေ၊ မောင်နှမလုပ်ကြရတာ။

ကြည်စိုးထွန်း ။ ။ ဟုတ်လား ကိုအုန်းမောင်ကြီးကနော် နောက်ကျတော့ သူက ကျွန်တော်တို့ Dubbing တွေလုပ်ကြတော့ ကိုအုန်းမောင်ကြီးက ဗုံတီးတယ်လေ။ နောက်တစ်ခါ ကိုဝင်းဦးကားထဲမှာလည်း သူဗုံတီးတဲ့ အခန်းတွေ ဘာတွေ ပါသေးတယ်ပေါ့နော်။ တော်တော်များများ နောက် ဦးကျော်စိုး ရိုက်တာထင်ပါတယ် ကာတွန်းအောင်ရှိန်ရဲ့။

ဒေါ်ခင်ယုမေ ။ ။ အဲ့ဒါက 'မေတ္တာပေါင်းကူး'။ 'မေတ္တာပေါင်းကူး' ကတော့ ကုန်ပဒေသာတိုက်လေ ဒေါ်ခင်မမတို့၊ ကုန်ပဒေသာတိုက်မှာ ကိုကျော်လီတို့ ဘာတို့၊ အစ်မတို့က အရောင်းစာရေးမတွေပေါ့နော်။ သီချင်းလေးတွေနဲ့ပေါ့၊ ရောင်းကြပြကြပေါ့။

စာမျက်နှာ ၁၁ သို့

ဂျော်လီဆွေ

ကြည်စိုး၊ ခင်ယုမေ

ဖိုးပါကြီး

စာမျက်နှာ ၁၀ မှ

ကြည်စိုးထွန်း ။ ။ ခုနက ကျွန်တော်မှတ်မိတာ၊ အစ်မကိုစာချုပ်လိုက်တာ 'အသက်' ရယ်၊ 'ချစ်စံနမူ' ရယ်၊ နောက် 'စိုးပိုင်' ရယ်ကို စာချုပ်ချုပ်တာ။ ဒါပေမယ့် အစ်မက 'ချစ်စံနမူ'က မရိုက်ဖြစ်ဖူးလား။

ဒေါ်ခင်ယုမေ ။ ။ 'စိုးပိုင်' တော့ မဟုတ်ဘူး 'စိုးပိုင်' ကနောက်ကျတာ။ 'စိုးပိုင်' က ဆရာ့ရဲ့ကိုယ်ပိုင်ကော်ပီ။ ပထမဦးဆုံးလုပ်တာ 'ချစ်စံနမူ' လေ။ ဆရာဦးသာခုရဲ့ ဝတ္ထု 'ချစ်စံနမူ' လေ။ မင်းသားက မုန့်ဟင်းခါးသည်လေ။ အဲဒီဥစ္စာကလည်း ကိုထွန်းဝေနဲ့ ဘယ်လိုရက်ချိန်းပေးဖို့တွေ ကုမ္ဗဏီနဲ့ ဘယ်လိုအဆင်မပြေလဲ မသိဘူး။ မမတို့ကတော့ ကိုယ်ကသရုပ်ဆောင်ဆိုတော့ သူတို့ကိစ္စတွေ ကိုယ်မသိဘူးလေ။ အဲဒါအဆင်မပြေဖြစ်ပြီး မရိုက်ဖြစ်ဘူး ။

ကြည်စိုးထွန်း ။ ။ အထစ်အငေါ့လေးတွေ ကျွန်တော် တော်တော်တွေ့တယ်။

ဒေါ်ခင်ယုမေ ။ ။ အထစ်အငေါ့ တော်တော်များတယ် ။

ကြည်စိုးထွန်း ။ ။ ချက်ချင်းတန်းပြီးတော့ ဟုတ်လား အဆိုတော်။

ဒေါ်ခင်ယုမေ ။ ။ တန်းပြီးမဖြစ်ဘူး ။

ကြည်စိုးထွန်း ။ ။ မဖြစ်ဘူး ၊ နောက်တစ်ခုရှိသေးတယ်။ 'လာနိုးငယ်မျှော်' ကပုံလေး တွေ့ဖူးတာပေါ့။ အဲဒီ 'လာနိုးငယ်မျှော်' ထဲမှာ ဦးကျော်ဆွေနဲ့ အစ်မနဲ့ 'လာနိုးငယ်မျှော်' ရိုက်မယ်ဆိုတဲ့ ပုံလေးကို မရိုက်ဖြစ်ဘဲနဲ့။ ဆိုပါတော့ အစ်မ 'လာနိုးငယ်မျှော်' လည်း မရိုက်ဖြစ်ဘူး၊ 'အသက်' ကလည်း တန်းလန်းကြီးနဲ့နော်၊ နောက်ကျတော့မှအစ်မ 'ဤဘဝဝယ်' ကို ရိုက်ဖြစ်တယ်နော်။ 'ဤဘဝဝယ်' ရိုက်ဖြစ်ပြီးတော့ နောက်တော့ ဆက်တိုက်လိုလို အစ်မ။

ဒေါ်ခင်ယုမေ ။ ။ အဲဒါလည်း ကောင်းသွားပါတယ်၊ တစ်ကားတည်းနဲ့ ခေါင်းဆောင်မင်းသမီး ဖြစ်သွားတယ်။ တစ်ကားတည်းနဲ့လေ၊ ကားရိုက်မထွက်ခင် ဦးတင်ညွှန့်တို့လေ အစ်ကိုကြီးတင်ညွှန့်တို့။

ကြည်စိုးထွန်း ။ ။ မူယာတို့ ဘာတို့ပေါ့။

ဒေါ်ခင်ယုမေ ။ ။ အဲဒါ အဲဒီကားမထွက်ခင်။

ကြည်စိုးထွန်း ။ ။ ၄ားတာ။

ဒေါ်ခင်ယုမေ ။ ။ ၄ားတာ သူတို့ဟာသူတို့ ယုံကြည်ပြီး ၄ားကြတာပေါ့။

ကြည်စိုးထွန်း ။ ။ မင်းသားတွေ အများကြီးတွဲရတာပဲ။ ကျွန်တော် ကြည့်ရတာ။

ဒေါ်ခင်ယုမေ ။ ။ အဲဒီမှာ 'ဤဘဝဝယ်' ရုံတင်တော့ မမတို့က 'သူဇာနဲ့ မူယာ' ဦးတင်ညွှန့်ကား ကျောက်ဆည်မှာ ရိုက်နေတာ။

ကြည်စိုးထွန်း ။ ။ ဟုတ်လား။

ဒေါ်ခင်ယုမေ ။ ။ ကောင်းလိုက်တာလို့ တော်ကြာငါကတော့ နာမည်မကြီးရင် ရှက်စရာကြီး၊ သူငယ်ချင်းတွေနဲ့ ရှက်စရာကြီးပေါ့နော်၊ ပေါက်ရင်တော်ရဲ့၊ မပေါက်ရင်လည်း သူငယ်ချင်းတွေနဲ့ ရှက်စရာကြီးဖြစ်မှာပေါ့နော်။

ကြည်စိုးထွန်း ။ ။ မှန်တာပေါ့ အစ်မရယ်၊

ဒေါ်ခင်ယုမေ ။ ။ တော်သေးတယ်။ ပေါက်သွားတယ်။

ကြည်စိုးထွန်း ။ ။ ဖိုးပါကြီးနဲ့နော် အဲဒီကားက။

ဒေါ်ခင်ယုမေ ။ ။ အဲဒီမှာ ခင်ယုမေ 'ဤဘဝဝယ်' ဘောလုံးကြီးကို သယ်လာပါပြီခင်ဗျာ၊ ဗဟာဒူးတို့ ဘာတို့ ခေတ်စားနေတဲ့ခေတ်၊ ဘောလုံးခေတ်စားနေတဲ့ခေတ် သူကအဲလိုမျိုး ကြော်ငြာတာလေ။

(ဆက်လက်ဖော်ပြပါမည်။)

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် အောက်တိုဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဖိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အောက်တိုဘာလ ၁၀ ရက်(စနေနေ့) ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် နံရံတွင်ချိတ်ဆွဲထားသော နာရီလေးသည် မည်သည့်အချိန်တွင် အိပ်စက်အနားယူကြောင်းကို သိလိုသည့် စူးစမ်းတတ်သော ဖိုးကျော်အကြောင်းကို ရေးဖွဲ့ထားသည့် "မအိပ်သောနာရီ" မျက်နှာဖုံးကာတွန်း၊ ကူးစက်မြန် ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ကူးစက်ခြင်း မခံရစေရန် လိုက်နာရမည့် အကြောင်းအရာအချက်အချို့ကို တင်ဆက်ထားသည့် "ကိုဗစ်-၁၉ အန္တရာယ်သတိရှိကြမယ်" သုတဆောင်းပါး၊ ကလေးတို့ ဥာဏ်ရည်ဖွံ့ဖြိုးစေရန် တင်ဆက်ထားသည့် "ရွှေသွေးတို့ပျော်စရာ" ဥာဏ်စမ်းကဏ္ဍ၊ မိမိတွင် ငါးရိုးအစူးခံရရာမှ ငါးမျှားချိတ်ဖြင့် ငါးမျှားခဲ့သော မိမိ၏အဖြစ်ကို နောင်တရမိသည့် "ပုပုပါဝင်သည့် ကိုယ်ချင်းစာ" နှစ်မျက်နှာကာတွန်း၊ ကလေးများအနေဖြင့် ငယ်စဉ်အရွယ်မှစ၍ သူတစ်ပါးပစ္စည်းကို အချောင်လိုချင်သောစိတ်မဖြစ်စေရန် သတိပေးဆုံးမထားသည့် "ဖိုးခန့်နှင့် ကံစမ်းမဲများ" ကလေးဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍ၊ ကလေးကာတွန်း၊ ဥာဏ်စမ်းကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရှိရသည်။



သတင်းစဉ်



လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်

နေပြည်တော် အောက်တိုဘာ ၉

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးချက်နှိုးဆော်ချက်

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၁၃ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်တို့တွင် နေရာစုံစုံမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ထစ်ချုန်းရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ် ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဧလ

ရောဝတီမြစ်ရေ ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၉

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။ **မိုး/ဧလ**

ရမ်ဒက်ဆဗီယာဆေးက ကိုဗစ်-၁၉ ရောဂါ မြန်မြန်ပျောက်ကင်းစေနိုင်

ဝါရှင်တန် အောက်တိုဘာ ၉

ဗိုင်းရပ်စ်ပိုးများကို ချေဖျက်သုတ်သင်နိုင်စွမ်းရှိသည့် ရမ်ဒက်ဆဗီယာဆေးက ကိုဗစ်-၁၉ ကူးစက်ခံရသည့်လူနာများကို ရောဂါမြန်မြန်ပျောက်ကင်းစေနိုင်ပြီး ရောဂါလက္ခဏာပြင်းထန်သည့် အခြေအနေမရောက်အောင် ကြိုတင်ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် ပြည်ထောင်စု ကျန်းမာရေးအင်စတီကျူမှ သုတေသနပညာရှင်များ ဦးဆောင်သည့် လေ့လာမှုအဖွဲ့သည် ၎င်းတို့လုပ်ဆောင်နေသည့် လက်တွေ့စမ်းသပ်မှုဆိုင်ရာ နောက်ဆုံးအစီရင်ခံစာတစ်စောင်ကို နယူးအင်္ဂလန်ဂျာနယ်၌ အောက်တိုဘာ ၈ ရက်က ပုံနှိပ်ဖော်ပြခဲ့သည်။

သုတေသနပညာရှင်များသည် အမေရိကန်နှင့် ဂျပန်အပါအဝင် နိုင်ငံပေါင်း ၁၀ ၌ ကိုဗစ် - ၁၉ ကူးစက်ခံရပြီး ဆေးရုံတက်နေရသည့် အရွယ်ရောက်ပြီးသူ အယောက် ၁၀၀၀ ခန့်ကို စမ်းသပ်ခဲ့သည်။ အဆိုပါ လူနာများကို ရမ်ဒက်ဆဗီယာ သို့မဟုတ် အာနိသင်မရှိသည့် ဆေးလုံးအတုကို ၁၀ ရက်နှင့်အထက်ပေးခဲ့ရာ ရမ်ဒက်ဆဗီယာ ဆေးပေးသည့် လူနာများတွင် ၁၀ ရက်အကြာ၌ ရောဂါပျောက်ကင်းပြီး အာနိသင်မဲ့ဆေးလုံး ပေးသူများမှာ ၁၅ ရက်အကြာတွင် ရောဂါပျောက်ကင်းကြောင်း သိရသည်။

ထို့ပြင် ရမ်ဒက်ဆဗီယာ ဆေးပေးသည့် လူနာအုပ်စုမှာ အာနိသင်မရှိသည့်ဆေး ပေးထားသည့် လူနာအုပ်စုနှင့် ယှဉ်လျှင် ၁၅ ရက်မြောက်နေ့တွင် ကျန်းမာရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်မှုကို ပြသလျက်ရှိကြောင်း လေ့လာသူများက ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မကြာသေးမီက ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ရမ်ဒက်ဆဗီယာဆေးဖြင့် ကုသမှုခံယူခဲ့ကြောင်း သိရသည်။

အင်နိန်အိတ်ချ်ကေ

ဥရောပပါလီမန်ဥက္ကဋ္ဌ ဒေးဗစ်ဆက်ဆိုလီကို တွေ့ရစဉ်။

ဥရောပပါလီမန်ဥက္ကဋ္ဌ ကိုဗစ် - ၁၉ လူနာနှင့် ထိတွေ့ပြီးနောက် မိမိကိုယ်တိုင် သီးသန့်ခွဲခြားစောင့်ကြည့်

ဘရပ်ဆဲလ် အောက်တိုဘာ ၉

ဥရောပပါလီမန်ဥက္ကဋ္ဌ ဒေးဗစ်ဆက်ဆိုလီက ကိုဗစ် - ၁၉ ကူးစက်ခံထားရသော ဝန်ထမ်းတစ်ဦးနှင့် ထိတွေ့ပြီးနောက် မိမိကိုယ်တိုင်သီးသန့်ခွဲခြားနေထိုင်ရန် ဆုံးဖြတ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် အောက်တိုဘာ ၉ ရက်က ဖော်ပြလိုက်သည်။

မိမိမှာအခြေအနေကောင်းမွန်ကြောင်း၊ ကိုဗစ် - ၁၉ ရောဂါလက္ခဏာ မရှိကြောင်း ဆက်ဆိုလီက တွစ်တာတွင် ပြောကြားလိုက်သည်။ ထို့အပြင် လိုအပ်သောစစ်ဆေးမှုများလုပ်ဆောင်ရန် အချိန်ကာလတစ်ခုအထိ မိမိကိုယ်တိုင် သီးသန့်ခွဲခြားနေထိုင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆက်ဆိုလီသည် ပါလီမန်မျက်နှာစုံညီအစည်းအဝေးကျင်းပရန် ဘရပ်ဆဲလ်တွင် ရောက်နေသည်။

ဘယ်လ်ဂျီယံကျန်းမာရေးစည်းမျဉ်း စည်းကမ်းများအရ ကိုဗစ် - ၁၉ ကူးစက်ခံထားရသူများနှင့် ထိတွေ့ခဲ့သူများသည် ထိတွေ့ခဲ့သည့်အချိန်မှစကာ မိမိ၏အိမ်တွင် ခုနစ်ရက်ကြာ ခွဲခြားနေထိုင်ရမည်ဖြစ်သည်။

ဆက်ဆိုလီသည် မကြာသေးမီက ကိုဗစ် - ၁၉ ကူးစက်မှု၌ မရှိစောင့်ကြည့်ရန် မိမိကိုယ်ကို သီးသန့်ခွဲခြား နေထိုင်လျက်ရှိသည့် ဥရောပသမဂ္ဂအဆင့်မြင့်အရာရှိကြီးများထဲမှ တစ်ဦးဖြစ်သည်။

ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ချားစ်မိုက်ကယ်သည် လွန်ခဲ့သော စက်တင်ဘာလနှောင်းပိုင်းက သီးသန့်စောင့်ကြည့်မှု ခံယူခဲ့သည်။

ဆင်ဟွာ

ကပ်ရောဂါကြောင့် ပီရူးနိုင်ငံတွင် ဆင်းရဲမွဲတေမှု ၃၀ ရာခိုင်နှုန်း တိုးလာနိုင်

လီမာ အောက်တိုဘာ ၉

ကိုဗစ် - ၁၉ ကြောင့် ပီရူးနိုင်ငံတွင် ဆင်းရဲမွဲတေမှုနှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိ တိုးလာနိုင်သည်ဟု ပီရူးနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးဝန်ကြီး ပတ်ထရစ်ရှာ ဒိုနာရီက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

မည်သည့်အတိုင်းအတာထိ သက်ရောက်မှုရှိမည်ကိုမူ အပြည့်အဝတိုင်းတာ၍ မရနိုင်သေးကြောင်း၊ သို့သော်လည်း ဆင်းရဲမွဲတေမှုနှုန်းတိုးလာမည်ဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ဆင်းရဲမှုနှုန်းတိုးလာမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုဗစ် - ၁၉ ကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်မှုကြောင့် လွန်ခဲ့သည့် ခြောက်လအတွင်း အလုပ်အကိုင်ဆုံးရှုံးသွားသူများနှင့် ဝင်ငွေနိမ့်မိသားစုများအတွက် သက်သာချောင်ချိရေးအစီအစဉ်ကို အစိုးရက ချမှတ်လုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

အောက်တိုဘာ ၁၀ရက်မှစတင်ကာ ၈ ဒသမ ၄ သန်းသော ပီရူးမိသားစုများသည် မိသားစုအပိုဆုငွေ ဒုတိယအကြိမ်အဖြစ် ပေးအပ်ခြင်းကို လက်ခံရရှိမည် ဖြစ်သည်။ အကူအညီပေးရေး အစီတ်အပိုင်းတစ်ခုအဖြစ် အမေရိကန် ဒေါ်လာ ၂၁ ဒေါ်လာစီ ထောက်ပံ့ပေးမည် ဖြစ်သည်။

ဆင်ဟွာ

ကနေဒါနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု ဆက်လက်ပျံ့နှံ့လျက်ရှိ

အော့တဝါ အောက်တိုဘာ ၉

ကနေဒါနိုင်ငံတွင် ကိုဗစ် - ၁၉ ဒုတိယအကျော့ကူးစက်ပျံ့နှံ့မှုမှာ များပြားလျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးအကြီးအကဲဖြစ်သူ ထရီဆာတမ်က အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းအထိ ကနေဒါနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၇၉၀၈၅ ဦးအထိရှိပြီး သေဆုံးသူ ၉၅၅၄ ဦးရှိကြောင်း သိရသည်။

လွန်ခဲ့သည့်သီတင်းပတ်မှ စတင်ကာ တိုင်းပြည်အတွင်း နေ့စဉ်ကူးစက်မှုမှာ ပျမ်းမျှအားဖြင့် ၂၀၅၂ ဦးရှိပြီး နေ့စဉ် သေဆုံးမှုမှာ ၁၈ဦးခန့်ရှိသည်။

ကူးစက်မှု၏ ၈၀ ရာခိုင်နှုန်းမှာ ကနေဒါနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးမြို့နှစ်မြို့က ဖြစ်ကြပြီး မကြာသေးမီသီတင်းပတ်များအတွင်း ကူးစက်မှု တိုးလာခြင်းဖြစ်သည်။

ဆင်ဟွာ

မတ်လအတွင်း အမေရိကန်နိုင်ငံသားတိုင်းအတွက် ကိုဗစ် - ၁၉ ကာကွယ်ဆေး လုံလောက်စွာ ရနိုင်ဟုဆို

ဝါရှင်တန် အောက်တိုဘာ ၉

မတ်လအစောပိုင်းတွင် အမေရိကန်နိုင်ငံသားများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံအလောက်ရရှိနိုင်သည်ဟု အမေရိကန်ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ဝန်ဆောင်မှုဝန်ကြီး အလက်အက်ဇာက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

အမေရိကန် အစိုးရ၏ ကိုဗစ် -၁၉ ကာကွယ်ဆေးအစီအစဉ်မှာ အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ်ကုန်ပိုင်းတွင် သန်း ၁၀၀ အထိ ထုတ်လုပ်နိုင်ရန် မျှော်လင့်ထားသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ ၂၀၂၁ ခုနှစ် မတ်လတွင် အမေရိကန်နိုင်ငံသားတိုင်း ကာကွယ်ဆေးရရှိနိုင်ရန် စီမံကိန်းချလုပ်ဆောင်နေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အမေရိကန်နိုင်ငံသည်လက်ရှိတွင် အစိုးရက ထောက်ပံ့ပေးထားသည့် အလားအလာကောင်းသည့် ကာကွယ်ဆေးခြောက်မျိုးကို စက်ရုံပေါင်း ၂၃ခုမှ ထုတ်လုပ်လျက်ရှိသည်။

အမေရိကန်တွင် စမ်းသပ်လျက်ရှိသည့် အချို့သောကာကွယ်ဆေးများမှာလည်း နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီး ယင်းကာကွယ်ဆေးများတွင် Moderna ၊Pfizer၊ AstraZeneca နှင့် Johnson& Johnson တို့ ပါဝင်ကြသည်။

ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံတွင် အထပ်မြင့်အဆောက်အအုံ မီးလောင်မှုကြောင့် လူ ၉၀ နီးပါး ဆေးရုံရောက်

ဆိုးလ် အောက်တိုဘာ ၉

တောင်ကိုရီးယားနိုင်ငံ အာလ်ဆန်မြို့တွင် အောက်တိုဘာ ၈ ရက်ညက အထပ်မြင့်အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးခိုးများမွန်၍ လူ ၈၈ ဦးအထိ ဆေးရုံတက်ရကြောင်း သိရသည်။

ကယ်ဆယ်ရွေ့ပြောင်း

မီးလောင်မှုစတင်ဖြစ်ပွားချိန်တွင် ၃၃ ထပ်ရှိသည့် အဆိုပါအဆောက်အအုံတွင် နေထိုင်သူ ရာပေါင်းများစွာကို ကယ်ဆယ်ရွှေ့ပြောင်းခဲ့ကြောင်း ကေဘီအက်စ်ရုပ်သံလွှင့်ဌာနက သတင်းထုတ်လွှင့်ခဲ့သည်။ မီးလောင်မှုမှ ထွက်ပေါ်လာသည့် မီးခိုးများမွန်းကျပ်မှုကြောင့် လူ ၈၈ ဦးထက် မနည်းကို ဆေးရုံတင်ခဲ့ရကြောင်း သိရသည်။

စုံစမ်းစစ်ဆေး

သတင်းဓာတ်ပုံများတွင် အထပ်မြင့်အဆောက်အအုံမီးစွဲလောင်နေသည့်ပုံရိပ်ကို တွေ့မြင်ရသည်။ အဆောက် အအုံ၏ ၁၂ ထပ်မှ မီးစတင်လောင်ကာ ကျန်အထပ်များသို့ ကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့ဝင်များက အဆောက်အအုံထဲတွင် ကျန်ရှိနေသူများအား ရှာဖွေလျက်ရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရင်းကို သိရှိရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

အင်နိန်အိတ်ချ်ကေ

၂၀၂၀ ပြည့်နှစ် ငြိမ်းချမ်းရေးနိုဗယ်ဆု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ရရှိ



နိုဗယ်ဆုချီးမြှင့်ခံရသော ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်လိုဂိုကို တွေ့ရစဉ်။

အော်စလို အောက်တိုဘာ ၉

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ၂၀၂၀ ပြည့်နှစ် နိုဗယ်ငြိမ်းချမ်းရေးဆုကိုရရှိခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ပဋိပက္ခဖြစ်ပွားနေသော နေရာများတွင် ငြိမ်းချမ်းရေးအခြေအနေတိုးတက်အောင် ဆောင်ရွက်ခဲ့သည့်အတွက် ယခုလို ငြိမ်းချမ်းရေး နိုဗယ်ဆုရရှိခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်သည် ဆာလောင်မှုကို တိုက်ဖျက်ရာတွင်လည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။

ဆာလောင်မှုကိုလက်နက်တစ်ခုအနေဖြင့် စစ်ပွဲများနှင့်ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် အသုံးပြုနေမှုကို ကာကွယ်ရန် ဆောင်ရွက်ခဲ့မှုတို့ကြောင့် ယခုလို နိုဗယ်ဆုချီးမြှင့်ခံခဲ့ရခြင်းဖြစ်ကြောင်း နိုဗယ်ဆုရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ဘားရစ်ရစ်အန်ဒါဆန်က ပြောသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကို ၁၉၆၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့အချိန်အထိ တစ်နှစ်လျှင် လူပေါင်းသန်း ၉၀ ကျော်အား အစားအစာများ ဖြန့်ဖြူးနိုင်ခဲ့သည်။

ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် နာမည်ကြီးခဲ့သူများနှင့် အဖွဲ့အစည်းများမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဂရီတာသွန်းဘာ့ဂ်၊ ဂျက်ဆင်ဒါအာဒန်နှင့် ဆူဒန်တော်လှန်ရေး ခေါင်းဆောင်များ ဖြစ်ကြသည်။

နိုဗယ်ငြိမ်းချမ်းရေးဆုကို ချီးမြှင့်ခဲ့သည်မှာ (၁၀၁) ကြိမ် မြောက်ရှိပြီ ဖြစ်ကြောင်းနှင့် လူပုဂ္ဂိုလ် ၁၀۷ ဦးနှင့် အဖွဲ့အစည်းပေါင်း ၂۷ ဖွဲ့ကို ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အဆောက်အအုံကို တွေ့ရစဉ်။

ကန့်သတ်ပိတ်ဆို့ခြင်းများ အဆုံးသတ်လိုက်ခြင်းက စီးပွားရေးမြန်မြန်ဆန်ဆန် ပြန်လည်ကောင်းမွန်လာရန် အာမခံပေးနိုင်မည်မဟုတ်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ပြော

ဝါရှင်တန် အောက်တိုဘာ ၉

ကိုဗစ်-၁۹ ရောဂါဖြစ်ပွားနေစဉ်အတွင်း စီးပွားရေးများ ကန့်သတ်ပိတ်ဆို့လိုက်ခြင်းက စီးပွားရေးကုန်ကျစရိတ်ကို ကန့်သတ်စည်းကြပ်လိုက်သလိုဖြစ်သော်လည်း ကန့်သတ်မှုများဖယ်ရှားလိုက်ခြင်းက ဗိုင်းရပ်စ်ကို အနိုင်မတိုက်နိုင်သေးခင် စီးပွားရေးမြန်မြန်ဆန်ဆန် ပြန်လည်နာလန်ထူလာရန် အာမခံပေးနိုင်မည်မဟုတ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ပြောကြားလိုက်သည်။

လူမှုဝေးကွာစည်းမျဉ်းများသည် တင်းကျပ်သော ကန့်သတ်ပိတ်ဆို့မှုကဲ့သို့ ကိုဗစ်-၁۹ ကြောင့်စီးပွားရေး အကျိုးသက်ရောက်မှုတွင် ကြီးကျယ်သောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့မှ ၎င်း၏ ကန့်သတ်ပိတ်ဆို့မှုအကျိုးသက်ရောက်မှုဆိုင်ရာ ကမ္ဘာ့စီးပွားရေးသုံးသပ်ချက်အခန်းတွင် ပြောကြားလိုက်သည်။

ဂူဂဲလ်နှင့် ဗိုဒါဖောင်းတို့၏ ရွှေ့လျားအချက်အလက်များကိုအသုံးပြု၍ အစီရင်ခံစာက လူမှုဝေးကွာစည်းမျဉ်းများသည် စီးပွားရေးကျဆင်းမှုတွင် အဓိကပါဝင်ကြောင်း တွေ့ရှိခဲ့သည်။ ကန့်သတ်ပိတ်ဆို့မှုများကို ဖယ်ရှားလိုက်ပါက စီးပွားရေးမြန်မြန်ဆန်ဆန် နာလန်ထူလာမည့် ခန့်မှန်းချက်အပေါ် သတိထားသင့်ကြောင်း ဖော်ပြထားသည်။

ကိုဗစ်- ၁۹ ကူးစက်မှု မြင့်မားနေသည့်အချိန်တွင် သင့်တော်သော ကာလထက်စောပြီး ကန့်သတ်ပိတ်ဆို့မှုများကို ဖယ်ရှားမည့်နိုင်ငံများအတွက် အဆိုပါဖော်ပြချက်က ဆက်စပ်မှုရှိကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ပြောကြားလိုက်သည်။

ကာလတိုစီးပွားရေး ကုန်ကျစရိတ်ရှိသော်လည်း ကိုဗစ်-၁۹ ကန့်သတ်ထိန်းချုပ်ခြင်းနှင့် လူမှုဝေးကွာ စည်းမျဉ်းများကို လျှော့ချခြင်းဖြင့် အသွားအလာကန့်သတ်ပိတ်ဆို့ခြင်းများသည် စီးပွားရေးမြန်မြန်ဆန်ဆန် နာလန်ထူလာမှုကို ဦးတည်စေမည်ဖြစ်ကြောင်း သုတေသနပြုချက်အရ သိရသည်။

အေအက်ပီ

အမေရိကန်ရွေးကောက်ပွဲနေ့ပြီးဆုံးသည်နှင့် နိုင်ငံရေးကြော်ငြာများကို ဖေ့စ်ဘွတ်က ရပ်ဆိုင်းသွားမည်

ကယ်လီဖိုးနီးယား အောက်တိုဘာ ၉

အမေရိကန်ရွေးကောက်ပွဲ ဆန္ဒမဲပေးမှု နိုဝင်ဘာ ၃ ရက်ပြီးဆုံးသည်နှင့် ဖေ့စ်ဘွတ်သည် ရှုပ်ထွေးမှုနှင့် အလွဲသုံးမှု အသွားအလာများကို လျှော့ချရန် နိုင်ငံရေး သို့မဟုတ် လူမှုရေးဆိုင်ရာ ကြော်ငြာများကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၇ ရက်က ပြောကြားလိုက်သည်။

ဦးဆောင်လူမှုကွန်ရက်တစ်ခုဖြစ်သော ဖေ့စ်ဘွတ်က သင့်တော်သည့်ကာလထက်စောပြီး အနိုင်ရသူကို ကြေညာခြင်း သို့မဟုတ် မဲရေတွက်ယှဉ်ပြိုင်ခြင်းများကို ဖော်ပြသည့် မည်သည့်ပို့စ်ဖော်ပြချက်မဆို တိကျစိတ်ချရသော သတင်းဝက်ဘ်ဆိုက်များနှင့် ရွေးကောက်ပွဲကော်မရှင် အရာရှိများ နာမည် ဖော်ပြရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဖေ့စ်ဘွတ်နှင့် အခြားလူမှုကွန်ရက်စာမျက်နှာများသည် ရွေးကောက်ပွဲအပြီး ဖြစ်စဉ်များအတွက် စည်းမျဉ်းစည်းကမ်းများကို တင်းကျပ်ထားကြောင်း သိရသည်။

ကယ်လီဖိုးနီးယားအခြေစိုက် လူမှုကွန်ရက်ကုမ္ပဏီ ဖြစ်သည့် ဖေ့စ်ဘွတ်သည် သတင်းမှား ဖြန့်ချိမှုနှင့် လူမှုရေး ကွဲပြားမှုဖြစ်စေသည့် စိတ်ဆိုးဒေါသထွက်မှုများကို ရှောင်ရှားနိုင်ရန် ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။ ဖေ့စ်ဘွတ်အနေဖြင့် ပြည်သူများကို မဲရုံသို့သွားရာတွင် လက်နက်များ ယူဆောင်သွားရမည်ဟူသော တိုက်တွန်းမှုများနှင့် လူများကိုမဲမပေးရန် တိုက်တွန်းမှု ဆိုင်ရာပို့စ်များကိုလည်း ယခင်ကတည်းက တားဆီးဖယ်ရှားထားကြောင်း သိရသည်။

အေအက်ဖ်ပီ

လ္ဖို့ဂ့ကမ်ပေးမှုတွင် လူတစ်ဦး မဲပေးနေသည်ကို တွေ့ရစဉ်။

ဂူဂဲလ်က ပြင်သစ်သတင်းစာများနှင့် မူပိုင်ခွင့်သဘောတူညီမှု နီးကပ်လာပြီ

ပါရီ အောက်တိုဘာ ၉

ဂူဂဲလ်က ပြင်သစ်သတင်းစာများနှင့် ဒစ်ဂျစ်တယ်မူပိုင်ခွင့်သဘောတူညီမှု ရရှိရန် နီးစပ်လာပြီဖြစ်ကြောင်း အောက်တိုဘာ ၇ ရက်က ပြောကြားလိုက်သည်။ အဆိုပါအချက်က သတင်းထုတ်ဝေသူများအား အကြောင်းအရာစာမျက်နှာရှာဖွေမှုအတွက် အခကြေးငွေပေးရမည့်အချက်ကို ဦးတည်သည့် ဥရောပသမဂ္ဂ စည်းမျဉ်းစည်းကမ်း အောက်တွင် ပထမဦးဆုံး သဘောတူညီမှုဖြစ်မည်။

ယခုအခါတွင် သဘောတူညီမှု၏ အဓိကအချက်ကိုရရှိအောင် ကြိုးပမ်းအားထုတ်နေကြောင်း သိရသည်။ ယင်းအချက်တွင် သတင်းရှာဖွေမှုမှ ရရှိလာသော ကြော်ငြာဝင်ငွေများကို မျှဝေရန် ဂူဂဲလ်၏ သဘောတူညီမှုလည်းပါဝင်ကြောင်း ဂူဂဲလ်ကပြင်သစ်သတင်းစာထုတ်ဝေသူများ ကိုယ်စားပြုအဖွဲ့နှင့် ပူးတွဲကြေညာချက်တွင် ဖော်ပြလိုက်သည်။

ဂူဂဲလ်သည် ဥရောပသမဂ္ဂဥပဒေကို လိုက်နာရန်ငြင်းဆိုမှုနှင့် ပတ်သက်ပြီး အေအက်ဖ်ပီအပါအဝင် ဥရောပသတင်းမီဒီယာများနှင့် သဘောထားတင်းမာလျက်ရှိသည်။

ပြင်သစ်သည် ၂၀၁၉ ခုနှစ်တွင် ဥရောပသမဂ္ဂဥပဒေကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၆ပြီလတွင် ပြင်သစ်ယှဉ်ပြိုင်ဘက် အာဏာပိုင်အဖွဲ့က ဂူဂဲလ်ကို သတင်းထုတ်ဝေသူများအား လျော်ကြေးပေးခြင်းနှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန် တိုက်တွန်းလိုက်သည်။

အေအက်ဖ်ပီ

အမေရိကန်အစိုးရသည် အီရန်၏ ဘဏ် ၁၈ ခုကို အရေးယူမည်

ဝါရှင်တန် အောက်တိုဘာ ၉

အမေရိကန်နိုင်ငံ အစိုးရသည် အောက်တိုဘာ ၈ ရက်က အီရန်နိုင်ငံ၏ ဘဏ် ၁၈ ခုကို ပိတ်ဆို့အရေးယူမှု ဆောင်ရွက်မည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်ထုတ်ပြန်ပြီးနောက်တွင် အီရန်နိုင်ငံခြားရေး ဝန်ကြီး ဇာရစ်ဖ်က အမေရိကန်နိုင်ငံ၏ ဆောင်ရွက်မှုများအပေါ် အပြင်းအထန်ပြစ်တင်ဝေဖန်ကြောင်း ပြောကြားလိုက်သည်။

အောက်တိုဘာ ၈ ရက်က ထုတ်ပြန်ကြေညာချက်တွင် အီရန်နိုင်ငံ ဘဏ် ၁၈ ခုကို ပိတ်ဆို့အရေးယူဆောင်ရွက်ခဲ့ခြင်းသည် တရားမဝင် အမေရိကန်ဒေါ်လာ အသုံးပြုခြင်းကို တားဆီးရန် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသားများအနေဖြင့် ယင်းတို့နှင့် ပတ်သက်ဆက်နွယ်မှု မပြုလုပ်ရကြောင်း၊ ကြေညာချက်ထုတ်ပြန်ပြီး ၄၅ ရက်နောက်ပိုင်းတွင် ယင်းတို့နှင့် ပတ်သက်ဆက်နွယ်မှုရှိသည့် မည်သည့်ငွေကြေးဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်မဆို ထပ်ဆင့်အရေးယူ ပိတ်ဆို့ခံရမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေး ဝန်ကြီး မန်ရှူချင်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ အရေးယူ ပိတ်ဆို့မှုနှင့်ပတ်သက်၍ အီရန်က အပြင်းအထန်ကန့်ကွက်ခဲ့သည်။

၂၀၁၈ ခုနှစ်မေလတွင် အမေရိကန်နိုင်ငံက အီရန်ရှူကလီးယားအရေးဘက်စုံသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး အီရန်နိုင်ငံအပေါ် အရေးယူ ပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်ခဲ့သည်။

ဆင်ဟွာ

ကိုဗစ်- ၁၉ ကာလအတွင်း အွန်လိုင်းစီးပွားရေးလုပ်ငန်းကြီးထွားလာတဲ့ လက်တင်အမေရိက

ထွန်းသစ်စ

ကမ္ဘာ့ကပ်ရောဂါကူးစက်ဖြစ်ပွားနေစဉ်မှာ လက်တင်အမေရိကတစ်ဝန်းရှိ သန်းချီတဲ့ ဈေးဆိုင်တွေဟာ ၎င်းတို့ရဲ့ ပုံမှန်မိရိုးဖလာစီးပွားရေးလုပ်ငန်းတွေကို ရှင်သန်အောင် လိုက်လျောညီထွေပြောင်းလဲလာတဲ့ အနေနဲ့ အွန်လိုင်းမှာ စွန့်စားပြီး ပထမဆုံးစီးပွားရေးလုပ်ငန်းတွေ လုပ်ဆောင်လာတဲ့အခါမှာတော့ လက်တင်အမေရိကရဲ့ အွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးလုပ်ငန်းဟာ ကြီးထွားလာပါတယ်။

ကြီးမားတဲ့ အောင်မြင်မှုတစ်ခု

ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့အခါမှာ လူတွေဟာ ကိုဗစ်-၁၉ ကူးစက်ခံရမှာ ကြောက်ရွံ့မှုနဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေက လူတွေကို အိမ်မှာနေဖို့ဖြစ်လာစေတဲ့အတွက် အွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးကဏ္ဍဟာ အကြီးမားဆုံးအောင်မြင်မှု တစ်ခုဖြစ်လာပါတယ်။

ကိုဗစ်- ၁၉ ဟာ ခေတ်ရေစီးကြောင်းပြောင်းလဲမှုကို ပိုမိုအရှိန်မြှင့်ပေးလိုက်တဲ့အတွက် အွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးလုပ်ငန်းတွေဟာ တကယ့်ကိုပဲ အင်အားကောင်းလာခဲ့ပါတယ်လို့ မက္ကဆီကိုမှာရှိတဲ့ ကေပီအမ်ဂျီအကြံပေးကုမ္ပဏီက ကမ္ဘာ့မဟာဗျူဟာ ကျွမ်းကျင်သူတစ်ဦးဖြစ်သူ အော်စကာ ဆေးလ်ဗာက ပြောပါတယ်။

ပုံမှန်ဈေးဝယ်သူတွေဖြစ်နေ

အွန်လိုင်းမှာ တစ်ခါမှ ဈေးမဝယ်ဖူးတဲ့ လက်တင်အမေရိကန် ၁၀ သန်းကျော်ဟာ အခုဆိုရင်တော့ ပုံမှန်ဈေးဝယ်နေသူတွေဖြစ်နေကြပါပြီလို့ သူက ဆက်လက်ပြောကြားထားပါတယ်။

လက်တင်အမေရိကကို လွှမ်းမိုးထားတဲ့ အွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးလုပ်ငန်းဟာ အမေဇုန်နဲ့ အီးဘေ မဟုတ်ပါဘူး။ သူတို့နဲ့လုပ်ငန်းပုံစံတူတဲ့ မာကာဒိုလိုင်ဘရီပဲဖြစ်ပါတယ်။ မာကာဒိုလိုင်ဘရီဟာ နိုင်ငံပေါင်း ၁၈ နိုင်ငံမှာရှိတဲ့ အွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့စီးပွားရေး ကသောင်းကနင်းဖြစ်နေချိန်မှာ အဲဒီအာဂျင်တီးနားကုမ္ပဏီရဲ့ အရောင်းဟာ ၂၀၂၀ ပြည့်နှစ်ရဲ့ ဒုတိယသုံးလပတ်ကာလမှာ နှစ်ဆမြင့်တက်လာခဲ့ပါတယ်။ ထို့အတူပဲ ဈေးဝယ်သူတွေဟာ ၄၅ ရာခိုင်နှုန်းကနေ ၅၁ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့ပါတယ်။

သူ့ရဲ့ဈေးကွက်အရင်းအနှီးဟာ အခုဆိုရင်တော့ အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံအထိ ရောက်ရှိလာပြီဖြစ်ပြီး လက်တင်အမေရိကရဲ့ တန်ဖိုးအမြင့်ဆုံး ကုမ္ပဏီဖြစ်တဲ့ ဘရာဇီးသတ္တုတူးဖော်ရေးကုမ္ပဏီ ဗေးလ်ကို စိန်ခေါ်နေပြီ ဖြစ်ပါတယ်။

အွန်လိုင်းပေါ်မှာပဲရှိနေလိမ့်မယ်

ဝယ်ယူစားသုံးသူရဲ့ အလေ့အထပြောင်းလဲမှု

အွန်လိုင်းအသုံးပြု ဈေးဝယ်နေသူတစ်ဦးကိုတွေ့ရစဉ်။

> “ ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့အခါမှာ လူတွေဟာ ကိုဗစ်- ၁၉ ကူးစက်ခံရမှာ ကြောက်ရွံ့မှုနဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေက လူတွေကို အိမ်မှာနေဖို့ဖြစ်လာစေတဲ့အတွက် အွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးကဏ္ဍဟာ အကြီးမားဆုံးအောင်မြင်မှုတစ်ခု ဖြစ်လာ”

အပေါ် အနည်းငယ်သည်းခံမှုတော့ ရှိရမည်ဖြစ်ကြောင်း ဆေးလ်ဗာက ပြောပါတယ်။ လူတွေဟာ လိမ်လည်မှုတွေကို ကြောက်တယ်။ ပြီးတော့လည်း မှာယူတဲ့ပစ္စည်းတွေဟာ သူတို့ မျှော်လင့်သလိုဖြစ်မလာမှာကိုစိုးရိမ်တယ်။ အကယ်၍ သာ ဝယ်ယူစားသုံးသူအများစုဟာ အွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးဟာ ဘယ်လောက်လွယ်ကူအဆင်ပြေထိရောက်မှုရှိလဲဆိုတာ သိပြီဆိုရင်တော့ သူတို့ဟာ အွန်လိုင်းပေါ်မှာပဲ ရှိနေလိမ့်မယ်လို့ ဆေးလ်ဗာက ဆက်ပြောပါတယ်။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားတဲ့အချိန်မှာ နာခေါင်းစည်း၊ ဗက်တီးရီးယားပိုးသတ်ဆေးရည်၊ အပူချိန်တိုင်းကိရိယာနဲ့ အောက်ဆီဂျင်တိုင်းစက်တွေဟာ ထိပ်တန်းဦးစားပေးရောင်းချရတဲ့ ပစ္စည်းတွေဖြစ်ပေမယ့် နောက်ပိုင်းမှာ တခြားကုန်ပစ္စည်းတွေကို ဝယ်ယူမှုတွေ တဖြည်းဖြည်း မြင့်တက်လာခဲ့ပါတယ်။

ညည်းတွားသံများလည်း မြင့်တက်

စီးပွားရေး(အရောင်းအဝယ်) ကောင်းလာသလို ညည်းတွားသံများလည်း မြင့်တက်လာပါတယ်။ အရောင်းအဝယ် ၄၀ လောက်ဖြစ်တယ်။ ပြဿနာ ၄၀ လောက်ရင်ဆိုင်ရတယ်လို့ အသက် ၃၄ နှစ်ရှိ အိုင်တီအလုပ်သမားတစ်ဦးဖြစ်သူ ဂျော့နော်ရစ်က ပြောပါတယ်။

အလားတူ အွန်လိုင်းမှာ ဖုန်းတစ်လုံးဝယ်ဖို့ ကြိုးစားခဲ့တဲ့လူတစ်ဦးကလည်း ဖုန်းတစ်လုံးအစား အချိုရည်တစ်ပုလင်းကို လက်ခံရရှိခဲ့အတွက် မကျေမနပ်ပြောထားတာတွေလည်း ရှိပါတယ်။

အွန်လိုင်းဝန်ဆောင်မှုမကောင်းခြင်းနဲ့ ဝန်ဆောင်မှုမရှိခြင်းတို့ကြောင့် တချို့စီးပွားရေးလုပ်ငန်းများလည်း အကြွေးမဆပ်နိုင်ဘဲ ဒေဝါလီခံသွားရတာလည်း ရှိပါတယ်လို့ ဆေးလ်ဗာက ပြောပါတယ်။

မူဝါဒလမ်းစဉ်ကောင်းပြီး ဝန်ဆောင်မှု မြန်ဆန်ရင်တော့ အောင်မြင်သူဖြစ်မယ်

မူဝါဒလမ်းစဉ်ကောင်းကောင်းရှိပြီး မြန်မြန်ဆန်ဆန် လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့သူကတော့ အောင်မြင်သူပါပဲ။ ဒါပေမယ့် အိမ်နီးချင်းစီးပွားရေးလုပ်ငန်းတွေကို ကြည့်လိုက်တဲ့အခါမှာ သူတို့ဟာသူတို့ရဲ့ ဝယ်ယူအားပေးသူ ဖောက်သည်တွေကို အမြစောင့်ကြည့်နေတတ်တဲ့ သူတွေဖြစ်သလို ဝှက်စ်အပ်စ်အက်ပလီကေးရှင်းသုံးပြီး လုပ်ကိုင်ဆောင်ရွက်နေတာလည်း တွေ့ပါတယ်လို့ သူက ပြောပါတယ်။

အက်ပ်ဖလိုင်ယာကုမ္ပဏီရဲ့အဆိုအရ လက်တင်အမေရိကမှာ အွန်လိုင်းအသုံးပြုကုန်သွယ်စီးပွားရေးဆိုင်ရာ မိုဘိုင်းအသုံးပြု အက်ပလီကေးရှင်းကို ဒေါင်းလုပ်ဖိဆွဲယူတဲ့သူတွေဟာ ၂၀၂၀ ပြည့်နှစ် ဒုတိယသုံးလပတ်မှာ ၉၃ ရာခိုင်နှုန်းအထိ ရောက်ရှိလာတယ်လို့ ဆိုပါတယ်။ အဲဒီထဲမှာ ဘရာဇီးနဲ့ မက္ကဆီကိုတို့က ထိပ်ဆုံးက ဦးဆောင်နေပါတယ်။

အွန်လိုင်းစီးပွားရေးကြီးထွားလာ

ဒေသတွင်းအကြီးဆုံးစီးပွားရေးရှိတဲ့ ဘရာဇီးနိုင်ငံမှာ ဇန်နဝါရီလနဲ့ သြဂုတ်လကြားမှာ အွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးလုပ်ဆောင်မှုဟာ ၅၇ ရာခိုင်နှုန်းနီးနီး ကြီးထွားလာပါတယ်လို့ ဘရာဇီးအွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးအဖွဲ့က ပြောပါတယ်။

ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်အတွင်း လူထုသုံးစွဲမှုတိုးတက်လာအောင် ထောက်ပံ့ပေးဖို့ ဝင်ငွေခွန်ရဲ့ အရင်းအမြစ်အဖြစ် ဒေသတွင်းအစိုးရတွေဟာ အွန်လိုင်းစီးပွားရေးတိုးတက်လာခြင်းကို လေ့လာလျက်ရှိပါတယ်။

အလုပ်အကိုင်သစ်တွေ ဖန်တီးပေး

အွန်လိုင်းစီးပွားရေးဟာ စီးပွားရေးအတက်အကျဖြစ်စဉ်အတွင်း အလုပ်အကိုင် ဆုံးရှုံးသွားသူများအတွက်လည်း အလုပ်အကိုင်သစ်များကို ဖန်တီးပေးထားပါတယ်။

အလုပ်လက်မဲ့အရေအတွက်ဟာ ဒေသတွင်းမှာ သန်းချီမြင့်တက်နေချိန်မှာ ကမ္ဘာ့အွန်လိုင်းအသုံးပြု ကုန်သွယ်စီးပွားရေးကုမ္ပဏီကြီးအတွက် ပါဆယ်ပို့သူ အနေနဲ့ တစ်နှစ်ကြာအလုပ်လုပ်ပြီးတဲ့ ဆာဂျီယိုဂါစီယာဟာ သူ့ရဲ့အနာဂတ်အတွက် အကောင်းမြင်ပြီး ယုံကြည်စိတ်ချထားပါတယ်လို့ ပြောပါတယ်။

ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားနေစဉ်မှာ အွန်လိုင်းအသုံးပြု ဝယ်လိုအားတွေဟာ မြင့်တက်နေတယ်လို့ အသက် ၆၀ အရွယ် ပါဆယ်ပို့သူတစ်ဦးကပြောပါတယ်။ သူဟာ ပါဆယ်တစ်ထုပ်ကိုအမေရိကန်ဒေါ်လာ ၃၀ ဆင့်ဝန်ဆောင်မှုယူပြီး ခြေကျင်လိုက်ပို့နေသူတစ်ယောက်ဖြစ်ပါတယ်။ ဒါက သိပ်မဟန်ဘူး။ ဒါပေမယ့် အခြားအလုပ်တွေထက် အတော်လေးကောင်းတယ်လို့ သူက ပြောပါတယ်။အခုဆိုရင် အွန်လိုင်းစီးပွားရေးလုပ်ငန်းဟာ လက်တင်အမေရိကမှာ အတော်လေးကို ကြီးထွားလာနေတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

နိုင်ငံတကာသတင်းတိုတွာ

သြစတြေးလျှတွင် နှစ်လအတွင်း ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ မရှိသည်မှာ နှစ်ရက်ဆက်တိုက်ရှိလာ

ကင်ဘာရာ အောက်တိုဘာ ၉

သြစတြေးလျှနိုင်ငံတွင် နှစ်လအတွင်း ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ကူးစက်ခြင်းကြောင့် သေဆုံးမှုမရှိသည်မှာ နှစ်ရက်ဆက်တိုက်ရှိလာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

သြစတြေးနိုင်ငံ၏ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ စဇ၇ ဦးရှိသည်။ သြစတြေးလျှတွင် အောက်တိုဘာ ၉ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၇၂၉ ဦးရှိကြောင်း သိရသည်။ လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံရသူ ၂၄ ဦးရှိသည်။ ဗစ်တိုးရီးယားတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁ ဦး၊ နယူးဆောက်သ်ဝေးလ်တွင် ၁၀ ဦးဖြစ်ပြီး ၎င်းတို့ထဲမှ ၇ါးဦးမှာ ဟိုတယ်ကျူးဝင်နေသူများ ဖြစ်ကြောင်း သိရသည်။

အနောက်သြစတြေးလျှတွင်လည်း နောက်ထပ် ကိုဗစ်-၁၉ ကူးစက်သူ နှစ်ဦးရှိပြီး တောင်သြစတြေးလျှတွင် တစ်ဦးရှိသည်။

ဆင်ဟွာ

ရုရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်မှု စံချိန်တင်

မော်စကို အောက်တိုဘာ ၉

ရုရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာစာရင်းမှာ ၁၂၁၆ ဦးရှိကြောင်း၊ ယင်းမှာ မေလကမှတ်တမ်းတင်ထားခဲ့သော တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးပမာဏ ၁၁၆၅၆ ဦး ကျော်လွန်သွားခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေးဌာနက ပြောကြားလိုက်သည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းသည် ၁၂၇၂၃၈ ဦးရှိကြောင်းနှင့် သေဆုံးသူ ၂၂၂၅ ဦးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၀၀၉၄၂ ဦးရှိကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

မော်စကိုတွင် ကိုဗစ်-၁၉ အသစ်ဖြစ်ပွားသူ ၃၇၀၁ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၃၂၁စ၁၂ ဦးရှိသည်။

မော်စကိုတွင် လတ်တလော ကိုဗစ်-၁၉ ကူးစက်မှုများတိုးလာလျက်ရှိသည်။ အခြားဥရောပနိုင်ငံများ ကဲ့သို့ပင် ရုရှားတွင် မကြာသေးမီ သီတင်းပတ်အတွင်း ကိုဗစ်-၁၉ တိုးလာကြောင်း သိရသည်။

ဆင်ဟွာ

၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

စနေ၊ အောက်တိုဘာ ၁၀၊ ၂၀၂၀

၁၅

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

ရွေးကောက်ပွဲ ကျင်းပရန် ၂၉ ရက်သာ လိုတော့သည်။

မလေးရှားနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲ စတင်ပေး

ဗန်ကောက်၊ ကိုင်ရိုး၊ စင်ကာပူ၊ ဆိုးလ်၊ တိုကျိုမြို့များရှိ မြန်မာသံရုံးများတွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယနေ့တွင် မလေးရှားနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲစတင်ပေးကြရာ မဲဆန္ဒရှင်၁၆၉၂ ဦးနှင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၂၄၀ ကြိုတင်ဆန္ဒမဲ လာရောက်ပေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် မြန်မာသံရုံးငါးရုံး၌ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေးကြရာ မြန်မာသံရုံး ဗန်ကောက်မြို့၌ မဲဆန္ဒရှင် ၁၀၃၆ ဦး၊ မြန်မာသံရုံး ကိုင်ရိုမြို့၌ မဲဆန္ဒရှင် ၁၃ ဦး၊ မြန်မာသံရုံး စင်ကာပူမြို့၌ မဲဆန္ဒရှင် ၁၇၀၀ ကျော်ခန့်၊ မြန်မာသံရုံး ဆိုးလ်မြို့၌ မဲဆန္ဒရှင် ၆၆၂ ဦး၊ မြန်မာသံရုံး တိုကျိုမြို့၌ မဲဆန္ဒရှင် ၂၁၈ ဦး လာရောက် ဆန္ဒမဲပေးခဲ့ကြသည်။

ကြိုတင်ဆန္ဒမဲပေး

အစ္စရေးနိုင်ငံတွင် ချမှတ်ထားသည့် Nationwide Lockdown ကြောင့် အသွားအလာကန့်သတ်မှုရှိနေသည့် ကာလဖြစ်၍ မြန်မာသံရုံး တဲလ်အဗီးမြို့သို့ လာရောက်၍ ကြိုတင်ဆန္ဒမဲမပေးနိုင်သည့် အာရာဗာနှင့် နီဂတ်ဒေသများရှိ စိုက်ပျိုးရေးပညာရပ်များ သင်ကြားရန်ရောက်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် သွားရောက် ဆောင်ရွက်ပေးခဲ့ရာတွင် မဲဆန္ဒရှင် ၆၅ ဦး ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည်။

ယနေ့တွင် မြန်မာသံရုံး ခုနစ်ရုံးနှင့် အစ္စရေးနိုင်ငံ အာရာဗာနှင့် နီဂတ်ဒေသတွင် ရောက်ရှိနေသော ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲများပေးခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံပြင်ပသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးခဲ့ကြရာ ယနေ့အထိ ဘရူနိုင်း၊ ဘရာဇီး၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ အစ္စရေးနိုင်ငံတို့ရှိ မြန်မာသံရုံး ငါးရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး နှစ်ရုံးတို့တွင် ကြိုတင်ဆန္ဒမဲပေးမှုများ ပြီးဆုံးပြီဖြစ်သည်။

ကြိုတင်ဆန္ဒမဲပေးရန် မြန်မာသံရုံးများသို့ ရောက်ရှိလာသည့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ ချမှတ်ထားရှိသည့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ သံရုံးအဝင်ဝတွင် ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ Face Mask ဖြန့်ဝေ တပ်ဆင်စေခြင်းနှင့် သက်ဆိုင်ရာနိုင်ငံအလိုက် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးအစီအမံများကိုလည်း အလေးထား လိုက်နာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

တိုကျိုမြို့ရှိ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

သီပေါမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာ

သီပေါ အောက်တိုဘာ ၉

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်း ဆောင်ကြဲ၊ ပန်မိတ်၊ ကုန်းသာ၊ ပန်စောက်မိန်းကျေးရွာ အုပ်စုတို့ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို ကပ်ထားကြေညာထားရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်၊ အတွင်းရေးမှူး ဦးစိုင်းမင်းလွင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးထွန်းမင်းဦး၊ ဦးတင်မောင်မောင်၊ ဦးစိုင်းသာအောင်၊ ဦးတင်ထူးနှင့် ဒေါ်နန်းခင်ညွန့်လူတို့က မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်း ကြည့်ရှု စစ်ဆေးကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကြေညာထားရှိမှု အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများတွင် အမည်စာရင်းများ ပြန်လည်ထည့်သွင်းရန်ဆောင်ရွက်ခြင်း၊ ပယ်ဖျက်ရန် ကန့်ကွက်ခြင်း၊ မှားယွင်းမှုများကို ပြန်လည်ပြင်ဆင်ပေးရန် လျှောက်ထားသူများရှိပါက သတ်မှတ်ပုံစံများဖြင့် ဆောင်ရွက်နိုင်ရေး စသည်တို့ကို မှာကြားသည်။

မဲဆန္ဒရှင် စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ နှစ်ပတ်ကြာ ကပ်ထားကြေညာမည်ဖြစ်ပြီး သီပေါ မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) နှင့် မဲဆန္ဒနယ်အမှတ် (၂) တို့တွင် မဲရုံပေါင်း ၁၁၁ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၃၅၆၃၃ဦး ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ မဲရုံပေါင်း ၁၇၃၁ ရုံတွင် ဆန္ဒမဲပေးနိုင်ရန် စီမံဆောင်ရွက်ထား

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်ပေါင်း ကိုးမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးတွင် မဲပေးနိုင်ရန် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့၏ကြီးကြပ်မှုဖြင့် ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၁၂၈၀၉၆ ဦးအတွက် မဲရုံပေါင်း ၁၇၃၁ ရုံ ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

"ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာထားပါတယ်။ မိမိဒေသကိုပြန်ပြီး မဲပေးနိုင်ခွင့်မရှိတဲ့ သူတွေနဲ့ ရက် ၉၀ နေထိုင်မှု မပြည့်သေးတဲ့သူတွေအတွက် ပုံစံ(၁၅)နဲ့ ရောက်ရှိနေတဲ့ ဒေသက မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရုံးမှာ လျှောက်ထားရင် သက်ဆိုင်ရာဒေသနဲ့ ချိတ်ဆက် ဆောင်ရွက်ပေးနေပါတယ်။ ရက်ပေါင်း ၉၀ ပြည့်နေထိုင်သူတွေလည်း ဆန္ဒမဲပေးနိုင်ဖို့ ၁၀ ရက်နေ့ နောက်ဆုံးဆိုတော့ အဲဒါကိုလည်း သတိပြုစေချင်ပါတယ်"ဟု မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ပြောသည်။

မြောက်ပိုင်းခရိုင် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် အောက်တိုဘာ ၁ ရက်မှစ၍ အမည်စာရင်းများကို ထုတ်ပြန်ကြေညာထားပြီး သတ်မှတ်ရက်အတွင်း လာရောက် ကြည့်ရှုနိုင်ရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ အသိပေးလျက်ရှိသည်။

သန်းထိုက်

ဘယ်သူ့ကိုမှ ချန်လှပ်မထား

ကျွန်မတို့ အခု ပြည်သူတွေ ကျန်းမာရေးအတွက် ဂရုစိုက်တဲ့နေရာမှာ ဘယ်သူ့ကိုမှ မချန်လှပ်ထားပါဘူး။ စောစောက ပြောသလိုပေါ့နော်၊ အယုတ်အလတ်အမြတ် မခွဲခြားပါဘူး။ ဥပမာအားဖြင့်ဆိုရင် အကျဉ်းကျနေတဲ့ ပြည်သူတွေ၊ အချုပ်ခံနေရတဲ့ ပြည်သူတွေရဲ့လိုအပ်ချက်တွေကိုလည်း ကျွန်မတို့ အများကြီးစဉ်းစားပါတယ်။ အကျဉ်းထောင်ထဲမှာလည်း ရောဂါမပြန့်ပွားအောင်၊ အချုပ်ခန်းတွေထဲမှာ ရောဂါမပြန့်ပွားအောင်လို့ တစ်ချိန်တည်းမှာပဲ တရားဥပဒေစိုးမိုးရေးကို ဦးထိပ်ထားပြီးတော့ တရားစီရင်မှုတွေကို လုပ်ထုံးလုပ်နည်းအရ ဆက်လက်ပြီးတော့ ဖြစ်သွားအောင်လို့လည်း ကျွန်မတို့ စီစဉ်ရပါတယ်။ ဒါကြောင့် ရမန်ပေးတဲ့နေရာမှာ၊ စီရင်ချက်ချတဲ့နေရာမှာ ဘယ်လိုအကောင်းဆုံးလုပ်မလဲ၊ တရားဥပဒေနဲ့လည်း ကိုက်ညီအောင်၊ နောက်ပြီးတော့ အကျဉ်းကျနေတဲ့၊ အချုပ်ခံနေရတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကိုလည်း ကာကွယ်နိုင်အောင်ဆိုပြီးတော့ အဘက်ဘက်ကနေ ကျွန်မတို့ကြည့်ပြီးတော့ ကြိုးစားပါတယ်။ ဒါကြောင့်မို့ ဘယ်သူမှ အားငယ်စရာမလိုပါဘူး။ ငါကတော့ အရေးမပါဘူး။ ငါက အကျဉ်းကျနေတဲ့သူ၊ အချုပ်ကျနေတဲ့သူလို့ စဉ်းစားစရာမလိုပါဘူး။ အားလုံးကို တန်းတူညီတူ ဂရုစိုက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါမယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

ရောဝတီဖောင်ဒေးရှင်းက တည်ဆောက်ထားသည့် ရောဝတီစင်တာများတွင် ကိုဗစ်-၁၉ လူနာ ၁၀၀၀ အထိ ကုသနိုင်ရန်ဆောင်ရွက်ထား

ရန်ကုန် အောက်တိုဘာ ၉

ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်- ၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုအတိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သုဝဏ္ဏဘောလုံးကွင်းနှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) တို့တွင် တည်ဆောက်ထားသည့် ရောဝတီစင်တာများတွင် လူနာ ၁၀၀၀ အထိ ကုသနိုင်ရန် ဆောင်ရွက်ထားသည်။**(အောက်ပို့)**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုနှုန်းများပြားလာသောကြောင့် လူနာများ ဆေးကုသမှုအဆင့်ပြေစေရန် ကိုဗစ်-၁၉ ရောဂါကုသရေး ဧရာဝတီစင်တာများကို စက်တင်ဘာလဆန်းပိုင်းကတည်းက စတင်အကောင်အထည်ဖော်ခဲ့ပြီး လိုအပ်ချက်များအရ ထပ်မံတိုးချဲ့ခဲ့ရာ လူနာစုစုပေါင်း ၁၀၀၀ အထိ ဆေးကုသမှုခံယူနိုင်မည်ဖြစ်သည်။ ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါလူနာများထားရှိရန် ဧရာဝတီစင်တာ (A) နှင့် (B) အပြင် အရေးပေါ်လူနာများထားရှိရန်အတွက်ပါ ICU/HCU ကိုတည်ဆောက်ထားခြင်းဖြစ်သည်။ ဧရာဝတီစင်တာ (A) နှင့် (B) တွင် လူနာ ၈၇၅ ဦးထားရှိနိုင်မည်ဖြစ်ပြီး ICU/HCU တွင် ၁၂၅ ဦးအထိ ထားရှိနိုင်မည်ဖြစ်သည်။ ဧရာဝတီဖောင်ဒေးရှင်းသည် ဧရာဝတီစင်တာ (A) နှင့် (B) တွင် လာရောက်ကုသမှုခံယူနေသူများ အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးထားပြီး ICU/HCU တွင်လည်း ခေတ်မီစက်ပစ္စည်းကိရိယာစုံလင်စွာဖြင့် အရေးပေါ်လူနာများကို အနီးကပ်ကြပ်မတ် ကုသပေးနိုင်မည်ဖြစ်သည်။

ဧရာဝတီ ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး လူနာများထားရှိရန် ဧရာဝတီစင်တာများ တည်ဆောက်ပေးထားသည့်အပြင် လူနာများ၏ နေ့စဉ်အစားအသောက်များ၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်းများ၏ နေထိုင်သွားလာစားသောက်မှုကိစ္စရပ်များကိုပါ လိုလေသေးမရှိစေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ဧရာဝတီစင်တာ (A) တွင် ဆရာဝန်၊ ကျန်းမာ ရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း ၁၅၀ ကျော်၊ ဧရာဝတီ စင်တာ (B) တွင် ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း ၁၀၀ ကျော်၊ ICU/HCU တွင် ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း ၁၅၀ ကျော်တို့က နေ့စဉ်တာဝန်ယူဆောင်ရွက်နေပြီး အလှူရှင်များ လှူဒါန်းမှုများလက်ခံရန်၊ ဧရာဝတီစင်တာ လိုအပ်ချက်များဖြည့်ဆည်းရန်နှင့် အထွေထွေလိုအပ်ချက်များအတွက် ဆောင်ရွက်ရန် ဧရာဝတီဖောင်ဒေးရှင်း ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ၂၀၀ ကျော်တို့က ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ဧရာဝတီဖောင်ဒေးရှင်းသည် ဧရာဝတီစင်တာတွင် ဆေးကုသမှုခံယူနေသည့် ကိုဗစ်-၁၉ ရောဂါ ခံစားနေရသူများ အဆင်ပြေစေရန် တစ်ကိုယ်ရေသုံး ပစ္စည်းများကို ဖြည့်ဆည်းပေးထားသလို တစ်နေ့လျှင် လေးကြိမ်နှုန်းဖြင့် ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ နေ့စဉ်အစားအသောက်၊ နားနေသည့်နေရာများသို့ နေ့စဉ်အသွားအပြန်များကို မော်တော်ယာဉ်များဖြင့် စီစဉ်ပေးလျက်ရှိသလို ကိုယ်ပိုင်ယာဉ်ဖြင့် လာရောက်သူ များကိုလည်း Max Energy တွင် ဆီစာအုပ်ပြုလုပ်ပေးပြီး စက်သုံးဆီများ ထုတ်ပေးလျက်ရှိသည်။ ရောဂါပိုးပျောက်ကင်းပြီး နေအိမ်သို့ပြန်မည့်သူများကိုလည်း ဧရာဝတီဘဏ်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကုသရေး ဧရာဝတီစင်တာအတွက် စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံများ အသုံးပြုခွင့်ပေးထားခြင်းတို့ကြောင့် ဧရာဝတီဖောင်ဒေးရှင်းအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်သည့်အချိန်အထိ ဧရာဝတီစင်တာများဖွင့်လှစ်ကာ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်နေရာများသို့လည်း ထပ်မံလှူဒါန်းသွားရန်ရှိကြောင်း သိရသည်။ **သတင်း-ရဲရင့်ရှိုင်း၊ဓာတ်ပုံ-ကိုမိုး**

၉-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၇၈၃၅၈၆၈	၅၀၂၆၂၇၉	၂၁၇၇၈၅
၂။	အိန္ဒိယ	၆၉၀၆၁၅၁	၅၉၀၆၀၆၉	၁၀၆၅၂
၃။	ဘရာဇီး	၅၀၂၉၅၃၃	၄၄၁၄၅၆	၁၄၉၀၃၄
၄။	ရုရှား	၁၂၇၂၂၈	၁၀၀၉၄၂	၂၂၂၅၇
၅။	ကိုလံဘီယာ	၈၈၆၁၇၉	၇၇၇၆၅၈	၂၇၃၃၁
၆။	စပိန်	၈၈၄၃၈	၈၈စ်ဆဲ	၃၂၆၈၈
၇။	အာဂျင်တီးနား	၈၅၆၃၆	၆၈၄၈၄	၂၂၇၁၀
၈။	ပီရူး	၈၃၈၆၁၄	၇၂၈၂၁၆	၃၃၀၉၈
၉။	မက္ကဆီကို	၈၀၄၄၈	၅၈၃၆၀၃	၈၃၀၉၆
၁၀။	တောင်အာဖရိက	၆၈၆၈၉၁	၆၁၈၇၇၁	၁၇၄၀၈

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉- ၁၀ - ၂၀၂၀

	COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
ဖိလစ်ပိုင်	၃၃၄၇၇၀	၂၇၅၃၀၇	၆၁၅၂
အင်ဒိုနီးရှား	၃၂၄၆၅၈	၂၄၇၆၆၇	၁၁၆၇၇
စင်ကာပူ	၅၇၈၅၉	၅၇၆၆၈	၂၇
မြန်မာ	၂၃၉၀၆	၆၇၃၈	၅၆၆
မလေးရှား	၁၄၇၂၂	၁၀၇၀၀၇	၁၅၂
ထိုင်း	၃၆၂၈	၃၄၄၁	၅၉
ဗီယက်နမ်	၁၁၀၅	၁၀၂၄	၃၅
ကမ္ဘောဒီးယား	၂၈၂	၂၇၇	၀
ဘရူနိုင်း	၁၄၆	၁၄၃	၃
လာအို	၂၃	၂၂	၀

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ

၁။ (၈-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၁၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော်	မြို့နယ်	အတည်ပြု လူနာ (ဦးရေ)
၁။	ရန်ကုန်တိုင်းဒေသကြီး	လှိုင်	၈၀
		စမ်းချောင်း	၆၉
		မြောက်ဥက္ကလာပ	၆၃
		မဂၢလာတောင်သွယ်	၅၉
		သင်္ကန်းကျွန်း	၅၃
		မဂၢလာဒုံ	၄၉
		မရမ်းကုန်း	၃၈
		လမ်းမတော်	၃၄
		ကမာရွတ်	၃၂
		လှိုင်သာယာ	၂၇
		သန်လျင်	၂၅
		ကြည့်မြင်တိုင်	၂၃
		အင်းစိန်	၂၂
		ဒဂုံမြို့သစ် (တောင်ပိုင်း)	၂၁
		ပန်းပဲတန်း	၂၁
		တာမွေ	၁၉
		သာကေတ	၁၉
		တောင်ဥက္ကလာပ	၁၈
		ဒဂုံ	၁၈
		ဗဟန်း	၁၆
		ဝိုလ်တထောင်	၁၄
		မော်ဘီ	၁၃
		အလုံ	၁၀
		သုံးခွ	၉
	ရွှေပြည်သာ		၉
	ရန်ကင်း		၈
	ဒေါပုံ*		၇
	ဒလ		၆
	ဒဂုံမြို့သစ် (အရှေ့ပိုင်း)		၄
	ပုဇွန်တောင်		၄
	တိုက်ကြီး		၄
	လသာ		၄
	ဒဂုံဆိပ်ကမ်း		၃
	ကမာရွတ်		၃
	တွံတေး		၂
	ဆိပ်ကြီးခနောင်တို		၂
	လှည်းကူး		၂
	ဒဂုံမြို့သစ် (မြောက်ပိုင်း)		၂
	ခရမ်း		၁
		ကျောက်တံတား	၁
		စုစုပေါင်း	**၈၁၄**
၂။	ပဲခူးတိုင်းဒေသကြီး	ကဝ	၂၉
		ကျောက်တံခါး	၁၂
		ဖြူး	၉
		ပဲခူး	၆
		မိုးညို	၅
		ရွှေတောင်	၅
		ကြီးပင်ကောက်	၄
		ထန်းတပင်	၄
		အုတ်ဖို	၃
		အုတ်တွင်း	၃
		ပြည်	၂
		မင်းလှ	၁
		ညောင်လေးပင်	၁
		ပန်းတောင်း	၁
		ပေါင်းတည်	၁
		စုစုပေါင်း	**၈၆**
၃။	မန္တလေးတိုင်းဒေသကြီး	အောင်မြေသာဇံ	၃
		ဝမ်းတွင်း	၃
		မဟာအောင်မြေ	၂
		မိတ္တီလာ*	၂
		ဟော်ဘွယ်	၂
		ပြည်ကြီးတံခွန်	၂
		အမရပူရ	၁
		ချမ်းအေးသာစံ	၁
		ကျောက်ပန်းတောင်း	၁
		ရမည်းသင်း	၁
		မြစ်သား	၁
		ပုသိမ်ကြီး	၁
		ပြင်ဦးလွင်	၁
		နွားထိုးကြီး	၁
		စုစုပေါင်း	**၂၂**
၄။	ဧရာဝတီတိုင်းဒေသကြီး	ဖျာပုံ	၈
		မအူပင်	၇
		အိမ်မဲ	၂
		ဓနုဖြူ	၁
		ညောင်တုန်း	၁
		ပုသိမ်	၁
		ဝါးခယ်မ	၁
		စုစုပေါင်း	**၂၁**
		လယ်ဝေး	၆
		ဗျူဟာသီရိ	၅
		တပ်ကုန်း	၃
		ပုဗ္ဗသီရိ	၂
		ဒဂ္ဂီဏာသီရိ	၁
		ဓေယျာသီရိ	၁
		စုစုပေါင်း	**၁၈**
၆။	မွန်ပြည်နယ်	ဘီးလင်း	၈
		မော်လမြိုင်	၃
		သထုံ	၃
		ပေါင်	၁
		သံဖြူဇရပ်	၁
		ရေး	၁
		စုစုပေါင်း	**၁၇**
၇။	ရခိုင်ပြည်နယ်	ကျောက်ဖြူ	၉
		စစ်တွေ	၄
		မောင်တော	၂
		ဘူးသီးတောင်	၁
		စုစုပေါင်း	**၁၆**
၈။	မကွေးတိုင်းဒေသကြီး	တောင်တွင်းကြီး	၂
		ချောက်	၁
		မင်းလှ	၁
		မြိုင်	၁
		ဆင်ဖြူကျွန်း	၁
		စုစုပေါင်း	**၆**
၉။	စစ်ကိုင်းတိုင်းဒေသကြီး	ကနီ	၂
		ပုလဲ	၂
		မုံရွာ	၁
		စုစုပေါင်း	**၅**
၁၀။	ကချင်ပြည်နယ်	မိုးညှင်း	၂
		မိုးကောင်း	၁
		စုစုပေါင်း	**၃**
၁၁။	ကရင်ပြည်နယ်	ဘားအံ	၂
		ကော့ကရိတ်	၁
		စုစုပေါင်း	**၃**
၁၂။	တနင်္သာရီတိုင်းဒေသကြီး	ထားဝယ်	၁
		စုစုပေါင်း	**၁**
	(၈-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း		**(၁,၀၁၂) ဦး**

* ဒေါပုံမှ (၁)ဦးနှင့် မိတ္တီလာမှ (၁) ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၈-၁၀-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၁၂) ဦးတွင် အနှံ့မရရှိသူ (၂၂၇) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၄၆၁ ဦး တွေ့ရှိ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၈-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၁၀-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၅,၃၀၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၄၆၁) ဦး တွေ့ရှိရပါသည်။

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနှံ့မရရှိသူများလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၉-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

	အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း)	ယခုအထိ စုစုပေါင်း
စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	(၁၅,၃၀၁) ဦး	(၃၈၂,၈၄၀) ဦး
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	(၁,၄၆၁) ဦး	(၂၃,၉၀၆) ဦး
ဆေးရုံဆင်းခွင့် ရရှိသူ	(၃၇၂) ဦး	(၆,၇၃၈) ဦး
သေဆုံးလူနာ	(၃၁) ဦး	(၅၆၆) ဦး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် အောက်တိုဘာ ၉

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

✪ *ကျောဖုံးမှ*

ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို အဓိက စမ်းသပ်ရှာဖွေသွားမည်ဖြစ်ပြီး တစ်ဦးလျှင် စမ်းသပ်ခ ငွေကျပ် ၂၀၀၀၀ ကျသင့်မည်ဖြစ်သည်။ စမ်းသပ်ဆေးစစ်ခြင်းများကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ၅ နာရီအထိ တစ်ကြိမ်၊ ညနေ ၇ နာရီမှ ၉ နာရီအထိ တစ်ကြိမ် တစ်ရက်လျှင် သုံးကြိမ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် အပူချိန်တိုင်းတာပေးခြင်း၊ ခရီးသွားမှတ်တမ်းများ ရယူခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုနိုင်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်ရေးတို့ကို ဂိတ်တာဝန်ရှိသူများက ပညာပေးဟောပြောသည်။ Rapid Test Kit များဖြင့် ရောဂါစမ်းသပ်ရှာဖွေခြင်းအားဖြင့် မိမိတို့ထံ၌ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှု ရှိ / မရှိကို အချိန်တိုအတွင်း သိရှိနိုင်မည်ဖြစ်ပြီး ရောဂါပြန့်ပွားမှုနည်းပါးကာရောဂါပိုးတွေ့ရှိသူအား အမြန်ဆုံးကုသပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ငွေကျပ်သိန်း ၁၁၀၀ ကျော်တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ ထောက်ပံ့လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၉

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)အနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၁၁၀၀ ကျော်တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း WFP မှ သိရသည်။

အဆိုပါ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံပြည့် (PPE)များကို WFP မှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လက်ခံယူသည်။ **(ယာပုံ)**

WFP အနေဖြင့် အဆိုပါ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (PPE) များကို ဥရောပသမဂ္ဂ၏ ဘဏ္ဍာငွေ အထောက်အပံ့ဖြင့် ဝယ်ယူလှူဒါန်းခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်းများ အသုံးပြုရန်အတွက် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းမှုနှင့် စပ်လျဉ်း၍ WFP ၏မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေကိုယ်စားလှယ် Mr. Walid Ibrahim က "ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေ လုံခြုံကျန်းမာမှ ကျွန်တော်တို့တွေ အားလုံးလည်း ကျန်းကျန်းမာမာ နေထိုင်နိုင်မှာပါ။ သူတို့ဟာ အခုလက်ရှိ ရန်ကုန်မှာ တစ်နေ့ထက် တစ်နေ့ မြင့်တက်လာနေတဲ့ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို မနားမနေ ရင်ဆိုင်နေကြရတာ ဖြစ်ပါတယ်။ ဒီတိုက်ပွဲကို သူတို့အနိုင်ယူအဆုံးသတ်နိုင်ဖို့ အခု လှူဒါန်းလိုက်တဲ့ PPE တွေက အကူအညီဖြစ်စေမယ်လို့ မျှော်လင့်မိပါတယ်" ဟု ပြောသည်။

ထောက်ပံ့လှူဒါန်း

အလားတူ WFPအနေဖြင့်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဖောင်ကြီးကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာသို့ ငွေကျပ်သန်း ၂၀ တန်ဖိုးရှိ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (PPE) များ စက်တင်ဘာ ၂၀ ရက်တွင် ထောက်ပံ့လှူဒါန်းခဲ့သည့်အပြင် WFP အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုရှိ အသွားအလာကန့်သတ်ရေး စင်တာများတွင် ထမင်းနှင့် ဟင်းလျာများ ထောက်ပံ့ကျွေးမွေးလျက်ရှိကြောင်း၊ မေလအစောပိုင်းမှစတင်ကာ ရန်ကုန်မြို့နှင့် ကွာလာလမ်ပူမြို့တို့ကို ချိတ်ဆက်၍ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လေကြောင်းခရီးစဉ်များကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ – ဇော်ကြီး

ကိုဗစ်-၁၉ လူနာများ ထားရှိကုသနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံ အင်းလျားစင်တာအား အပ်နှံမည်

ရန်ကုန် အောက်တိုဘာ ၉

ကိုဗစ်-၁၉ လူနာများ ထားရှိကုသနိုင်ရေးအတွက် ရန်ကုန်ကွန်ဗင်းရှင်းစင်တာကို အင်းလျားစင်တာအဖြစ် ပြုပြင်မှုများဆောင်ရွက်ခဲ့ရာ ယခုအခါ ပြုပြင်မှုလုပ်ငန်းများအားလုံး ပြီးစီးပြီးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံ အပ်နှံတော့မည်ဖြစ်ကြောင်း အင်းလျားစင်တာသတင်းပြန်ကြားရေးတာဝန်ခံထံမှ သိရသည်။

"ဒီနေ့ဆိုရင် အားလုံးအချောသပ်နေပါပြီ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို အပ်ဖို့ပြင်ဆင်ထားပါတယ်။ စင်တာကို အပ်ပြီးတဲ့နောက်ပိုင်းမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီမံခန့်ခွဲသွားမှာ ဖြစ်ပါတယ်။ စင်တာကော်မတီအနေနဲ့ကတော့ အထောက်အကူပြုအဖွဲ့အနေနဲ့ ဆက်လက်တည်ရှိမှာဖြစ်ပြီး စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ ဆေးဝါး၊ လိုအပ်တဲ့ ပြုပြင်ထိန်းသိမ်းမှုတွေ အားလုံးကို အပြင်ကနေ ကူညီနေမှာ ဖြစ်ပါတယ်။ အတွင်းစည်းမှာ ကုသမှုအပိုင်းတွေကိုတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက စပြီး တာဝန်ယူမှာ ဖြစ်ပါတယ်"ဟု သတင်းပြန်ကြားရေးတာဝန်ခံ ဦးဇော်ရဲနောင်က ပြောကြားသည်။

အင်းလျားစင်တာသည် ခုတင် ၅၀၀ ဆံ့ ကိုဗစ်စင်တာတစ်ခုဖြစ်ပြီး လူနာများအတွက် အောက်ဆီဂျင် ပံ့ပိုးကူညီနိုင်သော ခုတင် ၁၀၀ ပါဝင်ကြောင်း သိရသည်။ ကိုဗစ်ကုသရေးစင်တာအဖြစ် ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို စက်တင်ဘာ ၂၉ ရက်မှ စတင်ခဲ့ပြီး လူနာခန်းများ၊ ဆရာဝန်များ၊ စေတနာ့ဝန်ထမ်းများ လုပ်ငန်းလုပ်ဆောင်မည့် နေရာများ၊ ဆရာဝန်ကြီးများက လူနာများအားလမ်းညွှန်ကွပ်ကဲကုသပေးမည့်နေရာများ၊ လုပ်ငန်းကော်မတီရုံးခန်းများ၊ သန့်စင်ခန်းများပါဝင်ကာ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် စင်တာအပြင်ဘက်တွင် သီးခြားအခန်းများ ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရသည်။

ထို့ပြင် အင်းလျားစင်တာ၌ တက်ရောက်ကုသမည့် လူနာများအတွက် လိုအပ်သည့် အထူးဆေးဝါးများနှင့် အာဟာရပြည့်ဝစေရန်အတွက် နံနက်စာ၊ နေ့လယ်စာနှင့် ညစာများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆရာဝန်များ၊ သူနာပြုများ၊ စေတနာ့ဝန်ထမ်းများအတွက်လည်း ၂၄ နာရီ အစားအသောက်ကောင်တာများ စီစဉ်ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုများအရ ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် ကမ္ဘောဘောဏ်မှ ငွေကျပ် သိန်း ဂ၀၀၀ နှင့် ရွှေသံလွင်ကုမ္ဗဏီမှ ငွေကျပ်သိန်း ၃၀၀၀ စုစုပေါင်း ကျပ်သိန်း တစ်သောင်း ကနဦးမတည်လှူဒါန်းမှုဖြင့် အင်းလျားစင်တာကို ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ – အင်းလျားစင်တာ

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၃၅၀၀ နှင့် လူနာတင်ယာဉ် သုံးစီး ပေးအပ်လှူဒါန်း

လောက်ကိုင် အောက်တိုဘာ ၉

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် ဒေသတွင်းရှိ လုပ်ငန်းရှင်များ၊ ဒေသခံ တိုင်းရင်းသားများ စုပေါင်း၍ လက်ရှိ ဖြစ်ပွားလျက်ရှိသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၃၅၀၀ နှင့် လူနာတင်ယာဉ် သုံးစီးကို သက်ဆိုင်ရာများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် ဒေသတွင်းရှိ လုပ်ငန်းရှင်များ ၊ ဒေသခံတိုင်းရင်းသားများက မြန်မာနိုင်ငံတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အတွက် ငွေကျပ်သိန်း ၁၀၀၀ ကို COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ လည်းကောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) သို့ ငွေကျပ် သိန်း ၁၀၀၀ ကို လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သို့ ငွေကျပ်သိန်း ၄၀၀ ကို လည်းကောင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)နှင့် ရှေ့တန်းစစ်ဆင်ရေးကွပ်ကဲမှုစစ်ဌာနချုပ်များသို့ ငွေကျပ်သိန်း ၆၀၀ ကိုလည်းကောင်း စုစုပေါင်း ငွေကျပ်သိန်း ၃၅၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်းရှိ လောက်ကိုင်မြို့နယ် ၊ ကုန်းကြမ်းမြို့နယ်နှင့် ချင်းရှေဟော်မြို့တို့ရှိ ပြည်သူ့ဆေးရုံများတွင် လိုအပ်သည်များ အသုံးပြုနိုင်ရန်အတွက် လူနာတင်ယာဉ်တစ်စီးစီကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဇော်ဇော်အောင် (ပြန်/ဆက်)**

စီးပွားရေးကုစားမှု အစီအစဉ်အရ ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

မောင်တော အောက်တိုဘာ ၉

ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်(CERP)အရ နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ တွေ့ကြုံရသော စီးပွားရေးအခက်အခဲများကို ဖြေရှင်းရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောင်တောမြို့နယ်အတွင်း ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာသုံးရွာ ချေးငွေကျပ်သိန်းပေါင်း ၅၀၀ ကို ထုတ်ချေးပေးပြီး ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာသုံးရွာမှာ ခုံတိုင်ကျေးရွာတွင် ငွေကျပ်သိန်း ၃၀၀ ၊ သက်ကိုင်ညာကျေးရွာတွင် ငွေကျပ်သိန်း ၁၀၀ နှင့် တရိန်းကျေးရွာတွင် ငွေကျပ်သိန်း ၁၀၀ တို့ဖြစ်ကြောင်း သိရသည်။ ယင်းကျေးရွာများမှ ပြည်သူများကို ရန်ပုံငွေကျပ်သိန်းပေါင်း ၅၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



ရှမ်းတိုင်းရင်းသားရိုးရာဝတ်စုံနှင့် အိမ်သုံးပစ္စည်းများပြတိုက်ငယ်သို့ လှုဒါန်း

မိုင်းပျဉ်း အောက်တိုဘာ ၉

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြတိုက်ငယ်သို့ ရှမ်းတိုင်းရင်းသားရိုးရာ ဝတ်စုံများနှင့် အိမ်သုံးပစ္စည်းများကို ယမန်နေ့က စေတနာရှင် ဒေသခံပြည်သူတစ်ဦးက လာရောက်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် မိုင်းပျဉ်းမြို့ရှိ ရှမ်းတိုင်းရင်းသူတစ်ဦးဖြစ်သူ ဒေါ်လှိုင်းပြည့်ဖြိုးအောင်က ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြတိုက်ငယ်တွင် ခင်းကျင်းပြသနိုင်ရန်အတွက် ရှမ်းအမျိုးသမီးရိုးရာ ဝတ်စုံနှင့် ကလေးဝတ်စုံနှစ်စုံ၊ ရှမ်းတိုင်းရင်းသားတို့ ကောက်ညှင်းပေါင်းထည့်ရာတွင် အသုံးပြုသော နှီးဖြင့်ရက်လုပ်ထားသော ဝါးဘူးတစ်ဘူးကို လာရောက်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးဒေါ်မေမွန်ထွန်းက လက်ခံယူသည်။ **(အောက်ပုံ)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ ခင်းကျင်းပြသထားရှိသော ပြတိုက်ငယ်တွင် ရှမ်း၊ လားဟူ နှင့်အာခါ တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှု မှတ်တမ်းဓာတ်ပုံများ၊ တိုင်းရင်းသားတို့၏ခေတ်အဆက်ဆက် အသုံးပြုလာသော ရိုးရာပစ္စည်းများ၊ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ထင်ရှားကျော်ကြားသော ဘုရားစေတီပုထိုးများ နှင့် ဘုရားသမိုင်းများ၊ ထင်ရှားသော နေရာများနှင့် ဒေသထွက်ကုန်ပစ္စည်းများကို ခင်းကျင်းပြသထားရှိကြောင်း သိရသည်။ **မေမွန်ထွန်း (ပြန်/ဆက်)**

စေတုတ္တရာမြို့နယ် ကျေးရွာသုံးရွာတွင် လျှပ်စစ်မီးလင်းရေးဆောင်ရွက်

စေတုတ္တရာ အောက်တိုဘာ ၉

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် မြစ်မ်းရောင်အတိုးရ ရန်ပုံငွေဖြင့် ကျေးရွာသုံးရွာတွင် ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ မြစ်မ်းရောင်အတိုးရရန်ပုံငွေဖြင့် လျှပ်စစ် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မဏ္ဍာပ်ကိုင်းကျေးရွာတွင် ကျေးရွာအတွင်း လျှပ်စစ်မီးသွယ်တန်းခြင်း အရှည်ပေ ၆၇၀၀ ၊ ၄၀၀ဖို့အားရှိသော ကျေးရွာလျှပ်စစ်မီးလင်းရေးကို ကျေးရွာ မြစ်မ်းရောင်အတိုးရရန်ပုံငွေကျပ်သိန်း ၅၀၊ ပြည်သူ့ထည့်ဝင်ငွေကျပ် ၂၃၅ သိန်းဖြင့်လည်းကောင်း၊ ဖအိုင်းရှေ့ကျေးရွာတွင် ကျေးရွာအတွင်း လျှပ်စစ်မီးသွယ်တန်းခြင်း အရှည် ၈၀၆၅ ပေ၊ ၄၀၀ ဖို့အားရှိသော ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ကျေးရွာမြစ်မ်းရောင် အတိုးရရန်ပုံငွေကျပ်သိန်း ၈၀၊ ပြည်သူထည့်ဝင်ငွေ ၁၇၉ သိန်းဖြင့်လည်းကောင်း၊ ညောင်ကုန်းကျေးရွာ လျှပ်စစ်မီး သွယ်တန်းခြင်းအတွက် အရှည်ပေ ၅၉၀၀ ၊ ၄၀၀ ဖို့အားရှိသော ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ကျေးရွာတွင်း မြစ်မ်းရောင်အတိုးရ ရန်ပုံငွေကျပ်သိန်း ၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၅၀ ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစ်မ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာတွင်း ကုန်ထုတ်လမ်းများ ဆောင်ရွက်ခြင်း၊ ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘက်စုံသုံးခန်းမဆောင်များ တည်ဆောက်ခြင်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ အစရှိသည့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်သူလွင်(ပြန်/ဆက်)

အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀۱۶۷-၃၄၀၄۶۶۱۶ နှင့် ၀۱۶۷-၃၄၀۶۷۷۷ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ယနေ့ဈေးကွက်ပေါက်ဈေးများ

(၉ - ၁၀ - ၂၀၂၀)

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၃၁၃၀၀၀
ရန်ကုန်	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၃၀၈၀၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၃၅၈၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၃၁၃၀၀၀
မန္တလေး	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၃၀၈၀၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၃၅၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၁၅/၅၅၅	ကျပ်	၅၅၅/၅၆၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၂၅/၅၇၀	ကျပ်	၅၇၀/၅၈၀	ကျပ်
အောက်တိန်း ၉၂	၄၆၅/၅၀၅	ကျပ်	၅၃၅/၅၄၅	ကျပ်
အောက်တိန်း ၉၅	၅၉၅/၆၂၀	ကျပ်	၆၆၀/၆၈၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၂၇၉ . ၅
ဥရောပ	တစ်ယူရို	ကျပ်	၁၅၀၉ . ၄
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၄၃ . ၆၀
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၆၅၆ . ၁
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၀၈ . ၂
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၁၉ . ၆၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၀ . ၆၆
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၇ . ၄၈၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၁ . ၇၆
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၀၈ . ၅၇
ထိုင်း	တစ်ဘတ်	ကျပ်	၄၁ . ၁၇၅

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀၀၀၀	၁၀၀၀၀	၇၃၂	၇၃၂၀၀၀၀
MTSH	၃၇၀၀	၃၇၀၀	၁၃၄	၄၉၅၈၀၀
MCB	၈၀၀၀	၈၁၀၀	၅၃	၄၂၄၃၀၀
FPB	၂၂၀၀၀	၂၂၀၀၀	၃	၆၆၀၀၀
TMH	၂၇၅၀	၂၇၅၀	၃	၈၂၅၀
EFR	၃၁၀၀	၃၀၅၀	၁၅၃	၄၇၂၁၀၀

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	ဝင်းကျော်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۱۶۷-၃۶၁၄၂၂၊ စာတည်းအဖွဲ့ ၀۱۶۷-၃۶၁၄၂၅၊ ဖက်စ် ၀۱۶۷-၃۶၁၄۶۶၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၁၄၊ စီမံ ၀၁-၅၄၄၃၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၁۶၊ ကြော်ငြာ ၀၁-၅၄၄၅၃၃၃၊ ၀၁- ၅၅၄၃၃၁၈၊ Fax ၀၁-၅۶۷၂၂၊ ၀۱۶۷-၃۶၁၄۶၊ ဖြန့်ချိရေး ၀၁-၅۶۷۷۳၁၇၊ Fax ၀၁-၈۶၀۷۵۷۶။

MYANMAR Digital News Presented by NPE www.mdn.gov.mm

မြန်မာစာနှင့် ပါဠိ(၈)

မောင်ခင်မင် (ဓနုဖြူ)

"ဆရာ၊ ဒီအပတ်မှာ အက္ခရာကွဲဆင့်ပုံတွေ ပြောမယ်ထင်တယ်"

"အေးပေါ့။ တို့မြန်မာစကားထဲမှာ ဝင်နေတဲ့ ပါဠိပါဠိဆင့်တွေကို မြင်သာအောင်ပါ။ အရင်အပတ်က ပြောခဲ့တဲ့အတိုင်း အက္ခရာကွဲ ဆင့်ရာမှာ ပထမ အက္ခရာက ဒုတိယအက္ခရာအပေါ်မှာ ဆင့်တယ်၊ တတိယအက္ခရာက စတုတ္ထအက္ခရာအပေါ်မှာ ဆင့်တယ်။ ဒါအက္ခရာကွဲဆင့်တဲ့ စနစ်ပဲ"

" ဒါဆိုရင် 'က' က 'ခ' ပေါ်မှာ ဆင့်တဲ့ စကားလုံးတွေက စရမှာပေါ့နော် ဆရာ"

"အေးပေါ့၊ ကဲ-မင်းပြောကြည့်ပါအုံး"

" 'ကကြီးက ခခွေးပေါ်ဆင့်တဲ့ စကားလုံးဆိုရင် ဒုက္ခတို့၊ သိက္ခာတို့ပေါ့ ဆရာ"

"ဟုတ်ပါပြီ။ ဂ ငယ်က ဃ ကြီးပေါ်ဆင့်တဲ့ စကားလုံးကရော"

"အနှဋ္ဌတို့၊ ဗျုဋ္ဌတို့ပါ ဆရာ"

"အနှဋ္ဌက အဖိုးအနှဋ္ဌ ထိုက်တန်တယ်လို့ သုံးနေတဲ့စကားဆိုတော့အများသိတဲ့စကားလုံးပါ။ ဗျုဋ္ဌဆိုတာ ကျားကိုခေါ်တာ ဆိုတာတော့ အများသိချင်မှသိမှာ။ ကဲ...နောက်သာဓကတွေ ဆက်ပါအုံး။ စနဲ့ ဆ ဆင့်တဲ့စကားလုံး"

"ပုစ္ဆာ၊ တိရစ္ဆာန်"

"ဇနဲ့ဈ ဆင့်တာကကော"

"မစ္ဆိမတို့၊ ဥပစ္ဆာယ်တို့ပါ ဆရာ"

"အဲ-ဋ္ဌက ဌကို ဆင့်တဲ့ စကားလုံးကတော့ တစ်လုံးပေါ်တစ်လုံးဆင့်ရင် ဒီစာလုံးတွေက နေရာအများကြီး ယူမှာလေ။ ဒီတော့ နှစ်လုံးထပ်ပြီး ဋ္ဌ လို့ လုပ်လိုက်တာပေါ့။ မြန်မာစာမှာတော့ လည်ရစ်ပါတဲ့ ဋ္ဌ လို့ ခေါ်ကြတယ်"

"ဟုတ်ပါတယ် ဆရာ၊ အဲဒီစာလုံးတွေက ဆဋ္ဌတို့၊ အဓိဋ္ဌာန်တို့ပါ"

"အေး-ဋ္ဌ ကိုတွေ့ရင် ဋ္ဌကအပေါ်က၊ ဌက အောက်က ဆင့်ထားတယ်လို့ နားလည်ရမှာပေါ့ကွာ"

"ဟုတ်ကဲ့ ဥနဲ့ ဃဆင့်တဲ့စကားလုံးတွေက ဂုဏ်တို့၊ ဝမ္ဘနတို့ပါ ဆရာ"

"ဒါလဲ စာလုံးနှစ်လုံးဆင့်ရင် နေရာသိပ်ယူမှာမို့ တစ်လုံးနဲ့တစ်လုံး ထပ်လိုက်တာပါပဲ"

"ဟုတ်ကဲ့၊ 'တ'နဲ့ 'ထ'ဆင့်တာက ဝတ္ထုပါ ဆရာ၊ ဒနဲ့ဓ ဆင့်တာက ဗုဒ္ဓ၊ သဒ္ဓါတရားတို့"

"ဟုတ်ပါပြီ။ ကျန်တာကို ဆရာဆက်ပြောလိုက်ပါ့မယ်။ ပနဲ့ ဖ ဆင့်တာက ဇာတိဖွဲ့လ်တို့၊ ပုပ္ဖတို့၊ ဗနဲ့ဘဆင့်တာက ဒုဿ်ကွန္တရကပ်ပေါ့"

"တော်တော်မြင်သာသွားပါပြီ ဆရာ"

"အဲ ပဋ္ဌမအက္ခရာကိုတော့ သူပါတဲ့ဝဂ်ထဲက ရှေ့မှာရှိတဲ့ အက္ခရာလေးခုစလုံးရဲ့ အပေါ်မှာ ဆင့်တယ်။ ပဋ္ဌမအက္ခရာဆိုတော့ ၊ ဍ၊ ဏ၊ နှ၊ မ ပေါ့။ အဲ...'ဒ'ကတော့ တစ်လုံးတည်းမဆင့်ဘူး။ ကင်းစီးလို့ခေါ်တဲ့ ဒသတ် အသေးကလေးနဲ့ ဆင့်တယ်"

"သာဓက ကလေးပြပါအုံး ဆရာ"

"မင်းသိမှာပါ။ 'လက်ဒ'လို စကားလုံးပေါ့။ စနစ်အရဆိုရင် က ပေါ်မှာ ၊ ဆင့်ရမှာလေ။ ဒါပေမဲ့ ၊တစ်လုံးတည်းဆင့်ရင် အသတ်နဲ့မှားနိုင်လို့လားမသိဘူး။ ကင်းစီးခေါ်တဲ့ ၊ သတ်သေးသေးလေးနဲ့ပဲ ဆင့်တယ်။ ဒါဆိုရင် ကျန်တဲ့စာလုံးသုံးလုံးမှာ ကင်းစီးဆင့်တဲ့ စကားလုံးတွေ မင်းပြောကြည့်ပါလား"

"ဟုတ်ကဲ့၊ ခ ပေါ်မှာဆင့်တာ သခ်ါရ၊ ဂပေါ်မှာ ဆင့်တာ အင်္ဂါ။ ဃပေါ်မှာဆင့်တာ သဃ်ပါဆရာ။ ၊ နှစ်လုံးဆင့်တာတော့ မရှိဘူး ထင်ပါတယ်"

"ဟုတ်တယ်။ ၊ ချင်းဆင့်တဲ့ စကားလုံး မရှိဘူး"

"စဝဂ်မှာ ပဋ္ဌမအက္ခရာ ဥ_က စ၊ ဆ၊ ဇ၊ ဈတွေ အပေါ်မှာ ဆင့်နိုင်တယ်။ 'ပဋ္ဌမ'တို့၊ 'သဏ္ဌာလီ' တို့ပေါ့။ ဥ_နှစ်လုံးဆင့်ရင်လဲ နေရာယူမှာစိုးလို့ နှစ်လုံး ထပ်လိုက်တော့ 'ည'ဖြစ်သွားတာပေါ့ကွယ်"

"ဒါဆို ပါဠိမှာ ညဟာ ဥ_နှစ်လုံးဆင့်ထားတာ ပေါ့နော် ဆရာ"

"ဟုတ်တယ်။ ပုညဆိုရင်/ ပုန်ညဒ့/ လို့ အသံထွက်ရတယ်မဟုတ်လား။ ဩော်... တစ်ခုပြောစရာ ကျန်သွားတယ်။ "အရင်တော့ ပြောဖူးပါတယ်။ ပါဠိဆင့်မှာအပေါ်က စာလုံးကို အသတ်လို့သဘော ထားရတယ်။ ဒီတော့ 'ပုည'မှာ ရှေ့က ဥကိုအသတ်လို့ သဘောထားရင် 'ပုဉ္ဉ'ဖြစ်တာပေါ့။ ဒါကြောင့် /ပုန်ညဒ့/လို့ အသံထွက်ရတာပေါ့"

"ဟုတ်ပါတယ် ဆရာ။ သုညတို့၊ အညမည

"နောက်...ရှေ့ဟသ်ာမင်းပျို့မှာ 'ချစ်ခြင်းပြတ်သား၊ အရဟတ္တမဂ်၊ ဉာဏ်သန်လျက်ဟု' တဲ့။ ကာရန်ယူပုံကို ကြည့်လေ။ 'မဂ်'နဲ့ 'လျက်'နဲ့ ကာရန်ယူထားတာ။ အသတ်မတူဘူး မဟုတ်လား။ ဒါဆိုရင် ပါဠိအရေးစနစ်တွေ မြန်မာစာထဲမှာ ဘယ်လောက်စိမ့်ဝင်နေတယ်ဆိုတာ သိနိုင်တာပေါ့ကွယ်"

တို့လဲ အဲဒီသဘောပဲလို့ မှတ်သားရပါတယ်"

"ဋ္ဌဝဂ်မှာ ပဋ္ဌမအက္ခရာဏကို ရှေ့ကစာလုံးတွေပေါ်မှာ ဆင့်တဲ့အခါ သဏ္ဌာန်တို့၊ ကဏ္ဌတို့ ဖြစ်လာတာပေါ့"

"ဒါဆို 'ဏ'အောက်က စာလုံးတွေက ဋ္ဌနဲ့ဥ ပေါ့နော်"

"ဟုတ်တယ်။ ဒါလဲနေရာပြဿနာပဲ။ အထူးသဖြင့် ပုံနှိပ်စာလုံးပေါ်တဲ့အခါ ဋ္ဌ နဲ့ ဥကို မှောက်လျက်လဲထားတဲ့ ပုံမျိုးလုပ်လိုက်တော့ ခြေထောက်တွေ နေရာမယူတော့ဘူးပေါ့။ ဒါက ကြဲလို့ပြောတာပါ။ အဲ- ဏနှစ်လုံးဆင့်တာကတော့ ဝဏ္ဏတို့၊ ပဏ္ဏာတို့ပေါ့"

"ဟုတ်ကဲ့ပါ။ တဝဂ်မှာ ပဋ္ဌမအက္ခရာ နကို ရှေ့က အက္ခရာတွေပေါ်ဆင့်ရင် ကန္တာရ၊ ဂန္ထဝင်၊ အနန္ဒ၊ ဂန္ဓမာဆိုတဲ့ စာလုံးတွေ ဖြစ်လာတာပေါ့နော် ဆရာ"

"ဟုတ်ပါ့။ ပဝဂ်မှာ ပဋ္ဌမအက္ခရာ မ ကိုရှေ့က အက္ခရာတွေပေါ်မှာ ဆင့်ပြပါအုံး"

"ဟုတ်ကဲ့။ တမ္ဗဝတီ၊ သမ္ဗပလာပ၊ ကုမ္ဘန်တို့ပါ ဆရာ"

"ဒီလောက်ဆို ခြဲမိပါပြီ။ 'မ'နှစ်လုံးဆင့်တာ ကတော့ ဓမ္မလို စကားလုံးမျိုးတွေပေါ့"

"ဆရာက မြန်မာစကားထဲက ပါဠိပါဠိဆင့်တွေကို မြင်သာအောင် အခုလို တစ်ဆင့်ချင်းပြသွားတာ လေ့လာသူတွေအတွက် သိပ်ကောင်းပါတယ် ဆရာ"

"ကဲ...ပြန်ချုပ်ရင် မြန်မာစာ အရေးအသားစနစ်အပေါ်မှာ ပါဠိအရေးအသားစနစ်က ဘယ်

လောက် သြဇာသက်ရောက်နေတယ်ဆိုတာ အခုပြောခဲ့တဲ့ အသတ်စနစ်တွေ၊ ပါဠိဆင့်စနစ်တွေက အထင်အရှားပြနေပါတယ်ကွယ်။ အဲဒီပါဠိအသုံးတွေကို မြန်မာစာထဲမှာ ဘယ်လောက်နေရာပေးထားသလဲဆိုတာ ထင်ရှားတဲ့ သာဓကတစ်ခုပြောပြမယ်"

"ပြောပြပါ ဆရာ"

"မြန်မာကဗျာရေးဖွဲ့ရာမှာ ရှေးကစာဆိုတွေဟာ ကာရန်ယူတဲ့အခါမှာ အသတ်ကာရန်ညီဖို့ အင်မတန်အလေးထားတယ် ဆိုတာ မင်းသိတယ် မဟုတ်လား"

"သိပါတယ် ဆရာ။ တသတ်၊ နသတ်၊ ပသတ်၊ မသတ်ဆိုတဲ့ အသတ်ချင်းညီအောင် ကာရန်ယူကြပါတယ်။ တ သတ်နဲ့ ပ သတ်၊ နှ သတ်နဲ့ မ သတ် အသံတူပေမဲ့ အသတ်မတူလို့ အဲဒီလို ကာရန်ယူတာမျိုးကို လက်မခံကြပါဘူး ဆရာ"

"ဟုတ်တယ်။ တသတ်နဲ့ ပသတ်ကာရန်ယူထားရင်၊ နှ သတ်နဲ့ ပ သတ် ကာရန်ယူထားရင် အပြစ်လို့သဘောထားပြီး ရှောင်ကြတယ်လေ"

"ဟုတ်ပါတယ် ဆရာ"

"အေး...ဒါပေမဲ့၊ ဆရာတို့ ပြောခဲ့ကြတဲ့ ပါဠိ အသတ်တွေ ပါဠိဆင့်တွေကိုကျတော့ အသတ်မတူ ပေမဲ့လဲ မြန်မာအသတ်တွေနဲ့တွဲပြီး လိုလိုလားလား ကာရန်ယူခဲ့ကြတာ သာဓကတွေ အများကြီး ရှိတယ်ကွဲ့။ ပါဠိသတ်တွေပါဠိဆင့်တွေကို အများကြီးနေရာပေးထားတယ်လေ"

"ဩော်...ဟုတ်လား ဆရာ"

"ဟုတ်တာပေါ့ကွယ်။ မြန်မာအသတ်ချင်း အသတ်မတူရင် အပြစ်လို့ယူဆကြပေမဲ့ ပါဠိသတ်နဲ့အသတ်မတူတဲ့ တွဲတာကျတော့ အပြစ်လို့ ထောက်ပြတာမျိုး မရှိကြဘူးလား"

"သာဓကလေး..."

"ဟောဒီမှာကြည့် 'ကိုးခန်းပျို့'မှာ တိမ်ဖြူ ဆို့ဝိတ်၊ သန္ဓေစိတ်ဖြင့်၊ အဝိဇ္ဇန္တ'တဲ့။ ဝိတ်-စိတ်ဆိုတဲ့ မြန်မာအသတ်တွေကို အဝိဇ္ဇန္တဆိုတဲ့ ပါဠိပါဠိဆင့်နဲ့ ကာရန်ယူထားတာလေ။ အဝိဇ်လို့ ခွဲလိုက်ရင် ဇ သတ်ဖြစ်နေတာပေါ့။ အသတ်မတူဘူးလေ"

"ဟုတ်တယ်နော် ဆရာ"

"နောက်...ရှေ့ဟသ်ာမင်းပျို့မှာ 'ချစ်ခြင်းပြတ်သား၊ အရဟတ္တမဂ်၊ ဉာဏ်သန်လျက်ဟု' တဲ့။ ကာရန်ယူပုံကို ကြည့်လေ။ 'မဂ်'နဲ့ 'လျက်'နဲ့ ကာရန်ယူထားတာ။ အသတ်မတူဘူး မဟုတ်လား။ ဒါဆိုရင် ပါဠိအရေးစနစ်တွေ မြန်မာစာထဲမှာ ဘယ်လောက်စိမ့်ဝင်နေတယ်ဆိုတာ သိနိုင်တာပေါ့ကွယ်"။ ။

ကျောက်မဲပုံဝိုးဒေသမှ နေရပ်စွန့်ခွာသူများအား စားနပ်ရိက္ခာများ လှူဒါန်း

သီပေါ အောက်တိုဘာ ၉- ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်ပုံဝိုး နေရပ်စွန့်ခွာသူစခန်းမှ ခိုလှုံလျက်ရှိသော ဒေသခံများအား လားရှိုး-သီပေါ-ကျောက်မဲ နောင်ချိုစသည့် မြို့နယ်များမှ စေတနာရှင်များ၊ ပရဟိတအသင်းများက ယမန်နေ့က စားနပ်ရိက္ခာများ ကူညီထောက်ပံ့လှူဒါန်းခဲ့ကြောင်း နယ်စည်းမခြား ပရဟိတ(သီပေါ) ခေါင်းဆောင် ဦးမျိုးမြင့်လွင်ထံက သိရသည်။ အဆိုပါ နေရပ်စွန့်ခွာသူစခန်း၌ ခိုလှုံလျက်ရှိသော ကျေးရွာသားများမှာ ၁၀၀၀ ခန့်ရှိပြီး နယ်စည်းမခြားပရဟိတ သီပေါလူငယ်၊ ကောင်းမှုရှင်၊ FIVE STAR (ကျောက်မဲ)၊ ကမ်းလှမ်းလက်များ(လားရှိုး၊ နောင်ချို) နှင့် သီပေါအကျိုးဆောင်လူငယ်စသည့် ပရဟိတအသင်းများက မော်တော်ယာဉ် ၁၂ စီးဖြင့် စားနပ်ရိက္ခာ ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် အသုံးဆောင်ပစ္စည်းများကို ကူညီထောက်ပံ့ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

နိုင်ငံတကာအနုပညာ သတင်းပဒေသာ

သမ္မတလောင်းဂျိုးဘိုင်ဒင်ကို ထောက်ခံကြောင်း တေလာဆွစ်ဖ် ပြောကြား

အမေရိကန်အဆိုတော်တေလာဆွစ်ဖ်ကတော့ အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဘယ်သူကို ထောက်ခံမလဲဆိုတာကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

လာမယ့်နိုဝင်ဘာလမှာကျင်းပမယ့် အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာတော့ ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်ကိုမဲပေးမယ်လို့ တေလာဆွစ်ဖ်က ကြေညာခဲ့ပါတယ်။ အခုအချိန် ပြည်သူတွေလိုအပ်နေတဲ့ အပြောင်းအလဲကတော့ အသားရောင်မရွေး၊ ကျားမ မရွေး လုံခြုံစိတ်ချရမှုနဲ့ထိုက်တန်တယ်လို့ အသိအမှတ်ပြုပေးမယ့် သမ္မတကိုရွေးကောက်ဖို့ပါပဲလို့ တေလာဆွစ်ဖ်က ၎င်းရဲ့ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး ပြောကြားခဲ့ပါတယ်။

တစ်ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးပြဿနာနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကိုဦးစားပေးဆောင်ရွက်ပေးမယ့်အစိုးရမျိုးရဖို့ လူတိုင်းနဲ့ ထိုက်တန်တယ်။ ဒီအရာတွေအားလုံးကို လုပ်ဆောင်ဖို့ ပထမဆုံးလုပ်ရမယ့် အလုပ်ကတော့ ဒီပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းလိုတဲ့ ခေါင်းဆောင်ကောင်းရွေးချယ်ဖို့ပဲလို့ တေလာဆွစ်ဖ်က ပြောပါတယ်။ တေလာဆွစ်ဖ်ဟာ ၂၀၁၈ ခုနှစ်မတိုင်မီ အချိန်ထိ နိုင်ငံရေးနဲ့ပတ်သက်တဲ့ ၎င်းရဲ့အမြင်ကို ထုတ်ဖော်ပြောကြားလေ့မရှိဘဲ တိတ်တဆိတ်သာ နေလေ့ရှိပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲကာလမှာတော့ တေလာဆွစ်ဖ်ဟာ ဒီမိုကရက်တစ်အမတ်လောင်းတွေကို ထောက်ခံအားပေးခဲ့ပါတယ်။

စီအင်နီအင်နီ



အဆိုတော်တေလာဆွစ်ဖ်

စေ့စပ်ပြီးနောက်ပိုင်းအပျော်ဆုံးဖြစ်နေတယ်ဟု လီလီကောလင်း ပြော

အခုတလောနာမည်ကြီးနေတဲ့ Emily in Paris ရုပ်သံဇာတ်လမ်းတွဲမှ မင်းသမီး လီလီကောလင်းဟာ စက်တင်ဘာလကုန်ကတည်းက ချစ်သူ ချာလီမက်ဒိုဝဲလ်နဲ့ စေ့စပ်ခဲ့ပြီး အဲဒီအချိန်ကစလို့ သူ့အတွက် အပျော်ဆုံးပါပဲလို့ ကြေညာခဲ့ပါတယ်။ လီလီရဲ့ချစ်သူ ချာလီမက်ဒိုဝဲလ်ကတော့ ဒါရိုက်တာနဲ့စာရေးဆရာတစ်ယောက်ဖြစ်ပါတယ်။

အမ်မလီဟာ ချစ်သူ ချာလီနဲ့ ပတ်သက်တဲ့ ဆက်ဆံရေးကို အောက်တိုဘာ ၇ရက်က ဒရူးဘာယ်ရီမိုး၏ စကားပြောအစီအစဉ်မှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ လီလီဟာ သူ့ရဲ့ စေ့စပ်လက်စွပ်ကိုထပ်မံပြသခဲ့ပြီး ကျွန်မဟာစေ့စပ်ထားတဲ့ မိန်းကလေးတစ်ယောက်ပါလို့ ပြောကြားခဲ့ပါတယ်။စေ့စပ်ထားတဲ့ချစ်သူဟာ အမ်မလီအပေါ် ကောင်းရဲ့လားလို့မေးမြန်းတဲ့အခါမှာတော့ ကျွန်မဟာ ကံအကောင်းဆုံးမိန်းကလေးပါလို့လီလီကပြန်လည်ဖြေကြားခဲ့ပါတယ်။ စေ့စပ်ပြီးနောက်ပိုင်း အပျော်ရွှင်ရဆုံးလူသား ဖြစ်နေတယ်လို့ လီလီကဆက်ပြောပါတယ်။ လီလီရဲ့စေ့စပ်လက်စွပ်ကတော့ ပေါင် ၆၅၀၀၀ ထိ တန်ကြေးရှိလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ လီလီနဲ့ ချာလီတို့ဟာ ဧရိုင်လမှာလူတွေရှေ့ကို ပွဲထွက်လာကြပြီး နောက်တစ်လအကြာမှာတော့ သူတို့တွဲနေကြပြီလို့ အတည်ပြုခဲ့ကြပါတယ်။ အဲဒီနောက်စက်တင်ဘာ ၂၅ ရက်မှာတော့ သူတို့နှစ်ဦးစေ့စပ်လိုက်ပြီဆိုတာကို အသိပေးခဲ့ကြပါတယ်။

လီလီကောလင်းနှင့် ချာလီမက်ဒိုဝဲလ်

ခြူး

လူမှုဖူလုံရေးအကျိုးဝင် စက်ရုံ၊အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမားများ၊ ဝန်ထမ်းများအား လူမှုဖူလုံရေး ထောက်ပံ့ငွေများ ခွင့်ပြုထုတ်ပေးလျက်ရှိ

ယမန်နေ့မှအဆက်

လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ခွင့်ပြုထုတ်ပေးသည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

ရက်စွဲ။ ၇-၁၀-၂၀၂၀

စဉ်	အလုပ်ဌာန အမှတ်	စက်ရုံ/အလုပ်ရုံ/ အလုပ်ဌာန အမည်	အလုပ်သမား ဦးရေ	ထောက်ပံ့ငွေ(ကျပ်)
၇၃	13033.35.6.2.56	သရီးစစ်စတီ ဒီဂရီ အက်ဂျူတက်ခ် ကုမ္ဗဏီလိမိတက်	၅၄	၆,၀၁၂,၀၀၀.၀၀
၇၄	13033.35.6.2.91	Doh Eain Limited	၃၁	၃,၇၂၀,၀၀၀.၀၀
၇၅	13033.35.3.2.137	DVB Multimedia Group	၁၃၆	၁၆,၁၉၂,၀၀၀.၀၀
၇၆	13033.35.7.2.9	Anawmar Art Group Co., Ltd.	၇၇	၆,၂၅၆,၀၀၀.၀၀
၇၇	13033.35.5.2.68	Global Grand Services Company Limited	၁၈	၁,၈၂၀,၀၀၀.၀၀
၇၈	13033.35.6.2.45	Pixellion 360 Company Limited	၂၀	၂,၂၄၀,၀၀၀.၀၀
၇၉	13033.35.6.2.2	ချင်းတွင်းဆည်းဆာကုမ္ဗဏီလိမိတက်	၁၇	၁,၈၉၆,၀၀၀.၀၀
၈၀	13033.35.4.2.152	မြန်မာတောင်သူကြီးများဂျာနယ်တိုက်	၁၆	၁,၇၇၂,၀၀၀.၀၀
၈၁	13033.35.7.2.89	SUN MYAT TUN CONSTRUCTION CO., LTD.	၂၂	၂,၄၅၁,၆၀၀.၀၀
၈၂	13001.37.1.2.283	Integrated Petroleum Services & Consultancies Ltd	၂၂	၂,၂၄၄,၀၀၀.၀၀
၈၃	13001.37.3.2.52	Hlawga Park	၁၃၃	၈,၂၃၈,၀၀၀.၀၀
၈၄	13001.37.3.2.59	BDA Agriculture(Myanmar) Ltd.	၁၅	၁,၈၀၀,၀၀၀.၀၀
၈၅	13008.313.6.2.189	ဟွေ့ယာ ကုမ္ဗဏီလိမိတက်	၁၅	၈၆၄,၀၀၀.၀၀
၈၆	13008.313.2.2.149	Hang Kei	၁,၀၃၄	၆၀,၁၅၃,၇၆၀.၀၀
၈၇	13008.313.8.2.9	Soaring Seagulls Co.,Ltd.	၉	၆၈၂,၄၀၀.၀၀
၈၈	13008.313.7.2.193	K.U.S Formwork & Scaffolding Co.,Ltd.	၂၀	၂,၂၄၀,၀၀၀.၀၀
၈၉	13008.313.1.2.519	Myanmar Yootec Group	၆၆	၄,၁၄၆,၂၀၈.၀၀
၉၀	13008.313.1.2.244	Strong Manufacturing Co.,ltd.	၁၁၅	၈,၁၆၂,၄၀၀.၀၀
၉၁	13008.313.1.2.322	Myanmar Elephant Steel Industries Co.,Ltd.	၆၄	၃,၆၈၆,၄၀၀.၀၀
၉၂	13008.313.1.2.431	Khaing Su Thu Industrial Co.,Ltd.	၁၇	၁,၀၂၀,၈၀၀.၀၀
၉၃	13008.313.1.2.201	သရဖူဦးစိုးမြင့်	၇	၄၂၀,၀၀၀.၀၀
၉၄	13008.313.3.2.138	Myanmar TML Limited	၁၈	၂,၁၆၀,၀၀၀.၀၀
၉၅	13003.311.6.2.19	ဟန်စတီးပါဝါ သံရည်ကျိုလုပ်ငန်း	၈	၄၈၀,၀၀၀.၀၀
၉၆	13003.311.4.2.22	De Heus Myanmar Limited	၁၅၀	၁၇,၇၄၇,၈၀၀.၀၀
၉၇	13003.311.1.2.64	Yangon Metal	၂၅၀	၂၀,၂၀၀,၀၀၀.၀၀
၉၈	13018.31.1.2.148	TMW Enterprise Limited (1)	၉၇	၆,၀၂၄,၀၆၀.၀၀
၉၉	13018.31.7.2.51	Kyodo Techno Myanmar Co.,Ltd.	၈	၇၂၀,၀၀၀.၀၀
၁၀၀	13041.33.8.2.3	Myanmar Life Group Co,Ltd.	၅၆	၃,၇၂၀,၀၀၀.၀၀
၁၀၁	13041.33.7.2.18	Material Handing Equipment	၂၀	၁,၅၇၇,၆၀၀.၀၀
၁၀၂	13008.313.4.2.83	Myan Mode Co,ltd.	၆၁၂	၃၅,၂၅၁,၂၀၀.၀၀
၁၀၃	13008.313.3.2.133	Sphinx International Co., Ltd.	၁၀၄	၇,၈၀၃,၉၁၇.၀၀
၁၀၄	13008.313.2.2.51	HONG TEX	၇၉၄	၅၀,၂၈၀,၅၄၇.၀၂
၁၀၅	13008.313.6.2.43	Chindwin Investment Limited	၄၇	၅,၆၄၀,၀၀၀.၀၀
၁၀၆	13008.313.1.2.4	UPG Paint & Coating Co.,Ltd.	၃၇၀	၂၅,၇၃၇,၆၀၀.၀၀
၁၀၇	13008.313.1.2.47	Deco–Land	၄၇၇	၃၃,၄၈၀,၈၀၀.၀၀
၁၀၈	13008.313.3.2.25	တာကာရီးမားအားကစား လက်အိတ်	၃၅၂	၂၁,၄၅၂,၆၄၀.၀၀
၁၀၉	13008.313.4.2.100	San Yuan (Myanmar)Co.,Ltd.	၅၅၉	၃၁,၁၅၄,၈၈၀.၀၀
၁၁၀	13008.313.5.2.23	Sierra KNL Co.,Ltd.	၁၀	၅၇၆,၀၀၀.၀၀
၁၁၁	13008.313.5.2.105	Mokan International	၅၅	၅,၉၄၀,၀၀၀.၀၀
၁၁၂	13008.313.5.2.117	ရိုးမ မော်တော်ယာဉ်များလီမိတက်	၁၀၃	၁၁,၉၅၀,၅၀၀.၀၀
၁၁၃	13008.313.6.2.28	Jian Da Myanmar	၁၀၈	၆,၂၂၀,၈၀၀.၀၀
၁၁၄	13008.313.7.2.48	Pun HlaingLodge Hotel Management Ltd	၇၀	၇,၀၈၀,၀၀၀.၀၀
၁၁၅	13008.313.7.2.199	Global Thai (Myanmar)	၄၆	၂,၁၉၂,၆၄၀.၀၀
၁၁၆	13008.313.1.2.132	Myanmar Megasteel Industries Ltd	၁၉	၁,၆၆၅,၆၀၀.၀၀
၁၁၇	13008.313.1.2.447	Myanmar Ahla n Co.,Ltd.	၆၃	၅,၉၀၈,၂၅၆.၄၀
၁၁၈	13008.313.2.2.214	Jim Brother ' s Yangon Co., Ltd.	၁,၀၅၃	၆၁,၁၃၇,၆၀၀.၀၀
၁၁၉	13009.34.1.2.158	Mercure Hotel	၁၄၃	၁၁,၇၈၃,၈၂၀.၀၀
၁၂၀	13009.34.3.2.138	SPICEWORKS MYANMR CO.,LTD	၁၁	၁,၂၈၄,၀၀၀.၀၀
၁၂၁	13009.34.5.2.60	BOD Technology Co.,Ltd.	၄	၄၈၀,၀၀၀.၀၀
၁၂၂	13009.34.7.2.142	Move Everything Co.,Ltd	၁၂	၁,၂၀၀,၀၀၀.၀၀
၁၂၃	13009.34.7.2.143	Venus Lab Co.,Ltd	၁၃	၁,၅၆၀,၀၀၀.၀၀
၁၂၄	13041.33.7.2.72	Kreate Holdings	၄	၄၈၀,၀၀၀.၀၀
၁၂၅	13033.35.7.2.3	Zamil Steel Buldings Vietnan Co.,Ltd (Yangon)	၆	၇၂၀,၀၀၀.၀၀
၁၂၆	13041.33.1.2.85	Pan Theingi Trading Co.,Ltd	၁၀၄	၉,၁၆၆,၄၀၀.၀၀
၁၂၇	13041.33.1.2.230	Uni Trade Yangon Limited	၁၀	၆၅၂,၀၀၀.၀၀
၁၂၈	13041.33.1.2.292	City Light Power Electric Co,Ltd (၆%)	၂၃	၂,၃၃၆,၀၀၀.၀၀
၁၂၉	13041.33.1.2.325	Rainbow Bridge Distribution Co.,Ltd.	၂၀၂	၁၅,၈၄၈,၂၄၀.၀၀
၁၃၀	13033.310.7.2.93	KOBEBUSSAN MYANMAR Co., Ltd.	၁၉	၂,၂၂၈,၀၀၀.၀၀
၁၃၁	13041.33.1.2.471	သရဖူဦးစိုးမြင့်ကုမ္ဗဏီလိမိတက်	၁၈	၁,၄၇၃,၀၀၀.၀၀
၁၃၂	13041.33.1.2.637	Ronjo Co.,Ltd.	၃	၂၃၃,၂၀၀.၀၀
၁၃၃	13041.33.2.2.166	FM Bagan Radio Station	၃၁	၃,၀၅၈,၀၀၀.၀၀
၁၃၄	13041.33.2.2.206	Htoo Foundation	၅	၄၇၆,၀၀၀.၀၀
၁၃၅	13041.33.2.2.215	ထူးဆောက်လုပ်ရေး	၇	၅၇၂,၀၀၀.၀၀
၁၃၆	13041.33.2.2.225	M – Tech Distribution Co.,Ltd.	၆	၆၇၆,၀၀၀.၀၀
၁၃၇	13041.33.3.2.104	Alpha Power Engineering Co.,Ltd.	၄၈	၃,၃၁၆,၀၀၀.၀၀
၁၃၈	13041.33.3.2.120	Sweety Home Industry Co.,Ltd.	၃၇	၂,၂၂၅,၆၀၀.၀၀
၁၃၉	13041.33.4.2.10	RMA Services Co.,Ltd.	၅၀	၅,၈၆၅,၄၄၃.၂၅
၁၄၀	13033.310.8.2.7	SCM Legal Limited	၇	၈၄၀,၀၀၀.၀၀
၁၄၁	13033.310.7.2.86	S B T Co.,Ltd (Myanmar Branch)	၇	၈၀၀,၀၀၀.၀၀
၁၄၂	13041.33.5.2.35	Zandromar Fashion Myanmar Co.,Ltd.	၅	၆၀၀,၀၀၀.၀၀
၁၄၃	13041.33.6.2.80	Global Royal Tech Co.,Ltd.	၄	၄၂၈,၈၆၀.၀၀
၁၄၄	13003.311.4.2.14	Wan He Garment	၆,၆၇၃	၃၈၄,၃၆၄,၈၀၀.၀၀
၁၄၅	13033.310.8.2.3	Conny Tech Myanamr Company Limited	၁၁	၁,၁၄၄,၀၀၀.၀၀
၁၄၆	13001.37.2.2.112	Elite Express	၃၆၄	၂၅,၇၄၉,၀၀၀.၀၀
၁၄၇	13001.37.3.2.22	Myanmar CBM Services Co.,Ltd.	၈၁	၉,၅၆၅,၈၆၄.၀၀
၁၄၈	13001.37.3.2.42	Excellent Office Automation Co.,Ltd.	၅၉	၄,၉၃၇,၁၇၄.၄၀
၁၄၉	13001.37.5.2.39	Mawlamyine Cement Limited	၇	၇၉၈,၅၄၄.၀၀
၁၅၀	13001.37.6.2.62	Colors Of Future	၃၇	၂,၉၇၄,၁၃၃.၆၀
၁၅၁	13001.37.7.2.37	Ayuroma Advisory International	၄	၄၈၀,၀၀၀.၀၀
၁၅၂	13003.311.1.2.70	SU Yu Ei Garement	၁,၁၄၈	၆၆,၉၉၀,၇၂၀.၀၀
၁၅၃	13003.311.3.2.123	TEXTILE PALACE	၁,၄၀၀	၈၀,၆၄၀,၀၀၀.၀၀
၁၅၄	13008.313.1.2.535	စိုးတင် စက်မှုလက်မှုလုပ်ငန်း	၇၁	၄,၁၆၈,၈၀၀.၀၀
၁၅၅	13008.313.1.2.575	Myanmar Brilliant Sky	၃၂၇	၁၈,၉၆၀,၀၀၀.၀၀
၁၅၆	13008.313.3.2.82	City Sky	၇၉	၄,၉၉၆,၄၈၀.၀၀
၁၅၇	13008.313.5.2.7	Myanmar Synergy Co.,Ltd.	၄၃	၂,၈၅၄,၀၀၀.၀၀
၁၅၈	13009.34.2.2.117	Konoike Construction Co.,Ltd.	၁၂	၁,၄၄၀,၀၀၀.၀၀
၁၅၉	13009.34.3.2.111	GEO TECHNICS MYANMAR CO.,LTD.	၂	၁၆၀,၀၀၀.၀၀
၁၆၀	13009.34.3.2.150	WPG CAPITAL PUBLIC CO.,LTD.	၅	၄၈၂,၀၀၀.၀၀
၁၆၁	13009.34.4.4.2.123	Chris Ho Co.,Ltd.	၃၂	၁,၈၈၆,၄၀၀.၀၀
၁၆၂	13009.34.5.2.19	Golden City Business Management Co., Ltd.	၁၃၀	၁၁,၈၄၄,၆၀၂.၃၀
၁၆၃	13009.34.5.2.54	COM & COM	၃၂	၃,၁၅၃,၂၀၀.၀၀
၁၆၄	13009.34.5.2.64	Kajima Yankin PPP Co.,Ltd.	၁၆	၁,၉၂၀,၀၀၀.၀၀
၁၆၅	13009.34.6.2.9	China Legal Bureau(Myanmar)Co.,ltd.	၉	၁,၀၈၀,၀၀၀.၀၀
၁၆၆	13009.34.6.2.19	DIVA Distribution Group	၆	၄၃၆,၀၀၀.၀၀
၁၆၇	13009.34.6.2.67	Momentum Plus Co.,Ltd.	၁၅	၁,၁၁၂,၀၀၀.၀၀
၁၆၈	13009.34.6.2.89	Nelson International Education Center	၂၉	၁,၆၃၂,၀၀၀.၀၀
၁၆၉	13009.34.6.2.105	စီးပွားရေးလုပ်ငန်းရှင်များ ကျား/မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း	၅	၆၀၀,၀၀၀.၀၀
၁၇၀	13009.34.6.2.107	Kojima Myanmar Co.,Ltd.	၁၂၇	၁၅,၂၂၄,၀၀၀.၀၀
၁၇၁	13009.34.6.2.122	Asia Starmar Transport Intelligent Co.,Ltd.	၇၃	၂၅,၇၄၉,၀၀၀.၀၀
၁၇၂	13009.34.7.2.74	PMJ Co.,Ltd.	၁၁	၇၄၀,၀၀၀.၀၀
၁၇၃	13009.34.7.2.102	Frecnzo Myanmar Co.,Ltd.	၁၇	၁,၃၀၀,၀၀၀.၀၀
၁၇၄	13009.34.7.2.109	Juvenus Clinic	၉	၇၂၀,၀၀၀.၀၀
၁၇၅	13009.34.7.2.126	Myanmar Technical Link	၈	၈၀၀,၀၀၀.၀၀
၁၇၆	13009.34.8.2.3	Hotel Yamaman Co.,Ltd.	၄၀	၃,၆၄၃,၀၉၃.၆၀

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှ

၁၇၇	13009.34.8.2.8	Get Ride Co.,Ltd	၉	၉၀၀,၀၀၀.၀၀
၁၇၈	13009.34.8.2.26	KAJIMA MYANMAR Development & MANAGEMENT CO.,LTD	၂၆	၃,၁၂၀,၀၀၀.၀၀
၁၇၉	13009.34.8.2.28	SHEINOVIC HOLDING CO.,LTD	၁၀	၁,၀၀၀,၀၀၀.၀၀
၁၈၀	13033.35.1.2.77	မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလိမိတက်	၃၅၀	၃၀,၀၆၉,၂၀၀.၀၀
၁၈၁	13033.35.5.2.52	My Play Company Limited	၁၅	၁,၅၄၄,၀၀၀.၀၀
၁၈၂	13033.35.7.2.4	Foodfare India Kitchen	၂၁	၁,၆၄၈,၈၀၀.၀၀
၁၈၃	13033.310.7.2.107	AIMS International Myanmar Co.Ltd	၁၀	၁,၁၆၈,၀၀၀.၀၀
၁၈၄	13033.310.1.2.45	JEWOO အထည်ချုပ်စက်ရုံ	၁,၅၇၂	၁၀၃,၄၀၃,၁၃၃.၆၀
၁၈၅	13033.310.1.2.225	Sule Shangri-la Hotel	၃၇၄	၃၃,၆၀၉,၁၀၀.၇၉
၁၈၆	13033.310.1.2.242	LG Show Room	၁၇	၁,၂၂၇,၆၀၀.၀၀
၁၈၇	13033.310.1.2.364	Wai Yan Electronic	၁၇	၁,၃၂၇,၂၀၀.၀၀
၁၈၈	13033.310.1.2.413	သိန်းဟန်နှင့်ခိုင်မြကုမ္ပဏီ	၁၆	၉၆၀,၀၀၀.၀၀
၁၈၉	13033.310.1.2.710	အရှေ့တိုင်းပုလဲကုမ္ပဏီ လီမိတက်	၂၅	၂,၇၄၀,၀၀၀.၀၀
၁၉၀	13033.310.1.2.727	A1 Construction Co.,Ltd	၂၀၃	၁၅,၅၄၂,၀၀၀.၀၀
၁၉၁	13033.310.2.2.154	Smart Computer Sales & Services	၂၅	၁,၅၀၂,၄၀၀.၀၀
၁၉၂	13033.310.3.2.124	Sweety Home Co.,Ltd	၄၅	၂,၇၀၂,၄၀၀.၀၀
၁၉၃	13033.310.4.2.150	ဝိုင်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်	၂၁	၁,၆၅၄,၀၀၀.၀၀
၁၉၄	13033.310.4.2.189	Japan Store Holding Co., Ltd.	၆၄	၃,၇၅၀,၄၀၀.၀၀
၁၉၅	13033.310.5.2.11	တော်ဝင်ကြာဖူးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်	၁၆	၁,၃၁၀,၀၀၀.၀၀
၁၉၆	13033.310.5.2.17	ထရိတ်ဒါး(စ်)စကွဲယားကုမ္ပဏီ လီမိတက်	၁၃၅	၁၅,၂၈၂,၅၈၅.၆၀
၁၉၇	13033.310.5.2.49	ရွှေရပ်ဝန်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်	၈၉	၅,၁၃၆,၄၀၀.၀၀
၁၉၈	13033.310.6.2.2	ရွှေလမင်းနဂါးကုမ္ပဏီ	၇၀	၄,၃၅၆,၀၀၀.၀၀
၁၉၉	13033.310.6.2.18	C.I.M Property Consultants Co.,Ltd	၁၉	၂,၂၈၀,၀၀၀.၀၀
၂၀၀	13033.310.6.2.52	GLOBAL THINK CONSULTING CO.,LTD	၇	၄၈၀,၀၀၀.၀၀
၂၀၁	13033.310.6.2.82	Arcade Heroamusement	၅	၄၆၄,၀၀၀.၀၀
၂၀၂	13033.310.6.2.83	Alibaba Amusement	၉	၈၄၈,၀၀၀.၀၀
၂၀၃	13033.310.6.2.100	Global United Myanmar Limited	၁၀	၁,၂၀၀,၀၀၀.၀၀
၂၀၄	13033.310.6.2.104	Royal Smart Company Limited	၄၅	၃,၂၈၅,၆၀၀.၀၀
၂၀၅	13033.310.7.2.12	TNY Legal (Myanmar) Co.,Ltd	၁၀	၅၇၆,၀၀၀.၀၀
၂၀၆	13033.310.7.2.36	The River Media Group Co.,Ltd	၆၀	၇,၁၃၂,၀၀၀.၀၀
၂၀၇	13033.310.7.2.48	LMK PARTNERSHIPS (MYANMAR) CO.,Ltd.	၇	၈၁၆,၀၀၀.၀၀
၂၀၈	13033.310.7.2.55	THETYS COMPANY LIMITED	၂၃	၂,၂၃၂,၀၀၀.၀၀
၂၀၉	13033.310.7.2.61	Sumitomo Mitsui Construction Co.,Ltd.(Bago River Bridge Project)	၁၃၁	၁၅,၆၄၃,၈၀၀.၀၀
၂၁၀	13033.310.7.2.84	GENERATION NEXT COMMUNICATIONS MYANMAR LTD.	၆	၇၀၀,၀၀၀.၀၀
၂၁၁	13037.39.6.2.11	Lay Thi Services Co; Ltd	၅၅	၄,၆၈၁,၂၅၆.၄၈
၂၁၂	13037.39.1.2.21	Dagon International Co., Ltd. (DIL)	၂၆	၂,၆၂၅,၈၀၀.၀၀
၂၁၃	13037.39.1.2.113	Asia World Co.,Ltd	၃၈	၃,၈၄၀,၀၀၀.၀၀
၂၁၄	13037.39.1.2.180	MCG Co Chigo Aircon	၆၄	၄,၁၆၂,၀၀၀.၀၀
၂၁၅	13037.39.1.2.294	ရည်ရည်ထွန်းကုမ္ပဏီလီမိတက်	၈	၈၂၈,၀၀၀.၀၀
၂၁၆	13037.39.1.2.489	Best Colour Photo	၁၆	၁,၀၂၄,၈၀၀.၀၀
၂၁၇	13037.39.1.2.503	VSK	၂၀၀	၁၈,၈၁၄,၀၀၀.၀၀
၂၁၈	13037.39.2.2.20	သူရိယစွမ်းအင်(ရုံးချုပ်)	၁၄	၁,၂၂၉,၀၀၀.၀၀
၂၁၉	13037.39.2.2.25	Supreme Trading Company Limited	၇၂	၇,၂၄၇,၈၀၀.၀၀
၂၂၀	13037.39.2.2.173	Lyan Shan Engineering Services Co.,Ltd	၃၈	၂,၆၅၄,၄၀၀.၀၀
၂၂၁	13037.39.2.2.216	Uniteam Marine Ltd. (Yangon)	၃၈	၄,၅၆၀,၀၀၀.၀၀
၂၂၂	13037.39.2.2.219	ဒဂုန်အင်တာနေရှင်နယ်ရွာသာကြီး စိုက်ပျိုးရေး	၅	၄၅၆,၀၀၀.၀၀
၂၂၃	13037.39.2.2.221	Dagon Centre Shopping Mall-I	၃၃	၂,၆၄၁,၆၀၀.၀၀
၂၂၄	13037.39.2.2.222	Dagon Centre Shopping Mall-II	၃၁	၂,၄၂၀,၀၀၀.၀၀
၂၂၅	13037.39.2.2.228	Emergent Services Co.,Ltd	၁၂	၁,၂၄၀,၀၀၀.၀၀
၂၂၆	13037.39.2.2.263	Diamond Crown Hotel	၁၃	၆၆၀,၈၀၀.၀၀
၂၂၇	13037.39.2.2.287	AsiaHolidaysTravels & Tours	၁၀	၁,၂၀၀,၀၀၀.၀၀
၂၂၈	13037.39.2.2.294	Myanmar Thilawa SEZ Holdings Public Company Limited	၃၇	၄,၁၂၉,၆၀၅.၆၀
၂၂၉	13037.39.2.2.301	Mingalar Motor Company Limited	၂၈	၃,၀၅၉,၁၂၀.၀၀
၂၃၀	13037.39.3.2.109	Kubota Corporation,Yangon Branch	၆	၇၂၀,၀၀၀.၀၀
၂၃၁	13037.39.3.2.127	MK Lifestyle Co.,Ltd	၄၉	၃,၆၆၄,၁၉၆.၄၀
၂၃၂	13037.39.3.2.134	Jurong Engineering (Myanmar) Ltd	၂	၂၄၀,၀၀၀.၀၀
၂၃၃	13037.39.3.2.169	Mega Resources Co	၉	၉၂၀,၀၀၀.၀၀
၂၃၄	13037.39.4.2.7	Nisshin (Myanmar) Co,ltd	၂၄	၂,၀၆၉,၆၀၀.၀၀
၂၃၅	13037.39.4.2.16	Total Livingstone Co,Ltd	၁၅	၁,၄၉၆,၀၀၀.၀၀
၂၃၆	13037.39.4.2.19	Tun & Kaung Ventures	၅၁	၅,၅၁၆,၀၀၀.၀၀
၂၃၇	13037.39.4.2.20	Dagon International Ltd (ယန္တရား)	၁၉	၁,၈၄၉,၆၀၀.၀၀
၂၃၈	13037.39.4.2.21	NIRAS A/ S (Myanmar Branch Office)	၃	၃၀၈,၀၀၀.၀၀
၂၃၉	13037.39.4.2.31	Thllawa Property Development Limited	၄၂	၄,၃၁၀,၀၀၀.၀၀
၂၄၀	13037.39.4.2.34	Swiss Hospitality Group	၅	၄၇၅,၂၀၀.၀၀
၂၄၁	13037.39.4.2.39	Top Hr Solutions Co,Ltd	၅	၄၆၀,၀၀၀.၀၀
၂၄၂	13037.39.4.2.64	Signal Base Co.,Ltd.	၁၃	၁,၃၂၈,၀၀၀.၀၀
၂၄၃	13037.39.4.2.96	Property Plus Co,Ltd	၇	၆၀၄,၈၀၀.၀၀
၂၄၄	13037.39.5.2.4	HRINC Myanmar Limited	၈၃	၉,၈၉၆,၄၉၆.၀၀
၂၄၅	13037.39.5.2.9	Rainbow Agrosciencs Co,Ltd.	၂၃	၂,၇၄၀,၀၀၀.၀၀
၂၄၆	13037.39.5.2.10	ရတနာကောင်းကင်ကျောက်မျက် ကုမ္ပဏီလီမိတက်	၂၇	၂,၉၇၆,၀၀၀.၀၀
၂၄၇	13037.39.5.2.34	WinCom Workforce Solutions	၂၈	၂,၅၅၂,၀၀၀.၀၀
၂၄၈	13037.39.5.2.35	WinCom Solutions	၁၁	၁,၂၈၄,၀၀၀.၀၀
၂၄၉	13037.39.5.2.36	Werkz Technologies Co	၂၂	၂,၆၄၀,၀၀၀.၀၀
၂၅၀	13037.39.5.2.38	MyWorld Careers Co., Ltd	၄၇	၅,၆၄၀,၀၀၀.၀၀
၂၅၁	13037.39.5.2.45	JRT Consulting Co,Ltd	၁၁	၁,၃၂၀,၀၀၀.၀၀
၂၅၂	13037.39.5.2.52	Union Auto Works Co,Ltd	၁၆	၁,၅၅၆,၀၀၀.၀၀
၂၅၃	13037.39.5.2.55	F-Tech Myanmar Co., Ltd.	၁၂	၁,၄၄၀,၀၀၀.၀၀
၂၅၄	13037.39.5.2.93	Naviworld Myanmar Business Solution Co,Ltd	၁၂	၁,၄၄၀,၀၀၀.၀၀
၂၅၅	13037.39.5.2.96	Dagon Machinery & Automotive Ltd	၅	၅၂၀,၈၀၀.၀၀
၂၅၆	13037.39.5.2.97	Digital Focus Co.,Ltd	၁၁	၁,၃၂၀,၀၀၀.၀၀
၂၅၇	13037.39.6.2.3	Uniteam Global Business Services (MM) LTD	၇၁	၈,၅၂၀,၀၀၀.၀၀
၂၅၈	13037.39.6.2.12	Uniteam Training Ltd	၅၁	၆,၁၂၀,၀၀၀.၀၀
၂၅၉	13037.39.6.2.39	Sense Capital Company Ltd	၁၂	၉၈၀,၀၀၀.၀၀
၂၆၀	13037.39.6.2.40	GUSTO Co.,Ltd	၄၀	၄,၃၀၇,၆၀၀.၀၀
၂၆၁	13037.39.6.2.42	ရွှေပြည်ခေတ္တရာမီဒီယာကုမ္ပဏီ လီမိတက်	၅	၅၆၇,၈၀၀.၀၀
၂၆၂	13037.39.6.2.56	Shwe Zabu Deik	၃၆	၃,၃၁၂,၀၀၀.၀၀
၂၆၃	13037.39.6.2.88	GJC Myanmar Limited	၁၄	၁,၆၅၆,၄၀၈.၀၀
၂၆၄	13037.39.6.2.107	ဆွေသဟာမြန်မာကုမ္ပဏီလီမိတက်	၁၆	၁,၄၁၀,၀၀၀.၀၀
၂၆၅	13037.39.6.2.109	Northen Glade Shipping Agency&Service	၈	၈၄၀,၀၀၀.၀၀
၂၆၆	13037.39.7.2.7	Bay View Beach Resort Limited	၂	၁၇၇,၆၀၀.၀၀
၂၆၇	13037.39.7.2.27	Focus Core Myanmar Co.,Ltd	၁၈	၂,၁၀၁,၉၃၅.၆၀
၂၆၈	13037.39.7.2.29	Azura Hotels Group	၂၀	၉၈၀,၀၀၀.၀၀
၂၆၉	13037.39.7.2.35	Diamond & Me Gems	၂	၂၄၀,၀၀၀.၀၀
၂၇၀	13037.39.7.2.66	ATK Enterprise (ဇထရ်ခိုင်အင်တာပရိုက်)	၅	၄၂၀,၀၀၀.၀၀
၂၇၁	13037.39.7.2.68	Mirac co.Ld	၂၉	၃,၃၄၄,၀၀၀.၀၀
၂၇၂	13037.39.7.2.73	Tosenbo Myanmar Co,Ltd (Grande Nail Spa)	၇	၄၃၂,၀၀၀.၀၀
၂၇၃	13037.39.7.2.77	Yoma Sum Co.,Ltd	၂၁	၁,၈၀၀,၀၀၀.၀၀
၂၇၄	13037.39.7.2.84	Yulchon Myanmar Co.,Ltd	၁	၁၂၀,၀၀၀.၀၀
၂၇၅	13037.39.7.2.114	ABC Content Soulutions Co.,Ltd	၆၁	၆,၃၄၈,၀၀၀.၀၀
၂၇၆	13037.39.7.2.133	New East Dagon Industrial Park Co.,Ltd	၄	၄၆၀,၀၀၀.၀၀
၂၇၇	13037.39.7.2.144	ခေတ်သစ်သာလွန်ကုမ္ပဏီလီမိတက်	၅၀	၅,၇၅၄,၀၀၀.၀၀
၂၇၈	13037.39.7.2.152	Audaxia Global Myanmar Co.,Ltd	၅	၆၀၀,၀၀၀.၀၀
၂၇၉	13037.39.8.2.2	Piyawasa Co.,Ltd	၁၈	၂,၁၂၀,၀၀၀.၀၀
၂၈၀	13037.39.8.2.47	Yes Doctor Myanmar Company Limited	၄	၄၈၀,၀၀၀.၀၀
၂၈၁	13037.39.8.2.60	Green IT Co.,Ltd	၁၀	၇၁၂,၀၀၀.၀၀
၂၈၂	13037.39.1.2.534	"ပိုင်အိုးနီးယားဆာဗစ်စစ်အင်တာနေရှင်းနယ် (ဗဟိုရ်စည်ဆေးရုံ)"	၈၂၀	၆၃,၇၆၇,၂၀၀.၀၀
၂၈၃	13037.39.6.2.60	Lagom Grifra Company	၅	၅၁၄,၀၀၀.၀၀
၂၈၄	13037.39.6.2.64	Myat Zin and Friends	၁၉	၁,၄၆၈,၀၀၀.၀၀
၂၈၅	13037.39.6.2.92	Asia Star Technology (AST)	၁၀	၈၃၀,၄၀၀.၀၀
၂၈၆	13037.39.6.2.95	Sweety Home Industry Co,Ltd	၂၈	၁,၆၈၉,၂၀၀.၀၀
၂၈၇	13037.39.7.2.22	Mobile Network Soluctions Consultant (MNSC)	၃၅	၃,၈၀၄,၀၀၀.၀၀
၂၈၈	13037.39.7.2.103	Majestry Family International Co.,Ltd	၁၈	၁,၂၂၀,၀၀၀.၀၀
၂၈၉	13037.39.8.2.43	Dominus Co.,Ltd	၂၀	၁,၇၅၂,၀၀၀.၀၀
၂၉၀	13037.39.8.2.66	ဓနဘုရင်ရောင်းဝယ်ရေးကုမ္ပဏီ လီမိတက်	၁၁	၈၆၄,၀၀၀.၀၀
၂၉၁	13003.311.1.2.5	Mani Yangon Ltd	၁၂၅	၉,၀၈၉,၄၆၅.၆၀
၂၉၂	13003.311.3.2.10	Sumit SPA Motors Ltd	၃၂	၃,၆၉၄,၈၀၀.၀၀

စာမျက်နှာ ၂၃ သို့

ပြည်တွင်းသတင်းနှင့် အားကစား

အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာညိုဝင်း အသက်(၉၇နှစ်)အရွယ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်

နေပြည်တော် အောက်တိုဘာ ၉

အမျိုးသားစာပေတစ်သက်တာဆုရှင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီး ဆရာညိုဝင်းသည် အောက်တိုဘာ ၈ ရက် ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသည်။

ဆရာညိုဝင်းသည် ၂၀၁၇ ခုနှစ်တွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်အဖြစ် ရွေးချယ်ဂုဏ်ပြုခြင်းခံရသူလည်း ဖြစ်သည်။ ဆရာညိုဝင်းကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံရှမ်းစုကျေးရွာတွင် မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးကျော်ဝင်း ဖြစ်သည်။ မွေးချင်းရှစ်ဦးအနက် တတိယမြောက်သားဖြစ်ပြီး မြန်မာအထက်တန်းဆရာဖြစ် သင်တန်းအောင်မြင်ပြီးနောက် ၁၉၄၇-၁၉၄၈ ခုနှစ်တွင် ဥက္ကံမြို့နယ် ပြည်သူ့ရဲဘော် အတွင်းရေးမှူး ဗိုလ်မင်းလွင် အမည်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူလည်းဖြစ်သည်။ စာပေရေးသားခြင်းကို ၁၉၃၉ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် စာရေးဆရာသန်းဆွေ၏ လက်တွဲခေါ်ယူမှုဖြင့် သွေးသောက်မဂ္ဂဇင်း၌ ညိုဝင်းဟူသော ကလောင်အမည်ဖြင့် အယ်ဒီတာအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် စာဆိုတော်နေ့ မြန်မာနိုင်ငံ စာရေးဆရာအသင်း ကဗျာပြိုင်ပွဲတွင် "မရေးချင်တော့" ကဗျာဖြင့် ရွှေတံဆိပ်ဆုကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကိုယ်တိုင် ပေးအပ်ချီးမြှင့်ခြင်း ခံရသည်။ ၁၉၅၀-၁၉၅၁ ခုနှစ်တွင် ကြေးမုံမဂ္ဂဇင်း၊ ၁၉၅၂ ခုနှစ်တွင် ကလောင်စုံမဂ္ဂဇင်း၊ ၁၉၅၂-၁၉၅၃ ခုနှစ်တွင် နုယဉ်ပုံနှိပ်တိုက် မန်နေဂျာနှင့် မြဝတီမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ပြန်ကြားရေးညွှန်ကြားရေးဝန်စာရေးဆရာကြီး ဦးဉာဏက ရုပ်ရှင်နှင့် ပြဇာတ်ဌာန၊ ရခိုင်တိုင်းတာဝန်ခံအဖြစ် ခေါ်ယူခန့်ထားခဲ့သည်။ ၁၉၅၆ မှ ၁၉၆၀ ပြည့်နှစ်အထိ ကယားပြည်နယ် လောပိတ ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် အလုပ်သမား သက်သာချောင်ချိရေး အရာရှိအဖြစ် တာဝန်ယူခဲ့သည်။

ဆရာညိုဝင်းသည် အယ်ဒီတာ ဘ၀၊ ဝန်ထမ်းဘ၀ စသည့် ဘ၀မျိုးစုံကို ဖြတ်သန်းခဲ့ရင်း ၁၉၆၀ ပြည့်နှစ်တွင် စာပေလောကသို့ ခြေစုံပစ်ဝင်ရောက်ခဲ့သည်။ ထိုနှစ်မှာပင် ရဲကြေးမုံမဂ္ဂဇင်း၊ မှုခင်းမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ရင်း ပြစ်မှုမဂ္ဂဇင်းကို စတင်မွေးဖွားခဲ့ သည်။ တစ်ဖက်တွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ရင်း ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထုများကို ရေးသားကာ စာပေနယ်အတွင်း ဖြတ်သန်းခဲ့သူလည်းဖြစ်သည်။

၁၉၆၆ ခုနှစ်တွင် မြစာပေတိုက် မန်နေဂျာအဖြစ် ဆောင်ရွက်ရင်း ၁၉۶۷ခုနှစ်၊ အမျိုးသားစာပေ၊ ဝတ္ထုရှည်"မှောင်လွန်းသောညများ" ဖြင့် အမျိုးသားစာပေ ပထမဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထို့နောက် လုံးချင်းဝတ္ထုများကို တစ်လ တစ်အုပ်နှုန်းဖြင့် ရေးသားခဲ့ရာ အုပ်ရေ ၁۶၀ ခန့် ထုတ်ဝေနိုင်ခဲ့သည်။ ၁၉۶۹ ခုနှစ် (၅၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲတွင် သမိုင်းဖြစ်ရပ်မှန် ထာဝရအဓိဋ္ဌာန် ကဗျာရှည် (အဆင့်-၁)ပြိုင်ပွဲ ပထမဆုကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ပခုက္ကူဦးအုန်းဖေ စာပေဆု ဘ၀တစ်သက်တာ စာပေဆုရှင် အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

ရေးသားခဲ့သည့် ဝတ္ထုများ အနက် လှိုင်း၊ သဲသဲမဲမဲ၊ ပြေးမလွတ်၊ သက်ထားရွှေဝါ၊ မွှေးလေပြီဖြစ်သော ချယ်ရီပန်း၊ စိမ်းနှမစန္ဒာ၊ သူ့အလှည့်၊ သစ္စာရင်မှာ ပိုက်ပါလို့ရယ်၊ မောမြေ ဖြင့်ကို သစ္စာဆိုမယ်၊ ကျွန်တော့် ရွှေမင်းသမီး၊ စံပယ်တင်မဲ့နဲ့ မိန်းကလေး စသည့်ဝတ္ထုများစွာကို လည်း ရုပ်ရှင်အဖြစ် ပုံဖော်ရိုက်ကူးခြင်းခံရသည့် စာပေပညာရှင်ကြီး တစ်ဦးလည်းဖြစ်သည်။

စာရေးသက် နှစ်ပေါင်း ၆၀ အတွင်း "ဘ၀ကဗျာများ ကဗျာပေါင်းချုပ်"နှင့် "ဘ၀အမြင် ပတ်ဝန်းကျင်"စသည့် ကဗျာနှစ်အုပ်ကိုလည်း ထုတ်ဝေခဲ့သည်။ ဆရာညိုဝင်းသည် အောက်တိုဘာ ၈ ရက် ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ ကွယ်လွန်ချိန်တွင် အသက် (၉၇ နှစ်) ရှိနေပြီဖြစ်ပြီး အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်ဂုဏသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ကျန်ရစ်သူမိသားစုထံမှ သိရှိရသည်။

နန်းနန်း စုစည်းပေးသည်

ပြည်တွင်းသတင်းတိုတို

ကျောဖုံးမှ

နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ဆွစ်ဇာလန်အသင်းအနေဖြင့် နောက်ဆုံး ယှဉ်ပြိုင်ကစားထားသည့် သုံးပွဲတွင် နိုင်ပွဲ ပျောက်ဆုံးနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဆွစ်ဇာလန်အသင်းသည် ယခု စပိန်အသင်းနှင့် ပွဲစဉ်တွင် နိုင်ပွဲပြန်လည်ရှာတွေ့သွားနိုင်မည်လား စောင့်ကြည့်ရမည် ဖြစ်သည်။ စပိန်အသင်းကလည်း ယခုပွဲစဉ်ကို အနိုင်ရရှိလျှင် ရမှတ် ခုနစ်မှတ် စုဆောင်းနိုင်မည်ဖြစ်ပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်သွားနိုင်မည် ဖြစ်သည့်အတွက် အမှားခံမည်မဟုတ်ပေ။ နိုင်ပွဲရှာတွေ့ရန် ကြိုးစားသွားမည့် ဆွစ်ဇာလန်အသင်းနှင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားနိုင်ရန် ကြိုးစားသွားမည့် စပိန်အသင်းတို့၏ ပွဲစဉ်သည် ကြည့်ရှုသူပရိသတ် အကြိုက်တွေ့စေမည်မှာ မလွဲပေ။

ယူကရိန်းနှင့် ဂျာမနီ နှစ်သင်းသည် နေးရှင်းလိဂ် ပြိုင်ပွဲတွင် နှစ်ပွဲစီ ယှဉ်ပြိုင်ကစားထားသည်။ ယူကရိန်းအသင်းက ဆွစ်ဇာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး စပိန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည့်အတွက် ရမှတ်သုံးမှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ သို့သော်လည်း ယူကရိန်းအသင်း၏ ခြေစွမ်းသည် ယခုပွဲစဉ်မတိုင်မီ ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲတွင် ခုနစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်ကို ကြည့်ခြင်းအားဖြင့် ခြေစွမ်းကျဆင်းနေသည်ကို သတိပြုရပေမည်။ ၎င်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဂျာမနီအသင်းက စပိန်အသင်းနှင့် ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျထားပြီး ဆွစ်ဇာလန်အသင်းနှင့် ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျထားသည့်အတွက် ရမှတ် နှစ်မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။

ထို့အပြင် ယခုပွဲစဉ်မတိုင်မီ တူရကီအသင်းနှင့် ခြေစမ်းပွဲတွင်လည်း တစ်ဖက်သုံးဂိုးစီ သရေကျထားသည့်အတွက် ဂျာမနီအသင်း၏ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် သုံးပွဲကို ကြည့်လျှင် နိုင်ပွဲပျောက်ဆုံးနေသည်ကို သတိပြုရပေမည်။

ထို့ကြောင့် ဂျာမနီအသင်းအနေဖြင့် ယခုအကြိမ် တွေ့ဆုံနေသည့် ယူကရိန်းအသင်းကို အနိုင်ရရှိရန် ကြိုးစားသွားဖွယ် ရှိနေသည့်အတွက် ပွဲကောင်းတစ်ပွဲ ဖြစ်လာမည်မှာ မလွဲပေ။ တစ်ဖန် ယူကရိန်းအသင်းနှင့် စပိန်အသင်းတို့ ခြေစမ်းပွဲအပါအဝင် ထိပ်တိုက်တွေ့ဆုံမှု ခြောက်ကြိမ်တွင် ဂျာမနီအသင်းက အသာရထားပြီး သုံးကြိမ်နိုင်၊ သုံးကြိမ် သရေကျထားသည်။ ယခုအကြိမ် တွေ့ဆုံမှုတွင် ဂျာမနီအသင်းအနေဖြင့် အစဉ်အလာအရ ယူကရိန်းအသင်းကို အနိုင်ရရှိသွားမည်လား၊ ယူကရိန်းအသင်းအနေဖြင့် ဂျာမနီအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလားကို ချိုးဖျက်ပြီး နိုင်ပွဲ ရယူသွားနိုင်မည်လား စောင့်ကြည့်ရမည် ဖြစ်သည်။

အောင်ဇော်

ညောင်တုန်းမြို့တွင် ဂက်စ်ပိုက်လိုင်းပေါက်ထွက်ရာမှ မီးလောင်မှုဖြစ်

ညောင်တုန်း အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကညင်ကောက်ကြီးကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ ရန်ကုန်-ပုသိမ် ကားလမ်းမဘေး မိုင်တိုင် (၃၃/၄)နှင့် (၃၃/၅) ကြားတွင် ဂက်စ်ပိုက်လိုင်းပေါက်ထွက်ရာမှ အောက်တိုဘာ ၉ ရက် နံနက် ၂ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အမှတ်(၂) ရေနံနှင့် သဘာဝဓာတ်ငွေ့စက်ရုံ ညောင်တုန်းမှ ကန်ကြီးထောင့်သို့ သွယ်တန်းထားသော ဂက်စ်ပိုက်လိုင်းပေါက်၍ အနီးရှိ ကုက္ကိုပင်ကို မီးလောင်ရာမှ တစ်ဆင့် ဦးကတုံး၏ နွားတင်းကုပ်နှင့် ဦးဇော်လင်း၏ နေအိမ်တစ်လုံး မီးကူးစက်လောင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းသူ ဦးဆောင်၍ မီးသတ်တပ်အဖွဲ့ဝင် ၁၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်ငါးဦးနှင့်အတူ မီးငြှိမ်းသတ်ယာဉ် နှစ်စီးဖြင့် ဝိုင်းဝန်းမီးငြှိမ်းသတ်ရာ နံနက် ၃ နာရီ ၂၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူ အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦးရှိပြီး စိုးရိမ်ရသည့် အမျိုးသားသုံးဦးကို မအူပင်ခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း၊ ကျန်ဒဏ်ရာရရှိသူများမှာ ညောင်တုန်း ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

တမူး၊ ပြင်ဦးလွင်၊ တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက တမူးမြို့နယ် နန်းမွန်းတားကျေးရွာအနီး တမူး-ကလေးသွားကားလမ်းတွင် ဆေးခိုလင်း မောင်းနှင်ပြီး ဆယ်မင်းထန် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း။

အလားတူ အောက်တိုဘာ ၈ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၆)တွင် စောနောင်ဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် တာလေမြို့ နားယောင်းကျေးရွာအုပ်စု ကျတားကျေးရွာအနီးရှိ မနာခါး၏ တောင်ယာတဲသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် ဘိန်းစိမ်း ၀ ဒသမ ၂ ကီလိုတို့ကို လည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ကျတားကျေးရွာအနီးရှိ ကျအေ၏ တောင်ယာတဲကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ နှင့် ဘိန်းစိမ်း ၀ ဒသမ ၀၆၅ ကီလိုတို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

စာမျက်နှာ ၂၂ မှ

၂၉၃	13003.311.5.2.22	Myanmar Recycles	၉	၆၃၂,၀၀၀.၀၀
၂၉၄	13008.313.1.2.32	VSK	၉၄	၇,၃၄၅,၀၀၀.၀၀
၂၉၅	13008.313.1.2.504	Star World Plastic Factory	၁၃၂	၇,၂၈၆,၄၀၀.၀၀
၂၉၆	13008.313.2.2.4	Yuan Rong Shoes	၁၅၀	၈,၆၄၁,၉၂၀.၀၀
၂၉၇	13008.313.2.2.43	In House	၂၀၂	၁၁,၅၈၃,၃၆၀.၀၀
၂၉၈	13008.313.2.2.169	TIAN YU INTERNATIONAL CO.,LTD	၁,၅၂၂	၈၇,၉၈၈,၈၀၀.၀၀
၂၉၉	13008.313.2.2.192	မြန်မာဟွားရီအထည်ချုပ်	၈၈၄	၅၀,၆၄၈,၀၈၀.၀၀
၃၀၀	13008.313.3.2.124	Kouwa Myanmar (အထည်ချုပ်စက်ရုံ)	၈၂	၅,၆၀၆,၈၆၆.၆၇
၃၀၁	13008.313.4.2.20	Kubota	၇၉	၆,၄၄၉,၁၄၄.၀၀
၃၀၂	13008.313.4.2.21	Golden Tri Light Myanmar	၄၈၉	၂၈,၂၃၃,၆၀၀.၀၀
၃၀၃	13008.313.5.2.57	TIAN JIN FASHION ORIGIN	၄၇၇	၂၆,၀၀၉,၂၈၀.၀၀
၃၀၄	13008.313.5.2.123	Myanmar DECO-TBSP Special Product	၆၄	၄,၃၇၆,၀၀၀.၀၀
၃၀၅	13008.313.6.2.2	Myanmar Full Win	၃၆၀	၂၀,၃၈၀,၆၄၀.၀၀
၃၀၆	13008.313.6.2.187	Kouwa Myanmar (အိတ်ချုပ်စက်ရုံ)	၁၉၃	၁၁,၆၂၇,၂၀၀.၀၀
၃၀၇	13008.313.7.2.77	ENATIC Automative Co.,Ltd	၃၇	၄,၃၄၄,၀၀၀.၀၀
၃၀၈	13008.313.7.2.124	Myanmar Rong Wei Co.,Ltd.	၂၃	၁,၂၄၆,၀၈၀.၀၀
၃၀၉	13008.313.7.2.143	HANBOOM (MYANMAR) GARMENT Co.,Ltd	၉၆၉	၄၇,၅၃၃,၀၉၈.၀၀
၃၁၀	13008.313.7.2.150	TIAN CHENG SHOES CO.,Ltd	၂၇၁	၁၅,၆၈၁,၆၀၀.၀၀
၃၁၁	13008.313.8.2.36	Ka Hung(Myanmar) Leather Glove Co.,Ltd	၁၃၆	၆,၉၇၂,၂၄၀.၀၀
၃၁၂	13008.313.8.2.70	DISHANG GROUP MYANMAR CO.,Ltd.	၂၂	၁,၇၆၆,၄၀၀.၀၀
၃၁၃	13023.314.6.2.12	Suzuki Thilawa Motor Co., Ltd.	၂၂၇	၂၁,၄၃၉,၂၈၀.၀၀
		စုစုပေါင်း	**၃၃,၈၀၂**	**၂,၃၆၂,၇၃၃,၆၁၄.၇၁**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့ အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်း(၂၄)ခုနှင့် ပစ္စည်း တင်ဒါလုပ်ငန်း (၉)ခုတို့အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူကြောင်း အောက်ပါအစီအစဉ်အတိုင်း ဖိတ်ခေါ် အပ်ပါသည်။

တင်ဒါအဆိုပြုလွှာ ရောင်းချမည့် ရက်/အချိန်	- ၁၄-၁၀-၂၀၂၀ ရက် နံနက် ၉:၃၀နာရီမှ ရုံးချိန်အတွင်း
တင်ဒါအဆိုပြုလွှာ ပိတ်မည့်ရက်	- ၂၈-၁၀-၂၀၂၀ရက် ညနေ ၄:၃၀ နာရီ
အိတ်ဖွင့်တင်ဒါ(ပစ္စည်း)ဖွင့်မည့် ရက်/ အချိန်	- ၆-၁၁-၂၀၂၀ရက် နံနက် ၉:၃၀နာရီ
အိတ်ဖွင့်တင်ဒါ(လုပ်ငန်း)တင်ဒါဖွင့်မည့် ရက်/နေရာ	- ၁၆-၁၁-၂၀၂၀ရက် နံနက် ၉:၃၀နာရီ အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့

၂။ တင်ဒါလျှောက်လွှာ ပုံစံနှင့် စည်းကမ်းချက်များကို အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ အုတ်ဖိုမြို့ တင်ဒါလျှောက်လွှာ ပုံစံနှင့် စည်းကမ်းချက်များကို အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၁၄-၁၀-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့
ဖုန်း-၀၅၃-၈၀၀၀၅
၀၉-၆၉၉၄၄၂၇၇
၀၉-၄၂၃၆၉၆၃၇၁
၀၉-၂၆၃၇၄၁၀၀၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ဘီးလင်းမြို့နယ်တရားရုံး၌ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၀၀

ဒေါ်တင်ရီ	နှင့်	ဒေါ်သင်းစံပယ်လှိုင်
တရားလို		**တရားပြိုင်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်(၈)၊ အဝေးပြေးလမ်းမနေ ဒေါ်သင်းစံပယ်လှိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်ရီက ငွေကျပ် (၁၀၀၀၀၀၀၀/)ကျပ် ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၈ရက် (၁၃၈၂ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ယဉ်မွန်စိုး)
မြို့နယ်တရားသူကြီး
ဘီးလင်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀) ဘီးလင်းမြို့နယ်တရားရုံး၌ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၉၉

ဒေါ်ခင်ဖြူ	နှင့်	ဒေါ်သင်းစံပယ်လှိုင်
တရားလို		**တရားပြိုင်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်(၈)၊ အဝေးပြေးလမ်းမနေ ဒေါ်သင်းစံပယ်လှိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်ခင်ဖြူက ငွေကျပ် (၆၅၀၀၀၀၀၀/-)ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၈ရက် (၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ယဉ်မွန်စိုး)
မြို့နယ်တရားသူကြီး
ဘီးလင်းမြို့နယ်တရားရုံး

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအေရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှူကော်မတီ

အစုရှယ်ယာလျှော့ချခြင်းကြေညာချက်

Essential Winner Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ် (101640272) (9-10-2020) တွင် ကျင်းပသည့် အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိမတည်ငွေရင်း ပမာဏ ကျပ်(51,000,000)မှ ယခုမတည်ငွေရင်း ပမာဏ ကျပ်(5,000,000)သို့ လျှော့ချလိုက်ကြောင်း အတည်ပြုဆုံးဖြတ်လိုက်ခြင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Essential Winner Co.,Ltd

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့) ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း ၁၃၈၂ ခုနှစ် တော်သလင်းလပြည့်ကျော် (၆) ရက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ (၇)ရက်

၁။ ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော လုပ်ငန်းသုံးပစ္စည်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာ(ကျပ်)ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူကြောင်း ဖိတ်ခေါ် အပ်ပါသည်-

(က) **တင်ဒါအဆိုပြုလွှာ ရောင်းချမည့်ရက်** (ပစ္စည်း+လုပ်ငန်းတင်ဒါ)	- ၁၂-၁၀-၂၀၂၀ ရက် (တနလာနေ့) နံနက် ၁၀ နာရီ
(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** (ပစ္စည်း+လုပ်ငန်းတင်ဒါ)	- ၂၆-၁၀-၂၀၂၀ရက်(တနလာနေ့) ညနေ ၄ နာရီ
(ဂ) **ပစ္စည်းတင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်**	- ၂၆-၁၀-၂၀၂၀ရက်(တနလာနေ့) ညနေ ၄နာရီ
(ဃ) **ပစ္စည်းတင်ဒါဖွင့်လှစ်မည့်ရက်**	- ၆-၁၁-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁၀ နာရီ
(င) **လုပ်ငန်းတင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်**	- ၄-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ
(စ) **လုပ်ငန်းတင်ဒါဖွင့်လှစ်မည့်ရက်**	- ၁၇-၁၁- ၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီ
(ဆ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ**	- မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကဝမြို့

၂။ တင်ဒါလျှောက်လွှာ ပုံစံနှင့် စည်းကမ်းချက်များကို ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန် အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ အောက်ဖော်ပြပါ ဖုန်းနံပါတ် များသို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ဒေါ်အုန်းသစ်၊ အမှုဆောင်အရာရှိ	၀၉-၄၂၉၄၃၇၇၂
(ခ) ဦးတင့်လွင်၊ ဥက္ကဋ္ဌ စည်ပင်ကော်မတီ	၀၉-၉၇၃၃၀၀၃၆၃
(ဂ) ဦးနိုင်လင်းဦး၊ လက်ထောက်အင်ဂျင်	၀၉-၅၃၀၂၁၅၈

ဥက္ကဋ္ဌ
တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀) ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၇၁

ဒေါ်အိသန္တာအောင်	နှင့်	ဦးတင်ဝင်း
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၁၀၁၃)နေ ဦးတင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၂ ရက် (၁၃၈၂ ခုနှစ် သီတင်းကျွတ်လဆန်း(၆) ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဝဏ္ဏ)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်နန်းလှိုင်လှိုင်မြင့် (မလေး၊ အမက-ခလာဒေး)လှိုင်ဘွဲ့မြို့နယ် နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ် ၃/ဘအန(နိုင်)၂၆၈၇၃၈၄နှင့် ဒေါ်နန်းပန်းဝါ အထပြ၊ အထက-နောင်လုံ) ဘားအံမြို့နယ် ၃/ဘအန(နိုင်)၂၉၀၈၀၇တို့၏ ဖခင်အမည်မှန်မှာ (ဦးဖလဲ (ခ) ဦးဖလယ်) သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးဖလဲ(ခ)ဦးဖလယ်

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ပေါင်းလောင်း-၃၊ ဇေယျာ(၀၁သမ၁၁၀)ကေရို ဦးလှပြိမ်း အမည်ပေါက် ပါမစ်မြေကွက်အမှတ်(M-133,M-134)တို့အား ဦးထွန်းထွန်းလွင် ၁၂/လသန(နိုင်)၀၀၁၈၅၅၊ ဦးမြင့်ထွန်း(၁)ဌနိအင်ကွန် ၁၂/လသန(နိုင်)၀၀၁၉၉၈၊ ဦးမင်းစော် ၁၂/ပဘတ(နိုင်)၀၁၇၉၂၀ နှင့် ဦးသုရဏထွန်း ၁၂/လမတ(နိုင်)၀၀၂၄၇၇ တို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၁၀၀/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ညီညီနွယ်း ၁၀/မဒန(နိုင်)၀၉၈၄၁၅ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျွမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့်တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရာရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစမ်ကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

ကြီးမြန်
သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်
လည်းရ
ပြည်လည်း
လှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
အဆောက်အအုံများဆောက်လုပ်ရန်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်(၆/၂၀၂၀-၂၀၂၁)

၁။ သစ်တောဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်၊ ဧရေယျာ သီရိမြို့နယ် သစ်တောသုတေသနဌာနတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ရေငွေ့ထိန်းအိမ်(Green House)ဆောက်လုပ်ခြင်း (၃၀'x၅၅'x၁၂')RC	(၁)လုံး
(ခ)	ပညာပေးပြခန်းတည်ဆောက်ခြင်း (၅၀'x၂၀'x၁၂')RC	(၁)လုံး
(ဂ)	ဂါလန်(၅၀၀၀)ဆံ့Steel Overhead Tank (၁၈'x၁၃'x၂၀')	(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း ပေးသွင်းရန်ဖြစ်ပါသည်-

(က)	**တင်ဒါလျှောက်လွှာယူရန်**	- ၁၂-၁၀-၂၀၂၀ရက်မှ၁၁-၁၁-၂၀၂၀ ရက်ထိ
(ခ)	**တင်ဒါတင်သွင်းရန်**	- ၁၂-၁၁-၂၀၂၀ ရက် ၊၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တစ်စောင်လျှင် ၅၀၀၀၀/- နှုန်းဖြင့် အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

သစ်တောဦးစီးဌာန
ရုံးအမှတ်(၃၉)၊နေပြည်တော်
ဖုန်း-၀၆၇-၃၄၀၅၀၀

အစည်းအဝေးအကြောင်းကြားခြင်း

Sensation Link Myanmar Co.,Ltd.သည် အစုရှယ်ယာမတည်ရင်းနှီးငွေ လျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူရန် အစည်းအဝေးတစ်ရပ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်ရက်	-	၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်
အစည်းအဝေးကျင်းပမည့်အချိန်	-	နံနက် ၁၀:၃၀ နာရီ
အစည်းအဝေးကျင်းပမည့်နေရာ	-	ကုမ္ပဏီရုံးခန်း

ဒါရိုက်တာအဖွဲ့
Sensation Link Myanmar Co.,Ltd.

မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ Reliance Empress Co.,Ltd သည် အစုရှယ်ယာ မတည် ရင်းနှီးငွေအား ကျပ်သိန်း (၁၀၀၀) မှ ကျပ် သိန်း (၂၀၀) သို့ လျှော့ချသွားမည်ဖြစ် ပါကြောင်း ကြေညာ အပ်ပါသည်။

Reliance Empress Co.,Ltd

လမ်းဦးစီးဌာန၊ ဖလမ်းခရိုင်၊ ချင်းပြည်နယ် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဖလမ်းခရိုင် လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများ အတွက် လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန်	-	၂၈-၉-၂၀၂၀ရက်မှ ၁၆-၁၀-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန်	-	၂၁-၁၀-၂၀၂၀ရက်မှ ၂၂-၁၀-၂၀၂၀ရက် အထိ ရုံးချိန်အတွင်း
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်	-	၁၂-၁၁-၂၀၂၀ရက်၊ ရုံးချိန်အတွင်း
တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ	-	ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၀-၄၀၀၅၈၊ ၀၉-၉၅၇၇၉၉၀၀၀

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့် Lot (၃)ခုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့် Lot (၁၉)ခု စုစုပေါင်း Lot (၂၂)ခုတို့ကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၀-၁၀-၂၀၂၀ရက်မှ ၉-၁၁-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန် - ၁၀-၁၁-၂၀၂၀ရက် (ရုံးချိန်အတွင်း)

တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်၊ အချိန် - ထပ်မံကြေညာပါမည်။

တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန
လမ်း (၃၀)၊ (၇၀x၇၁)လမ်းကြား၊ မန္တလေး
တိုင်းဒေသကြီး၊ မန္တလေးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့
ဖုန်း-၀၂-၄၀၆၀၂၆၃
၀၉-၄၀၂၆၇၃၇၈၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)တွင် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)ရုံး အဆောက်အအုံ အလျားစ၀'xအနံ ၄၀' အမြင့် ၂၃' နှစ်ထပ်သံကူးကွန်က ရစ်အဆောက်အအုံသစ်တည်ဆောက်ခြင်းလုပ်ငန်း။
- (က) (80'-0"x40'-0") Tow Storey R.C.C Main building
- (ခ) Apron and Drain
- (ဂ) Box Culvert (2 Nos)
- (ဃ) Construction of Drain
- (c) Construction of Road Kerb
- (စ) 8" Thk Concrete Road
- (ဆ) Electrical Installation
- (ဇ) Internal Water Supply
- (စျ) External Sewer Line & Manhole
- (ဉ) Septic Tank
- (ဋ) 4" Ø Tube Well
- (ဌ) 3000 Gallons Ground Tank
- (ဍ) (6'-0"x3'-0"x3'-6") Pump House
- (ဎ) Pumping Main

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၂၀ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၁၃-၁၁-၂၀၂၀ရက် ညနေ ၄:၀၀နာရီ

၄။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးဦးစီးမှူးရုံး (ရန်ကုန်)၊ ဖုန်း-၀၉-၅၀၀၂၉၂၆၊ ၀၉-၄၅၅၇၇၇၈၈ဖြင့်နှင့် ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) ဖုန်း-၀၉-၄၃၁၁၈၄၀၊ ၀၉-၅၀၅၉၂၉ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)တွင် တင်ဒါပုံစံများ ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ (၁၃)လမ်း၊ (c)ရပ်ကွက်၊ အမှတ် (၆၄၁)၊ မြေအကျယ် (၈၀ x ၄၀x ၀၆၀) ဒေါ်နော်ငွေ (B.G.E ၁၉၅၂ခု) အမည်ပေါက်ပိုင်ဆိုင်သော နှစ် ၆၀ ဂရန်မြေအား ဒေါ်နော်ငွေ (B.G.E ၁၉၅၂ခု)မှ (၀၀ x၀၀ ၆၀)အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နော်တာမလာဖော ၁၂/ဥကမ(နိုင်)၀၀၄၂၅၈သို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်ထားပါသဖြင့် ဒေါ်နော်ငွေမှ ထိုမြေ၏ (၀၀ x၀x၀၀၆)အား ပိုင်ဆိုင်ပြီး ကျွန်ုပ်ရှိသော မြေ (၀၀x၀x၀၆)မှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်နော်တာမလာဖောမှ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်နော်တာမလာဖော၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထရိုင်ထွန်း (အထက်တန်းရှေ့နေ၊ စဉ်-၅၂၁၀၃)
အမှတ် (၁)၊ ခေမာသီလမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၅၂၂၀၈၄၆၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်မြို့ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

လုပ်ငန်းတည်နေရာ	စဉ်	လုပ်ငန်းအမည်
ရန်ကုန်တက္ကသိုလ်	၁	ရိုးမရိပ်သာ၊ (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာ (RCC) (၉၈'x၆၄') အဆောက်အအုံတွင် ပြင်ပရေသန့်နှင့် ပြင်ပလျှပ်စစ်လုပ်ငန်း
	၂	ရန်ကုန်တက္ကသိုလ်၊ ICT Infrastructure နှင့် ဆက်စပ်လုပ်ငန်းများ
	၃	ရူပဗေဒဌာန လက်တွေ့ခန်းများ အဆင့်မြှင့် ပြင်ဆင်ခြင်း (၂)ခန်း
	၄	ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန လက်တွေ့ခန်းများ အဆင့်မြှင့်ပြင်ဆင်ခြင်း (၃ခန်း)
	၅	ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒဌာန လက်တွေ့ခန်းများ အဆင့်မြှင့်ပြင်ဆင်ခြင်း (၂ခန်း)
	၆	ရန်ကုန်တက္ကသိုလ်၊ URC ဌာန လက်တွေ့ခန်းများ အဆင့်မြှင့်ပြင်ဆင်ခြင်း (၂ခန်း)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၂-၁၀-၂၀၂၀ ရက်မှစတင်၍ Online စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၁၁-၂၀၂၀ရက်၊ ၁၆:၃၀နာရီ နောက်ဆုံးထား၍ ရန်ကုန်တက္ကသိုလ်၊ အင်ဂျင်နီယာဌာနတွင် တင်သွင်းရမည်ဖြစ်ပါ သည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်း အတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့် တင်ဒါတင်သွင်းရမည့် ရန်ကုန်တက္ကသိုလ်၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့် တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့်လုပ်ငန်းအမျိုးအစားတစ်ခုစီအတွက် တင်ဒါအာမခံကြေးကို သီးခြားစီပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့် တစ်ခုချင်းစီ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါအား Online စနစ်ဖြင့်ရောင်းချရန် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို www.uy.edu-mm တွင် ဖော်ပြထားမည်ဖြစ်ပြီး အခြားသိရှိလိုသောအချက်များအား ဖုန်း-၀၉-၆၉၀၈၂၉၂၆၊ ၀၁-၇၅၃၄၄၈၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၀-၂၀၂၁)

၁။ ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၄)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ ရွှေဘိုမြို့မှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းခွင်အရောက်ပေးသွင်းရန် စိတ်ဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန် - ၁၂-၁၀-၂၀၂၀ရက်မှ ၄-၁၁-၂၀၂၀ရက်ထိ (ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊တည်ဆောက်ရေး(၄)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရွှေဘိုမြို့

တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် - ၆-၁၁-၂၀၂၀ရက်၊ ၁۔:၃၀နာရီ

တင်ဒါလျှောက်လွှာပေးသွင်းရမည့် နေရာ - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့။

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - တင်ဒါတင်သွင်းသူများသို့ ဌာနမှ ဆက်သွယ် အကြောင်းကြားပါမည်။

၂။ တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၄)၊ ရွှေဘိုမြို့၊ ဖုန်း-၀၇၅-၂၁၀၈၇၊ လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး (၄)၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၁၂၅၅နှင့် လက်ထောက်ညွှန်ကြားရေးမှူး (၃) ရုံး၊ တည်ဆောက်ရေး (၄)၊ ကလေးမြို့၊ ဖုန်း-၀၇၃-၂၁၅၄၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

အစုရှယ်ယာလျှော့ချခြင်းကြေညာချက်

